**ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်**

# ပြည်သူ့အာဏာ

## ဂျာနယ်


| | |
|---|---|
| စာတည်းအဖွဲ့အစီရင်ခံစာ .......... | ၁ |
| ထုတ်ပြန်ချက်များ .......... | ၂ |
| ပြောစရာကိစ္စ ၂ ခု .......... | ၁၀ |
| ၁၇ နှစ် နောက်ကျသွားတဲ့ အရောင်တော်လှန်ရေး .......... | ၁၂ |
| လမ်းပြမြေပုံ **RM** ရဲ့ နိုင်ငံရေးအဓိပ္ပာယ် .......... | ၁၄ |
| တပ်မတော်ပြုပြင်ရေးလှုပ်ရှားမှု **(RAM)** .......... | ၁၆ |
| ခေတ်မီစစ်ပွဲဆင်နွှဲနိုင်တဲ့စွမ်းရည် ချို့တဲ့နေတဲ့ နအဖ တပ်မတော် .......... | ၁၈ |
| သမိုင်းနိဂုံးချုပ်မချုပ်ကိစ္စ .......... | ၂၀ |
| ကွန်မြူနစ်ကြေညာစာတမ်း ထုတ်ဝေခြင်း နှစ် ၁၆၀ မြောက် .......... | ၂၂ |
| ကွန်မြူနစ်ကြေညာစာတမ်း .......... | ၂၆ |
| ၂၀၀၇ စက်တင်ဘာ ရဟန်းရှင်လူပြည်သူလူထုအုံကြွမှု .......... | ၂၇ |
| အနှစ် ၉၀ မြောက် မဟာအောက်တိုဘာတော်လှန်ရေးနေ့ .......... | ၃၀ |
| စာအုပ်တအုပ်က မီးမောင်းထိုးပြတဲ့ ဝဒေသ .......... | ၃၃ |
| ဇာစနစ်တိုက်ပွဲထဲက အမျိုးသမီးကဗျာဆရာ .......... | ၃၆ |
| သတင်းနဲ့မှတ်ချက် .......... | ၃၈ |
| ပြည်တွင်းသတင်းသုံးသပ်ချက် .......... | ၄၃ |



**အမှတ် (၂၉)**

**ဒီဇင်ဘာ၊ ၂၀၀၇ ခုနှစ်။**

**ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်**

# ပြည်သူ့အာဏာ

## ဂျာနယ်

အမှတ် (၂၉)

ဒီဇင်ဘာ၊ ၂၀၀၇ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်

# စာတည်းအဖွဲ့အစီရင်ခံစာ

အမှတ် (၂၉) ဒီဇင်ဘာ၊ ၂၀၀၇

(၁) RM အဆင့် (၄) (ဆန္ဒခံယူပွဲ) အတွက် (နအဖ) က ပြင်နေသည်။ မိမိတို့လည်း အခုကတည်းက ပြင်ကြရပါမည်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်အောင်ကြည် 'စကားပြောပွဲ' တခုတည်းအပေါ်မှာ ပုံထားလို့ မရပါ။ DASSK က 'စကားပြောပွဲ' လက်ခံစဉ်ကပင် အဓိပ္ပာယ်ရှိရှိ၊ အချိန်သတ်မှတ်ချက်ရှိရှိ စကားပြောမည်ဟု ဆိုထားပါသည်။ နအဖ အခုတလောလုပ်နေတာကြည့်လျှင် 'စကားပြောပွဲ' ကို အတောမသတ် အချိန်ဆွဲလုပ်နေပြီး တဖက်က (ဆန္ဒခံယူပွဲ) အတွက် ပြင်နေတာ ဖြစ်သည်။ ပြင်တာမှ ဒေါင့်စေ့အောင် ပြင်သည်။ ယိုပေါက်ဟာပေါက်မရှိအောင် ပြင်နေသည်။

နအဖ ပြောနေသည့် 'ပြည်တွင်းမှာပဲ ပြဿနာအဖြေရှာမည်' ဟူသောအဓိပ္ပာယ်မှာ ဆန္ဒခံယူပွဲ (RM) အဆင့် (၄) ကို ရည်ရွယ်ပြီး ပြောနေတာ ဖြစ်သည်။ ၁၉၉၀ ရွေးကောက်ပွဲ သင်ခန်းစာထုတ်ယူထားပြီး တပ်မတော် အတွင်းမှာသာမက အုပ်ချုပ်ရေးယန္တရားအတွင်းမှာလည်းပြင်တာ တွေ့ရပါသည်။ စစ်ရပ်စဲထားသည့်အဖွဲ့ (သူတို့လည်း လက်နက်ကိုင်ထားတာ အာဏာကိုင်ထားတာ ဖြစ်သည်) တွေကိုလည်း ပြင်သည်။ ဗမာပြည်၏ ရွေးကောက်ပွဲ အစဉ်အလာအရဆိုလျှင် လက်နက်ကိုင်တပ်က ဘက်မလိုက်ဘဲ ကြားနေကြမှ လူထုက 'အသဲကြားက မဲတပြား' ကို ပေးနိုင်ကြတာ ဖြစ်သည်။

ဒါ့ကြောင့် ဘယ်သူ့ကိုမှ မကြောက်ရဘဲ မဲထည့်နိုင်ကြဖို့ တပ်မတော်နဲ့ လနက တပ်များကို စည်းရုံးတာ လုပ်ကြရပါမည်။ ဒါကို NLD က (ပိုပြီး) လုပ်နိုင်ပါသည်။ DASSK ရဲ့ စကားပြောပွဲကိုပဲ မျှော်နေလို့ မရပါ။ နအဖ က de facto အာဏာလက်တွေ့ရနေတာကို အသုံးချပြီး စိတ်ဓာတ်စစ်ဆင်ရေးပရိယာယ်ကို လုပ်နေတာ ဖြစ်ပါသည်။ 'ဆန္ဒခံယူပွဲ' ကို ဘယ်တော့လုပ်မလဲ၊ ဘယ်လိုလုပ်မလဲဆိုတာ သူတို့ပဲ ဆုံးဖြတ်မှာ ဖြစ်သည်။ 'ဆန္ဒခံယူပွဲ' တွင် မဲဆန္ဒ ၅၀ ရာခိုင်နှုန်းကျော်ရအောင် သူတို့က အာဏာစက်နဲ့ လုပ်ကြမှာ ဖြစ်သည်။ 'ဆန္ဒခံယူပွဲ' မှာ သူတို့ စိတ်ကြိုက်ရသွားလျှင် 'စကားပြောပွဲ' ကို တဖက်သတ်ရပ်ပစ်လိုက်မှာ ဖြစ်သည်။ 'အခြေခံဥပဒေ' အတည်ပြုပြီးပြီ။ NLD ဘယ်လမ်းရွေးမလဲ အကျပ်ကိုင်လာတော့မှာ ဖြစ်သည်။

'အခြေခံဥပဒေ' အတည်ဖြစ်သွားလျှင် NLD ၏ လုပ်ကွက် သိပ်ကျဉ်းပါလိမ့်မည်။ နိုင်ငံတကာ့ အသိုင်းအဝိုင်းဆိုတာကလည်း ဘာမှတတ်နိုင်တာ မဟုတ်ပါ။ စိုင်ရှင် (ပြဒ်ဒဏ်ခတ်ပိတ်ဆို့) လုပ်တာကို စစ်အုပ်စု မကြောက်ပါ။ ASEAN၊ တရုတ်၊ အိန္ဒိယ စတဲ့ အိမ်နီးချင်းတွေကလည်း စစ်အစိုးရကို ချော့ပေါင်းလျှော့ပေါင်းနေကြမှာ ဖြစ်သည်။

(၂) မိမိတို့ ဘာတွေပြင်ကြမလဲ။ အတွေးအခေါ်အရ၊ စည်းရုံးရေးအရ ပြင်ရမည်။ အခုကတည်းက စပြီးပြင်ရပါမည်။ လော်ဘီလမ်းစဉ် ပြည်ပမှာ လုပ်ချင်လုပ်ပါ။ ပြည်တွင်းလူထုကို လော်ဘီ (စည်းရုံးထောက်ခံအောင် လုပ်တာ) လုပ်ဖို့က ပိုအရေးကြီးပါသည်။ 'ဆန္ဒခံယူပွဲ' မှာ မဲပေးကြမှာက သူတို့ပဲ ဖြစ်ပါသည်။ 'အသဲကြားကမဲတပြား' 'အသံတိတ်ဆန္ဒပြပွဲ' ကို သူတို့ပဲ လုပ်ကြမှာ ဖြစ်ပါသည်။

၈၈ မျိုးဆက်ကျောင်းသားများ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ကလေး ရတုန်းက 'အခြေခံဥပဒေ' နဲ့ 'ဆန္ဒခံယူပွဲ' အကြောင်း နည်းနည်းပြောတာ ကြားလိုက်ရပါသည်။ အဲဒီလိုပြောတာကို ၂၁ မျိုးဆက် ကျောင်းသားများက ဆက်ခံတိုးချဲ့စေချင်ပါသည်။

ပြောင်ပြောင်ပြောပြောစည်းရုံးတာ မလုပ်နိုင်လျှင် လျှို့ဝှက်ဟောပြောစည်းရုံးတာ လုပ်ရပါမည်။ ၅/၉၆ ကို ရှောင်နေလျှင်တော့ ဘာမှလုပ်နိုင်မှာ မဟုတ်ပါ။ နအဖ သန်းရွှေတို့ဟာ စစ်အုပ်စုအဆက်ဆက်မှာ အောက်သက်ကျခဲ့သူတွေ ဖြစ်သည်။ ဒါကြောင့် O/G မလုပ်နိုင်လျှင် U/G လုပ်ရပါမည်။

RM အဆင့် (၄) ကို အသံတိတ် လူထုဆန္ဒပြပွဲကြီးဖြစ်အောင် ပြောင်းလဲဖို့ အားလုံးက ဝိုင်းဝန်းကြစေချင်ပါသည်။ ။

## ‘ဒီမိုကရေစီရှေ့ဆောင်များ ခေါင်းဆောင်မှုပေးဖို့ အချိန်တန်ပြီ’
## ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်
## (အမှတ် ၁/၂၀၀၇)
## ၂၂ – ၇ – ၂၀၀၇

(၁) အများသတိထားစောင့်ကြည့်နေတဲ့ “အမျိုးသားညီလာခံ” ဆိုတာရဲ့ဥက္ကဋ္ဌ ဗိုလ်သိန်းစိန်မိန့်ခွန်း ထွက်လာပါပြီ။ ဘာမှ အသစ်အဆန်း ပါမလာပါ။ စစ်အုပ်စုအနေနဲ့ တဇွတ်ထိုး သူ့လမ်းသူလျှောက်တော့မှာပါ။

(၂) နိုင်ငံရေးအဖွဲ့အစည်းတွေ ဘာလုပ်ကြမလဲ။ လုပ်စရာက လမ်း ၂ သွယ်ပဲ ရှိပါတယ်။ တလမ်းက စစ်အုပ်စုကို ချော့ပေါင်း လျှော့ပေါင်းတဲ့ လမ်းစဉ်နဲ့ နောက်တလမ်းက စစ်အုပ်စုကို ဖွင့်ချဆန့်ကျင်တဲ့လမ်း ဖြစ်ပါတယ်။

- ချော့ပေါင်း လျှော့ပေါင်းတဲ့လမ်းစဉ်က အလုပ်မဖြစ်ခဲ့ပါဘူး။ ရလေလိုလေ အိုတစ္ဆေဖြစ်ပြီး ‘စစ်အာဏာရှင်စနစ်’ ဗမာပြည်မှာ အမြစ်တွယ်တာပဲ အဖတ်တင်ခဲ့ပါတယ်။ အခု ထပ်ပြီး ချော့ကြ၊ လျှော့ကြမယ်ဆိုရင်တော့ ၂၁ ရာစုဟာ စစ်အုပ်စုရဲ့ရာစု ဖြစ်သွားပါလိမ့်မယ်။
- ဖွင့်ချဆန့်ကျင်တဲ့ လမ်းစဉ်က (ယာယီ) အလုပ်ဖြစ်ဖူးပါတယ်။ ၁၉၈၈ ကပါ။ တခြားနိုင်ငံရေးမျက်နှာစာမှာပဲ (အမျိုးသားညီညွတ်ရေး တည်ဆောက်ရေးမျက်နှာစာမှာ) မိမိတို့ လစ်ဟင်းခဲ့ပါတယ်။ ဒါကြောင့် အောင်ပွဲရသင့်ပါလျက်နဲ့ မရခဲ့ပါ။

(၃) ဗကပ က ‘ဖွင့်ချဆန့်ကျင်တဲ့လမ်းစဉ်’ ဘက်က တလျှောက်လုံး ရပ်တည်ခဲ့ပါတယ်။ ဆက်လည်းရပ်တည်သွားပါမယ်။ ဟိုတုန်းက လစ်ဟင်းတဲ့အချက်ကို အခု မလစ်ဟင်းအောင် ဂရုစိုက်ပါမယ်။ ဟိုတုန်းက ဗကပ က တောထဲမှာ ရောက်နေတာပါ။ အခု အဲဒီလို မဟုတ်တော့ပါဘူး။ နီးနီးကပ်ကပ် (IT ခေတ်လည်းဖြစ်လို့) ပါဝင်ဆောင်ရွက်နိုင်ပါတယ်။ အမျိုးသားညီညွတ်ရေး တည်ဆောက်ကြရေးမှာ မလစ်ဟင်းစေဖို့ အာရုံထားပါမယ်။

လူထုက အဆင်သင့် မဖြစ်သေးဘူး ဆိုတာကိုလည်း သတိပြုမိပါတယ်။ ဒီလိုဖြစ်တာလည်း မဆန်းပါဘူး။ ဗမာပြည်က ရင့်ကျက်တဲ့ လူထုဖြစ်လို့သာ ဒီလိုပဲ ဖြစ်နေတာပါ။ အချောင်သမားလမ်းစဉ် (ချော့ပေါင်း လျှော့ပေါင်းရေး လမ်းစဉ်) ကို နေ့တိုင်းကြားနေရ၊ ဖတ်နေရတာပါ။ ကမ္ဘာ့မီဒီယာတွေကလည်း (မီဒီယာပီပီ) သတင်းအဖြစ် တင်ပေးနေတာပါ။ အခုလောက် တောင့်ခံနိုင်တာကပဲ ဗမာပြည် ပြည်သူတွေရဲ့ ရင့်ကျက်မှုနဲ့ ကြီးမြတ်မှုပြနေတာပါ။

(၄) နအဖ က လမ်းပြမြေပုံ (RM) အဆင့် (၄) အတွက် မီးကုန်ယမ်းကုန် ပြင်နေပါတယ်။ နောက်တနှစ် နှစ်နှစ်ဆိုရင် အဆင့် (၄) (ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ) လာတော့မှာပါ။ ဒီမိုကရေစီရှေ့ဆောင်များ (ဒီ/ချုပ်) ဆီက ဘာသံမှ မကြားရပါဘူး။

စစ်အုပ်စုကတော့ ပြတ်သားပါတယ်။ ၈၈ အုံကြွမှုကို ဘယ်တုန်းကမှ ဒီမိုကရေစီလူထုအုံကြွမှုအဖြစ် သဘောမထားပါဘူး။ ‘မင်းမဲ့စရိုက်သောင်းကျန်းမှု’ လို့ပဲ သဘောထားပါတယ်။

မိမိတို့ကတော့ မပြတ်သားပါဘူး။ ‘ဘယ်လိုချော့ပြီး ဘယ်လောက်လျှော့ရမလဲ’ ဆိုတာပဲ တွေးကြ ရေးကြပါတယ်။ စစ်အုပ်စုက ‘ခြူရင်းဘတ်ခုံရုံး’ ကြောက်တာလို့ ထင်လိုထင်၊ ဗိုလ်တင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထုတ်ပစ်ရင်ပဲ ရင်ကြားစေ့နိုင်မယ် ထင်လိုထင် ဖြစ်ခဲ့ကြတယ်။

<u>စစ်အုပ်စုကြောက်တာ အာဏာလက်လွှတ်ရမှာကို ကြောက်တာပဲ။ အာဏာမရှိရင် ဘာမှမရှိနိုင်ဘူးဆိုတာကို နေဝင်းသိတယ်။ သန်းရွှေသိတယ်။ စစ်အုပ်စုဝင် အားလုံးသိတယ်။</u>

<u>အာဏာကို ယာယီရရင် ယာယီယူမယ်။ ပြီးတော့မှ ထာဝရရဖို့ ပြင်မယ်။ အစိတ်သားရရင် အစိတ်သားယူမယ်။ နောက်မှ တပိဿာလုံးရဖို့ ပြင်မယ်။ ဒါဟာ စစ်အုပ်စုရဲ့အတွေးအခေါ် ဖြစ်ပါတယ်။</u>

(၅) ‘နောက်မှ ကြည့်လုပ်တာပေါ့’ ဆိုပြီး လုပ်နေလို့ မရတော့ပါဘူး။ ဒီချုပ် NLD ခေါင်းဆောင်စု (CEC) က ဖြစ်တဲ့နည်းနဲ့ သဘောထား စုစည်းရပါမယ်။ ဒေါ်အောင်ဆန်းစုကြည် လွှတ်လာမှ စုစည်းလို့ မဖြစ်ပါဘူး။ ဆန္ဒခံယူပွဲပြီးမှ လွှတ်လာရင် ဘာကိုမှ မီတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် လမ်းပြမြေပုံအဆင့် (၄) မှာ ဒီချုပ် NLD က ဘယ်လိုသဘောထားရှိတယ်၊ လူထုကို ဘယ်လိုလုပ်စေချင်တယ် ဆိုတာလောက်တော့ သဘောထားစုစည်းပြီး ထုတ်ပြန်စေချင်ပါတယ်။ ဒီလောက်လုပ်ရင်ပဲ သမိုင်းပေးတာဝန် (တစုံတရာ) ကျေတယ်လို့ ဗကပ က သဘောထားပြီး ဂုဏ်ပြုမှာ ဖြစ်ပါတယ်။

**ထိပ်တိုက်မတွေ့စေချင်လျှင် စေ့စပ်ပါ**
**ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်**
**(အမှတ် ၂/၂၀၀၇)**
**၆ – ၉ – ၂၀၀၇**

(၁) ‘ညောင် ၂ ပင် ညီလာခံ’ပြီးသွားပြီ။ RM အဆင့် ၂၊ ၃ တို့က သူတို့အိမ်တွင်းပုန်းပြီး လုပ်မယ့်အဆင့် ဖြစ်သည်။ သူတို့ ရေးချွတ်ပြီးမှ ‘မူကြမ်း’ ထွက်လာမည်။ ‘မူကြမ်း’ ဘယ်လိုပုံစံဖြစ်လာမလဲဆိုတာ သိကြပြီးဖြစ်မည်။ ဒေါင့်ပေါင်းစုံ နည်း သဏ္ဍာန်ပေါင်းစုံဖြင့် ဝေဖန်ကြရပါမည်။ အဝေဖန်မခံဘဲ ၅/၉၆ ဆိုတာနဲ့ ဖိနှိပ်နေလျှင် မုချထိပ်တိုက်တွေ့ကြရလိမ့်မည်။ လမ်းမှာ ပိတ်ရပ်နေပြီး ‘ထိပ်တိုက်မတိုးနဲ့’ ဟု ခြိမ်းခြောက်နေခြင်းကို လက်ခံလိုက်လျှင် မိမိတို့ သမိုင်းတရားခံ ဖြစ်ကြလိမ့်မည်။ တိုင်းပြည်နှင့် ပြည်သူ၏အကျိုးကို ရှေ့ရှုပြီး အခက်အခဲမကြောက်ဘဲ ဆက်လက်ချီတက်ကြရပါမည်။

(၂) အမှန်အတိုင်းဝန်ခံရလျှင် မိမိတို့ ထိပ်တိုက်မတွေ့လိုပါ။ ထိပ်တိုက်မတိုးရအောင် လှည့်ပတ်ပြီး ရှောင်ခဲ့တာ များပါပြီ။ အခုတော့ လမ်းလုံးပြည့် ပိတ်ရပ်နေသလို လုပ်နေလို့ ထိပ်တိုက်မတိုးဘဲ မနေနိုင် ဖြစ်ရပါသည်။

နောက်ဆုံး ကြိုးစားသည့်အနေဖြင့် အောက်ပါအကြံပြုချက်ကို (ဗကပ) က အဆိုပြုပါသည်။

- တလောတုန်းက အမေရိကန်နဲ့ နအဖ တရုတ်ပြည်တွင် လျှို့ဝှက်တွေ့ကြသည့် လုပ်နည်းကို တိုးချဲ့ပြီးလုပ်ဖို့ အကြံပြုပါသည်။
- NLD ခေါင်းဆောင်များကိုပါ ဖိတ်ခေါ်ပြီး ကာယကံရှင် (၂) ဦး (နအဖ နဲ့ ဒီ/ချုပ်) တွေ့ပေးစေလိုပါသည်။ ဘေးလူမပါဘဲ သူတို့ကာယကံရှင် (၂) ဦးသာ တွေ့ဆုံဆွေးနွေးစေဖို့ ဖြစ်ပါသည်။

(၃) ဤနောက်ဆုံးကြိုးစားမှု မဖြစ်မြောက်လျှင်တော့ ထိပ်တိုက်တွေ့ရေးလမ်းမှတပါး တခြားမရှိတော့ပါ။ မြေပေါ်နည်း/မြေအောက်နည်း နည်းပေါင်းစုံဖြင့် အဆင့် (၄) တွင် ‘နအဖ အခြေခံဥပဒေ ပယ်ချရေး/တိုက်ဖျက်ရေးပဲ’ လုပ်ကြရပါတော့မည်။ နအဖ အနေနှင့် ပြည်သူက သူတို့၏အခြေခံဥပဒေကို ပယ်ချလိုက်ပါလျက် လက်ရှိပုံစံအတိုင်း အာဏာဆက်ကိုင်ထားလျှင်လည်း ပြုတ်ကျသည်အထိ တိုက်ပွဲဝင်သွားဖို့ သန္နိဋ္ဌာန်ရှိပါကြောင်း။

## စေ့စပ်ဆွေးနွေးဖို့ အခုအချိန်ဟာ အချိန်ကောင်းဖြစ်တယ်
## ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်
## အမှတ် (၃/၂၀၀၇ )
## (၁၉ – ၉ – ၂၀၀၇)

(၁) တပ်မတော်အတွင်းမှ အမြော်အမြင်ရှိကြတဲ့ မျိုးချစ်ပြည်ချစ်စစ်သည်တော်များသို့ (အဓိကအားဖြင့်) ပန်ကြားတာ ဖြစ်ပါသည်။ ယခု အချိန်သည် NLD နဲ့ တပ်မတော်စေ့စပ်ဆွေးနွေးဖို့ အကောင်းဆုံးအချိန် ဖြစ်ပါသည်။ ဗိုလ်သန်းရွှေတို့ကတော့ စေ့စပ်မှာ မဟုတ်ပါ။ သူတို့ကို မျှော်လင့်ချက် မထားတော့ပါ။ သူတို့အထဲမှာ တယောက်ကိုတယောက် လက်ညှိုးထိုးအပြစ်ရှာ ဖွတ်ပစ်ရုံနဲ့လည်း ကိစ္စတွေက ပြီးသွားမှာ မဟုတ်။ အရင်းခံက နိုင်ငံရေးပြဿနာဖြစ်သည်။ စေ့စပ်ဆွေးနွေးလိုက်ရုံနဲ့ ပြီးသွားမည့်ကိစ္စ ဖြစ်သည်။

NLD သည် စတင်ဖွဲ့စည်းစဉ်ကစပြီး ယခုအထိ တပ်မတော်တပ်မှူး (ဟောင်း) များက ဥက္ကဋ္ဌလုပ်ခဲ့သည့် အဖွဲ့ချုပ် ဖြစ်ပါသည်။ သူတို့သည် တပ်မတော်အပေါ် အာဃာတမရှိ – သံယောဇဉ်သာ ရှိကြသည့်ပုဂ္ဂိုလ်များချည်း ဖြစ်ပါသည်။ သူတို့နှင့်တွေ့ဆုံဆွေးနွေးစေ့စပ်လိုက်လျှင် ဖြစ်မြောက်အောင်မြင်စရာ ရှိပါသည်။

(၂) ဗမာပြည်၏ နာတာရှည်ပြဿနာကို တနေ့မဟုတ်တနေ့တွင် စေ့စပ်ဆွေးနွေးရေး နည်းလမ်းဖြင့်သာ ဖြေရှင်းကြရမှာ ဖြစ်ပါသည်။ ယခင့်ယခင်က တဖက်နဲ့တဖက် စစ်တိုက်နေရင်း – ရန်ဖြစ်နေရင်း စေ့စပ်ဆွေးနွေးရေးကို ပြောကြရတာ၊ လုပ်ကြရတာ ဖြစ်ပါသည်။ မအောင်မြင်တာ မဆန်းပါ။ ယခုတော့ အဲဒီလို မဟုတ်ပါ။ NLD နဲ့ စေ့စပ်ဖြေရှင်းလိုက်လျှင် ပြဿနာအများအပြား ပြီးပြေလည်နိုင်မည်ဟု ယူဆပါသည်။ နောင်တွင်လည်း ဤသို့သောအခြေအနေကောင်း ရှိတော့မှာ မဟုတ်ပါ။ ယခင့်ယခင်ကလို တဖက်နဲ့တဖက် စစ်တိုက်ရင်းသော်လည်းကောင်း၊ ရန်ဖြစ်ရင်းသော်လည်းကောင်း စေ့စပ်ဆွေးနွေးရေး ပြောကြရ၊ လုပ်ကြရမည့် အခြေအနေ ပြန်ဖြစ်လာပါလိမ့်မည်။

(၃) ကမ္ဘာ့အခြေအနေ၊ အာရှအခြေအနေကလည်း မကောင်းလှပါ။ အိမ်တွင်းရေး ရှင်းထားဖို့ လိုပါသည်။ ၂၀ ရာစုက “မူလနေတိုးအဖွဲ့” က အခုတော့ အာဖဂန်ပြည်တွင်းဝင်ပြီး စစ်တိုက်နေပါပြီ။ ‘အာရှ နေတိုးအဖွဲ့’ ဆိုတာကို ဖွဲ့စည်းဖို့လည်း နိုင်ငံကြီး/ငယ်များ ကြံဆနေကြပါပြီ။ ‘အာရှနေတိုးအဖွဲ့’ တွင် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ၊ အိန္ဒိယ၊ အစ္စရေးလ်၊ စင်္ကာပူ စသူတို့ပါဖို့ စည်းရုံးနေသည်ဟု ကြားရပါသည်။ ထိုသို့ ‘အာရှနေတိုး’ ပေါ်လာလျှင် ဗမာပြည်အနေနှင့် ကြားညှပ်ခံရပါတော့မည်။ ဒီတခါ ကြားညှပ်ခံရလျှင် သက်သာမည်မဟုတ်ပါ။

တပ်မတော်တွင်း လက်ရှိတာဝန်ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်များသည်လည်းကောင်း၊ ခေတ်အဆက်ဆက် တပ်မတော်တွင် ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများသည်လည်းကောင်း သန်းရွှေစစ်အုပ်စုကတဖက် ပြည်သူကတဖက် ဖြစ်နေသည့် ပြဿနာကို လက်ပိုက်ကြည့်မနေကြဘဲ စေ့စပ်ဆွေးနွေးရေးဖြစ်ပေါ်စေဖို့ကို ဝိုင်းဝန်းလုပ်ဆောင်သင့်သည်ဟု ယူဆပါသည်။

(၄) ယနေ့ဖြစ်ပေါ်နေသော ရဟန်းရှင်လူများ၏ လှုပ်ရှားမှုများသည်လည်း အရင်းစစ်လိုက်လျှင် နိုင်ငံရေးတင်းမာနေမှု အခြေခံကြောင့် ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။ ဤနိုင်ငံရေးတင်းမာမှုအခြေခံကို ပြေလျော့စေနိုင်သော တခုတည်းသော ဖြေရှင်းနည်းမှာ စေ့စပ်ဆွေးနွေးပွဲလုပ်ရေးသာ ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ၏ ဗမာပြည်ခရီးစဉ်နှင့်ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက် အမှတ် (၄/၂၀၀၇)**

**(၂၈ – ၉ – ၂၀၀၇)**

(၁) အခုအချိန်မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးရဲ့ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ ဗမာပြည်ကို လာတာဟာ အချိန်ကောင်း ဖြစ်ပါတယ်။

(၂) မစ္စတာဂမ်ဘာရီအနေနဲ့ သူ့ခရီးစဉ်အတွင်းမှာ နအဖ စစ်အစိုးရက ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပြသနေတဲ့ ရဟန်းရှင်လူပြည်သူများကို ရက်ရက်စက်စက် အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်နေတာတွေကို ချက်ချင်းရပ်ဆိုင်းသွားအောင် ကြိုးစားပေးရပါမယ်။

(၃) ဒုတိယအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သက်ဆိုင်သူကာယကံရှင်များကို စေ့စပ်ရေးစားပွဲပေါ် ရောက်လာအောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ်ဟာ အောင်မြင်တယ်လို့ ပြောနိုင်မှာ ဖြစ်ပါတယ်။

## ဗိုလ်သန်းရွှေ၏ကမ်းလှမ်းချက်သည်
## တည်ကြည်လေးနက်သောဆွေးနွေးပွဲမဖြစ်နိုင်
## ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်
## (အမှတ် ၅/၂၀၀၇)
## ၅ – ၁၀ – ၂၀၀၇

ဂမ်ဘာရီထွက်သွားတာနဲ့ တဆက်ထဲမှာ ဗိုလ်သန်းရွှေက ကြိုတင်စည်းကမ်းချက်များချမှတ်ပြီး အဲဒီစည်းကမ်းချက်တွေကို သဘောတူရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံစကားပြောမယ်လို့ ကြေညာလိုက်ပါတယ်။

၁။ ဒီလိုပြောလာရတာဟာ ဂမ်ဘာရီနားချလို့ ဆိုတာထက် ပြည်တွင်းက သံဃာတော်များ၊ ကျောင်းသားများနဲ့ ပြည်သူများရဲ့ တိုက်ပွဲဝင်မှုကြောင့်လို့ ဆိုရပါမယ်။ ဒီလှုပ်ရှားမှုကြီးသာ မပေါ်ပေါက်ခဲ့ရင် ဒီအချိန်မှာ ဂမ်ဘာရီ ဒီနိုင်ငံကို ရောက်လာစရာအကြောင်း မရှိပါဘူး။

၂။ ဗိုလ်သန်းရွှေ ထုတ်ပြန်လိုက်တာဟာ သူ့ဘက်က လိုက်လျောချက်တခုမှမပါဘဲ ဒေါ်အောင်ဆန်းစုကြည်ဘက်က လျှော့ပေးရမယ့်အချက်တွေချည်း ဖော်ပြထားပါတယ်။ ဆွေးနွေးပွဲမှ မစသေးဘူး လက်နက်ချခိုင်းနေပါပြီ။

၃။ ဒီနှစ်ဘက်တွေ့ဆုံပွဲ တက်မတက်၊ တက်ရင်ဘာတွေပြောမယ်စတာတွေဟာ သူတို့ချင်းကိစ္စမို့ ဗကပ အနေနဲ့ စကားဦးသန်းဘာမှမပြောလိုပါ။

၄။ တခုပဲ အကြံပြုချင်ပါတယ်။ ဒီနေ့ဗမာနိုင်ငံမှာ နိုင်ငံရေးစီးပွားရေး ကသောင်းကနင်းနဲ့ မတည်မငြိမ်ဖြစ်နေရတာတွေနဲ့ ပတ်သက်လို့ ဗိုလ်သန်းရွှေမှာ အဓိကတာဝန်ရှိတယ်လို့ပြောရင် လူတိုင်းလက်ခံမှာပါ။ ပုံပြင်ထဲမှာ ထိသမျှရွှေဖြစ်တယ်လို့ ပါပါတယ်။ ဒါပေမဲ့ ဗိုလ်သန်းရွှေကတော့ သူထိသမျှဟာ သူ့အတွက်ပဲ ရွှေဖြစ်ပြီး ပြည်သူအများအတွက်တော့ မွဲဆေးပဲ ဖြစ်ခဲ့ပါတယ်။ တတိုင်းပြည်လုံး ဒီလိုဖြစ်နေချိန်မှာ ဗိုလ်သန်းရွှေဟာ ဦးနေဝင်းကို အတုယူသင့်ပါတယ်။ ဦးနေဝင်းဟာ တိုင်းပြည်အခြေအနေ၊ အထူးသဖြင့် စီးပွားရေးကို သူမထိန်းနိုင်တော့ဘူးလို့ မြင်လာတဲ့အခါမှာ သူသျှောင်သူဆွဲပြီး ပလ္လင်ပေါ်က ဆင်းသွားခဲ့ပါတယ်။

ဗိုလ်သန်းရွှေတယောက် ဦးနေဝင်းလိုသတ္တိမျိုး ရှိပါလေစ။ ။

**ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်**
**(အမှတ် ၆/၂၀၀၇)**
**၁၄ – ၁၀ – ၂၀၀၇**

(၁) အောက်တိုဘာ ၁၁ ရက်နေ့က ထုတ်ပြန်သော အချက် (၄) ချက်ပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဗမာပြည်အရေး ဆုံးဖြတ်ချက်ကို ဗမာပြည်ကွန်မြူနစ်ပါတီအနေနှင့် ထောက်ခံသည်။

(၂) နအဖ ဆက်လက်စွဲကိုင်ထားသော လမ်းပြမြေပုံ (၇) ချက်ကို ဆန့်ကျင်ကန့်ကွက်သည်။

**ဒေါ်အောင်ဆန်းစုကြည်နှင့်**
**ဗိုလ်အောင်ကြည်တို့ တွေ့ဆုံစကားပြောခြင်းနှင့်ပတ်သက်၍**
**ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်**
**အမှတ် ၇/၂၀၀၇**
**၂၆ - ၁၀ - ၂၀၀၇**

နအဖ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်အောင်ကြည်တို့ တွေ့ဆုံစကားပြောတဲ့အကြောင်း နအဖ မီဒီယာများက အသားပေး ဖော်ပြလိုက်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တို့၏သဘောထားကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

၁။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးမှုတွင် တန်းတူ၊ သိက္ခာရှိသော ဆွေးနွေးခြင်းဖြစ်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည်အား လုံးဝလွှတ်ပေးရမည်။ ယခုကဲ့သို့ အာဏာပိုင်နှင့်အကျဉ်းသားတို့အကြား ထောင်မှူးကတဆင့် ဆက်သွယ်ပြောဆိုနေရသည့် ဖြစ်ရပ်မျိုးမှာ တရားမျှတမှုမရှိသော စာပွဲဝိုင်းသာ ဖြစ်ပေသည်။

၂။ မြန်မာနိုင်ငံ၏ အရေးကြီးပြဿနာများကို ဆွေးနွေးကြခြင်းဖြစ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်အား သူမခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့နှင့် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးခွင့် ရှိစေရမည်။

၃။ ဤသို့ဆောင်ရွက်ခြင်းများမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကိုယ်စားလှယ်အဖွဲ့နှင့် နအဖ အစိုးရ၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခြင်းဆီသို့ တက်လှမ်းသွားရမည်။

**SPDC နဲ့ NLD ‘စကားပြော’ ကြမှာနဲ့ ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက် အမှတ် (၈/၂၀၀၇)**

**(၉ – – ၁၁ – ၂၀၀၇)**

(၁) ပြည်တွင်းအခြေအနေနဲ့ နိုင်ငံတကာ့အခြေအနေက မြန်မာ့ပြဿနာကို အမြန်ဖြေရှင်းဖို့ တောင်းဆိုနေပါသည်။ ကာယကံရှင်များက တာဝန်ရှိရှိ၊ တာဝန်သိသိ ဖြေရှင်းကြစေလိုပါသည်။

(၂) ဖြေရှင်းရမည့်ကိစ္စက များပါသည်။ အရေးအကြီးဆုံးကိစ္စကို အရင်ဆုံးဖြေရှင်းစေလိုပါသည်။ ဟိုမရောက်ဒီမရောက်ဖြစ်နေလျှင်၊ အချိန်ဆွဲနေလျှင် တိုင်းပြည်အတွက် ပြည်သူပြည်သားများအတွက် ဘေးဒုက္ခပေါင်းစုံကို ထပ်ပြီးဖိတ်ခေါ်သလိုသာ ဖြစ်ပါလိမ့်မည်။ အရေးအကြီးဆုံးမှာ မည်သည့်ဘက်ကမှ တဖက်သတ်အနိုင်ယူချင်လို့ မရတာကို အသိအမှတ်ပြုကြဖို့ ဖြစ်ပါသည်။

(၃) ကာယကံရှင်များ လုပ်ကြတာနဲ့ ဆွေးနွေးကြတာကို တံခါးပိတ်ပြီး လုပ်နေလို့ မဖြစ်ပါ။ <u>ပြည်သူသို့ အသိပေးသင့်တာ မှန်သမျှကို</u> အသိပေးစေလိုပါသည်။

(၄) SPDC နဲ့ NLD တို့အတွက်သာမက တိုင်းပြည်အတွက်ပါ အရေးအကြီးဆုံးအချိန် ဖြစ်နေပါသဖြင့် မိမိတို့ပါတီက ဖြစ်ပေါ်မှု မှန်သမျှကို အလေးထား စောင့်ကြည့်နေမည် ဖြစ်ပါသည်။ ထင်မြင်ချက်ပေးစရာရှိလျှင် ပေးပါမည်။ ဝေဖန်စရာရှိလျှင် ဝေဖန်ပါမည်။ အားပေးထောက်ခံစရာရှိလျှင် ထောက်ခံပါမည်။

(၅) အစကောင်းပြီး အနှောင်းသေချာစေလိုပါသည်။ ပြဿနာထပ်ပြီးတက်ခြင်းမျိုး မဖြစ်စေလိုတာက မိမိတို့၏အစစ်အမှန်ဆန္ဒ ဖြစ်ပါသည်။

| ပွင့်ပွင့်လင်းလင်း ပြောပါရစေ | ပြောစရာကိစ္စ (၂) ခု |
| --- | --- |

၁။ ဒီတပတ်မှာ (၂) ခု ပြောစရာရှိပါတယ်။ တခုက နိုင်ငံတကာရေး၊ နောက်တခုက ပြည်တွင်းရေး။ အလွန်ကျယ်ပြန့်တဲ့ ကိစ္စကြီး (၂) ခုကို ပြောတာဖြစ်ပေမယ့် လိုအပ်သလောက်သာ အတိုချုပ်ပြီး ပြောပါမယ်။

မီဒီယာတွေမှာ (ဗကပ) ပြောခွင့်ရတာတွေဟာ သိပ်ပြီးအတိုချုပ်လွန်းလို့ တချို့ရဲဘော်တွေနဲ့ မိတ်ဆွေတွေ နားလည်မှု လွဲနိုင်ပါတယ်။ ပြည်သူ့အာဏာမှာတော့ တတ်နိုင်သလောက်ရှင်းအောင် ရေးပါမယ်။

၂။ နိုင်ငံတကာ့ရေးရာမှာ ပြောမှာက ကမ္ဘာ့စနစ်သစ် (New World Order) လွန်ပွဲနဲ့ တတိယကမ္ဘာစစ်ကို အဓိကထား ပြောပါမယ်။

ကမ္ဘာ့စနစ်သစ် (NWO) လွန်ပွဲက ဖြစ်နေတုန်းပါ။ လွန်ပွဲက ကြာမယ်လို့ထင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ပြိုင်ဘက်စစ်မဟာမိတ် အဖွဲ့ကြီး (၂) ဖွဲ့ မရှိသေးလို့ပါ။ နေတိုး NATO တဖွဲ့တည်းပဲ ရှိပါတယ်။ သူကလည်း အာဖဂန်မှာ တိုက်နေတယ်။ အီရတ်မှာတော့ နေတိုးအနေနဲ့ တိုက်တာမဟုတ်ဘူး။ အမေရိကန်၊ အင်္ဂလိပ်ပဲ တိုက်နေတယ်။ တခြားနိုင်ငံကြီးတွေက ဆန္ဒဖော်ထုတ်တာလောက်ပဲ လုပ်ကြတယ်။ ထိပ်တိုက် မတွေ့အောင် ရှောင်နေကြတယ်။ အမေရိကန်က အီရန်ဘက်ကို မျက်စောင်းထိုးလာတာနဲ့ အရှေ့ဥရောပမှာ ဒုံးခွင်းဒုံးစနစ် ချလာတော့မှ ရုရှားက ဆန့်ကျင်လာတယ်။ ထိပ်တိုက်တွေ့သလို ဖြစ်လာတယ်။ ကိုယ့်ရဲ့ (တိုက်ရိုက်အကျိုးစီးပွား) ထိလာတော့ ရုရှားက လှုပ်လာတာပဲ။ တရုတ်က အနေသာကြီးပဲ။ ထိုင်ဝမ်ကိစ္စလိုဟာကျမှ သူ့ရဲ့ (တိုက်ရိုက်အကျိုးစီးပွား) ထိတာဖြစ်လိမ့်မယ်။ ထိလာရင် ငုံ့ခံနေမှာမဟုတ်ဘူး။

တိုင်းပြည်တိုင်းမှာ အထိမခံနိုင်တဲ့ (တိုက်ရိုက်အကျိုးစီးပွား) ရှိကြတာချည်းပဲ။

လွန်ပွဲကနေ ကမ္ဘာစစ်ကို ကူးသွားတတ်တယ်။ အခုဖြစ်နေတာက ကမ္ဘာမှာ တခါမှ မဖြစ်ဖူးတဲ့ အခြေအနေပဲ။ စစ်အေးပွဲမှာ အမေရိကန် နိုင်လိုက်တယ်။ ဆိုဗီယက် ရှုံးသွားတယ်။ ဒါပေမဲ့ ၁၉၄၅ က ချမှတ်ခဲ့တဲ့ ကမ္ဘာ့စနစ်ဟောင်းက ပျက်မသွားဘူး။ အမေရိကန်က အဟောင်းကိုဖျက်ပြီး အသစ်ချမှတ်ချင်တယ်။ ချမှတ်လို့မရဘူး။ ဘာကြောင့်လဲဆိုတော့ စစ်အေးတိုက်ပွဲမှာ ရှုံးသွားတာက ရုရှားကွန်မြူနစ်ပဲ။ နိုင်သူအစစ်အမှန်က ရုရှားနေရှင် ဖြစ်နေလို့ပဲ။

NWO တွေကို စစ်နိုင်သူ ချမှတ်စမြဲပဲ။ ၁၈၁၅ မှာ (နပိုလီယန်) ပြင်သစ်ကို နိုင်လိုက်တဲ့ မဟာမိတ်အဖွဲ့က NWO ချမှတ်တယ်။ ပထမကမ္ဘာစစ်ဖြစ်တော့ အဲဒီစနစ်ဟောင်းပျက်တယ်။ စစ်နိုင်သူတွေက (၁၉၁၈) မှာ အသစ်ချမှတ်ပြန်တယ်။ အဲဒီစနစ်က ဒုတိယကမ္ဘာစစ်မှာ ပျက်ပြန်တယ်။ (၁၉၄၅) မှာ စစ်နိုင်သူ မဟာမိတ်တွေက NWO ချမှတ်ပြန်တယ်။ အဲဒီစနစ်က အခုအထိ တည်မြဲနေတယ်။ အမေရိကန် ဖျက်ချင်လည်း ဖျက်မရဘူး။ ဒါဟာ ထူးခြားတဲ့ အခြေအနေဖြစ်တယ်။

တတိယကမ္ဘာစစ်ဖြစ်မှ ရှုံးသူနိုင်သူဖြစ်မှပဲ NWO ချမှတ်နိုင်မှာဖြစ်တယ်။ ဒါကြောင့် တတိယကမ္ဘာစစ် ဖြစ်နိုင်တဲ့ အလားအလာ ရှိတယ်လို့ ပြောပါတယ်။ အခုအထိတော့ ပြင်ကြဆင်ကြတုန်းပါ။ ဒါကြောင့် ကြာမယ်လို့ ပြောနေတာပဲ။

စစ်ကြီးဖြစ်ရင် စစ်ပွဲမှာ ဗမာပြည်ဟာ (ကြားနေ) ရပါမယ်။ ကြားနေရေးဟာ ဗမာပြည်ရဲ့ တိုက်ရိုက်အကျိုးစီးပွား ဖြစ်ပါတယ်။

၃။ ပြည်တွင်းရေးနဲ့ ပတ်သက်ပြီး ပြောချင်တာက ဗမာပြည်မှာ စစ်အာဏာရှင်စနစ် ရှိနေသမျှ ဘယ်တော့မှ (ကြားနေ) လို့ရမှာ မဟုတ်ဘူး။ စစ်အုပ်စု အာဏာရနေသမျှလည်း စစ်အာဏာရှင်စနစ် ရှိနေမှာပဲ။

အခု (နအဖ) လုပ်ချင်နေတာက စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်ကို ထိန်းသိမ်းထားပြီး စစ်အစိုးရကို နည်းနည်းပါးပါး ပြုပြင်ချင်တာပဲ။ စစ်အုပ်စုဦးဆောင်တဲ့ "အရပ်သား၊ စစ်သား ညွန့်ပေါင်းအစိုးရ" တမျိုးကို ထူထောင်ချင်တာပဲ။

လမ်းပြမြေပုံ (RM) အဆင့် (၄) ဟာ နအဖ နဲ့ NLD ရဲ့ နောက်ဆုံးတိုက်ပွဲ ဖြစ်လိမ့်မယ်။ နအဖ ကတော့ အဲဒီတိုက်ပွဲအတွက် ပြင်နေပြီ။ NLD က ဘာမှ မပြင်ရသေးဘူး။

ပြင်တယ်ဆိုတာက –

က။ နိုင်ငံရေး အတွေးအခေါ်အရပြင်တာ။

ခ။ စည်းရုံးဖွဲ့စည်းရေးအရ ပြင်တာနဲ့။

ဂ။ အခိုင်အမာ လုပ်ငန်းတွေမှာပြင်တာ။ ဒီ (၃) ခု လုပ်ဖို့ပဲ။ DASSK လွတ်မှ ပြင်မယ်ဆိုရင် သိပ်နောက်ကျလိမ့်မယ်။

လိုလျှင်ကြံဆ နည်းလမ်းရပါတယ်။ ဖက်ဆစ်တော်လှန်ရေးကို ပြင်တာဟာ ထောင်ထဲမှာနေရင်း ပြင်ကြတာပဲ။ (မြင်းခြံစစ်တမ်း၊ အင်းစိန်စစ်တမ်း) အရာအားလုံးရဲ့ ခေါင်းချုပ်ဟာ နိုင်ငံရေးအတွေးအခေါ်ပါ။ ခေါင်းဆောင်လုပ်သူက နိုင်ငံရေး အတွေးအခေါ်ကို စာစောင် စာတမ်းရေးပြီး ဖော်ထုတ်နိုင်ပါတယ်။ စည်းရုံးဖွဲ့စည်းရေးနဲ့ လုပ်ငန်းတွေကိုတော့ အောက်ခြေလွှဲထားနိုင်ပါတယ်။

မျက်မှောက် ပြည်တွင်းပြည်ပ အခြေအနေတွေအရ ကြည့်ရင် နအဖဟာ အဆင့် (၄) ကို (၂၀၁၀) ခုနှစ် မတိုင်မီ လုပ်မယ် ထင်ပါတယ်။ ပြင်ဆင်ချိန် သိပ်မရနိုင်ပါဘူး။

အဆင့် (၄) မှာ 'အခြေခံဥပဒေ' အတည်ပြုချက်ရသွားရင် မိမိတို့ရဲ့ သေနင်္ဂဗျူဟာနဲ့နည်းပရိယာယ်ကို အခြေအနေနဲ့ လိုက်လျော ညီစွာ ပြုပြင်ပြောင်းလဲရတော့မှာပါ။

အဆင့် (၄) မှာ 'အခြေခံဥပဒေ' ကို ပယ်ချနိုင်ရင်တော့ လက်ရှိသေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်ကို တဆင့်မြှင့်ရမှာပါ။ မိမိတို့က နိုင်ငံရေး လက်ဦးမှု ရသွားပြီဖြစ်လို့ ဗမာပြည်ရဲ့ အနာဂတ်ထွန်းပြောင်လာမှာ အသေအချာ ဖြစ်ပါတယ်။ NLD ရဲ့ နောက်ဆုံးတိုက်ပွဲအတွက် ပြင်ဆင်ကြစေလိုပါတယ်။ ။

**အဆင့် (၄) မှာ**
**'အခြေခံဥပဒေ' ကို ပယ်ချနိုင်ရင်တော့**
**လက်ရှိသေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်ကို**
**တဆင့်မြှင့်ရမှာပါ**

# (၁၈) နှစ် နောက်ကျသွားတဲ့ "အရောင်တော်လှန်ရေး"

၁။ သံဃာ၊ ကျောင်းသား အုံကြွလှုပ်ရှားမှုကို "အရောင်တော်လှန်ရေး" လို့ နိုင်ငံခြားမှာ အပြောများတယ်။ ပြည်တွင်းက လိုက်ပြောသူတွေလည်း ရှိတယ်။ တကယ်က စက်တင်ဘာ အုံကြွမှုဟာ "အရောင်တော်လှန်ရေး" မဟုတ်ပါဘူး။ "အရောင်တော်လှန်ရေး" တိုင်းရဲ့ရည်ရွယ်ချက်က အစိုးရအပြောင်းအလဲလုပ်ရေးဖြစ်တယ်။ စက်တင်ဘာအုံကြွမှုမှာ အဲဒီရည်ရွယ်ချက် မပါ,ပါဘူး။ စတုန်းက စစ်အာဏာပိုင်တွေရဲ့ အကြမ်းဖက်မှုကို ဆန့်ကျင်တာပဲ။ မှားကြောင်း တောင်းပန်ခိုင်းတာပဲ။ နောက်ဆုံး အုံကြွမှုရေချိန် မြင့်လာတော့လည်း (နိုင်ငံရေးသဘော ပါလာတော့လည်း) စစ်အစိုးရနဲ့ NLD စေ့စပ်ဆွေးနွေးကြဖို့ပဲ တောင်းဆိုတာ ဖြစ်ပါတယ်။ အစိုးရအပြောင်းအလဲလုပ်ဖို့ မတောင်းဆိုပါဘူး။ အဲဒီလို တောင်းဆိုတာဟာလည်း မှန်ကန်သင့်မြတ်ပါတယ်။ ဖြစ်နိုင်တာကို တောင်းဆိုတာပါ။

ဒီတောင်းဆိုချက် (တစုံတရာ) အောင်မြင်ပါတယ်။ သန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နဲ့ 'စကားပြောပါမယ်' လို့ လိုက်လျောလာရတယ်။ ဗိုလ်အောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးအဖြစ် ခန့်ရတယ်။ မကြာခင်ကတော့ DASSK ကို ဧည့်ရိပ်သာခေါ်ပြီး တွေ့လာရတယ်။ ဒါဟာ အောင်မြင်မှုပါ။ သေးငယ်တဲ့ အောင်မြင်မှုကလေးပါ။ မယ်မယ်ရရ မဟုတ်ပေမယ့် အောင်မြင်မှုစာရင်းဝင်ပါတယ်။ 'စက်တင်ဘာအုံကြွမှု' သာ မဖြစ်ခဲ့ရင် ဒီလောက် အောင်မြင်မှုကလေးကိုတောင် ရမှာမဟုတ်ပါဘူး။

၂။ "အရောင်တော်လှန်ရေး" ရဲ့ ရည်ရွယ်ချက်ဟာ (အခုအခြေအနေအရ) ပြောရင် သိပ်မြင့်နေပါတယ်။ ဆန္ဒစွဲပါနေပါတယ်။ တချီတည်းနဲ့ စစ်အစိုးရနေရာမှာ ဒီမိုကရေစီအစိုးရနဲ့ အစားထိုးဖို့ဆိုတာ (အခုလက်တွေ့အရ) မဖြစ်နိုင်တော့ပါ။

ဘာ့ကြောင့် ဒီလိုပြောရသလဲ ဆိုတော့ NLD (ဗဟို) ရဲ့ အခြေအနေက အဲဒီလောက်မြင့်တာကို လက်ခံနိုင်တဲ့ အခြေအနေမရှိလို့ပါပဲ။ DASSK က အိမ်ချုပ်ကျနေတယ်။ NLD ဗဟိုမှာက အဲဒီ အစီအစဉ် မရှိဘူး။ NLD က အစိုးရတက်မလုပ်ဝံ့ရင် တို့တက်လုပ်မယ်လို့ ပြောသူတွေရှိပါတယ်။ တချို့က ပြည်ပရောက်တွေပါ။ တချို့က ပြည်တွင်းက အနည်းစုပါ။ ဒါဟာ မချင့်မရဲနဲ့ ကြုံမိကြုံရာ ပြောကြတာပဲ။ စစ်အစိုးရနေရာမှာ အစားဝင်ရမယ့်သူဟာ (အခုကာလမှာ) NLD ကလွဲလို့ တခြားမဖြစ်နိုင်ပါဘူး။ '၁၉၉၀ ရွေးကောက်ပွဲ' နိုင်ထားသူတွေသာ အစိုးရဖွဲ့နိုင်ခွင့် ရှိပါတယ်။ ဒါမှလည်း တရားဝင်မှုရှိမယ်။ ကမ္ဘာ့ထုံးတမ်းစဉ်လာနဲ့လည်း ကိုက်ညီပါမယ်။

ဒါပေမဲ့ NLD ဗဟိုက အဆင်သင့်ဖြစ်ပြီလား။ မဖြစ်သေးပါဘူး။ အတွေးအခေါ်အရ အဆင်သင့်မဖြစ်သလို လက်တွေ့ကလည်း အဆင်သင့်မဖြစ်ပါဘူး။ မိမိတို့က တက်ကြွမှုအရှိန်နဲ့ စိတ်လိုက်မာန်ပါ NLD ကို အဲဒီတာဝန်ပေးရင် NLD (ဗဟို) ကို ချောက် (ကျောက်) ချသလို ဖြစ်ပါလိမ့်မယ်။

၃။ "အရောင်တော်လှန်ရေး" ကို ၁၉၉၀ ရွေးကောက်ပွဲနိုင်စက NLD လုပ်ရမှာပါ။ ဒါကြောင့် (၁၇) နှစ် နောက်ကျသွားတယ်လို့ ဒီဆောင်းပါးရဲ့ ခေါင်းစဉ်ပေးလိုက်တာပဲ။

၁၉၉၀ တုန်းက NLD လုပ်သင့်တာက "လွှတ်တော်ခေါ်ပေး၊ မပေးရင် ကိုယ့်ဘာသာခေါ်မယ်" လို့ လမ်းစဉ်ချမှတ်ဖို့ပါ။ အဲဒါကို 'ဗကပ' အကြံပေးခဲ့ဖူးပါတယ်။ "၁၇၈၉ ပြင်သစ်တော်လှန်ရေး" လုပ်နည်းလုပ်ဖို့ အကြံပေးတာပါ။

အဲဒီတုန်းကသာ "အရောင်

တော်လှန်ရေး'' လုပ်ခဲ့ရင် မုချအောင်မြင်မှာပဲ။ လူထုရဲ့ တက်ကြွမှုအရှိန်ကိုစီးပြီး NLD က လိုက်ဖို့ဖြစ်တယ်။

ဒါပေမဲ့ NLD က ''လွှတ်တော်ခေါ်ပေး'' ဖို့ပဲ အခါခါတောင်းဆိုနေတယ်။ အခု (၁၇) နှစ်ရှိတော့လည်း ''လွှတ်တော်ခေါ်ပေး'' ဖို့ပဲ တောင်းဆိုနေရတယ်။

ကြွေးကြော်သံက ''လွှတ်တော်ခေါ်ပေးရေး'' မှာ တူပေမယ့် ၁၉၉၀ တုန်း ကလို ''ဒီမိုကရေစီအစိုးရဖွဲ့ရေး'' အနှစ်သာရ မဟုတ်တော့ဘူး။ ''လွှတ်တော်ခေါ်ပေး'' လွှတ်တော်က မင်းတို့ကိုပဲ 'တရားဝင်အစိုးရ' အဖြစ်ပြန်ပြီး သိဒ္ဓိတင်ပေးမယ်ဆိုတဲ့ အနှစ်သာရ ဖြစ်သွားပါပြီ။

အဲဒီလိုအခြေအနေမှာ ''အရောင်တော်လှန်ရေး'' လုပ်ချင်လို့ မရတော့ပါဘူး။ လုပ်ရင် စိတ်ကူးယဉ်တာပဲ ဖြစ်မှာပဲ။

၄။ ၁၉၉၀ ခုနှစ်တုန်းကတော့ ''အရောင်တော်လှန်ရေး'' လေသံနည်းနည်းမှ မဟာခဲ့ဘဲ ၂၀၀၇ ခုနှစ်ကျမှ ဘာကြောင့် လေသံပစ်လာကြသလဲ ဆိုတာကို ကျွန်တော်တို့ စဉ်းစားကြည့်ပါတယ်။

၁၉၉၀ တုန်းက ကမ္ဘာ့အစီအစဉ် (World Order) နဲ့ အခုကမ္ဘာ့အစီအစဉ် (သစ်) လွန်ပွဲ အခြေအနေချင်း မတူကြတော့လို့ဆိုတာ တွေ့ပါတယ်။

၁၉၉၀ တုန်းက ဆိုဗီယက်မပြိုလဲသေးပါဘူး။ ယိမ်းယိုင်နေဆဲ ဖြစ်တယ်။ အမေရိကန်က နောက်ဆုံးလက်သီးချက်သွင်းဖို့လုံးပန်းနေရချိန် ဖြစ်တယ်။ ဆိုဗီယက်ဝန်းကျင်က နိုင်ငံငယ်တွေမှာပဲ ''တော်လှန်ရေး'' လုပ်ဖို့ အားပေးနေတယ်။

ပြီးတော့လည်း ဆိုဗီယက်ကို အလဲထိုးရာမှာ တရုတ်ရဲ့အားကို ယူချင်နေတယ်။ တရုတ်က သေနင်္ဂဗျူဟာမိတ်ဖက်ဖြစ်နေတယ်။

အခု (၂၀၀၇) မှာတော့ ဆိုဗီယက်ကျဆုံးသွားပြီး ခနရှင်ရုရှား ဖြစ်နေပြီ။ တရုတ်က သေနင်္ဂဗျူဟာ ပြိုင်ဘက်ဖြစ်နေပြီ။ အဲဒီ

**ဒါကြောင့် (၁၈) နှစ်**
**နောက်ကျသွားတယ်လို့**
**ဒီဆောင်းပါးရဲ့**
**ခေါင်းစဉ်ပေးလိုက်တာပဲ**

တော့ တရုတ်ရဲ့ အိမ်နီးချင်းလည်းဖြစ်တဲ့၊ အားအပျော့ဆုံးလည်းဖြစ်တဲ့ ဗမာပြည်ကို မျက်စေ့ကျနေတာပဲ။ ''အရောင်တော်လှန်ရေး'' လုပ်စေချင်နေတာပဲ။ ဒါပေမဲ့ ဗမာ ပြည်တွင်း အခြေအနေက (အထက်မှာ ရေးခဲ့သလို) ဟိုတုန်းကနဲ့ မတူတော့ဘူး။

∗ NLD အခြေအနေကိုကြည့်ပါ။ ၁၉၉၀ တုန်းကနဲ့ တူသေးရဲ့လား။

∗ စစ်အစိုးရအခြေအနေကြည့်ပါ။ ဟိုတုန်းကလို 'အစိုးရယာယီလုပ်နေရတာပါ။ အာဏာလွှဲပေးပြီး စစ်တန်းလျားပြန်မှာပါ။' လို့ ပြောသေးရဲ့လား၊ လမ်းပြမြေပုံ (RM) အဆင့် (၁) ကို စိတ်ကြိုက်လုပ်ပြီးပြီ။ အဆင့် (၄) လုပ်ဖို့ ပြင်နေပြီ။

၅။ မိမိတို့ ဘာလုပ်ကြမလဲ။ ''အရောင်တော်လှန်ရေး'' စိတ်ကူးယဉ်ပြီး မျှော်နေလို့ မဖြစ်ပါဘူး။ NLD က အစိုးရတက်မလုပ်ဝံ့ရင် တို့လုပ်မယ်ဆိုပြီး လုပ်ကြရင်လည်း ပြည်ပရောက် အစိုးရတွေ တခုက နှစ်ခု သုံးခုဖြစ်တာပဲ အဖတ်တင်လိမ့်မယ်။

အဲဒီလို စင်ပြိုင်အစိုးရတွေ ဖွဲ့ချင်သလောက်ဖွဲ့ပါ။ စစ်အစိုးရမကြောက်ပါဘူး။ အဆင့် (၄) ကို မဖြစ်ဖြစ်အောင်ပဲ စိတ်အေးလက်အေး လုပ်သွားပါလိမ့်မယ်။

မိမိတို့လုပ်သင့်တာက –

∗ စစ်အစိုးရကို အဆင့် (၄) မှာ အလဲထိုးဖို့ အခုကစပြင်ဖို့ပါ။

∗ ၂၀၀၇ စက်တင်ဘာ အုံကြွမှုရဲ့ အရှိန်ကိုထိန်းထားပြီး အဆင့် (၄) အတွက် အင်အားစုဆောင်းရပါမယ်။

∗ ၂၀၀၇ စက်တင်ဘာ အုံကြွမှုမှာ ၂၁ ရာစု မျိုးဆက်သစ်တွေ အများအပြား ပေါ်ထွက်လာခဲ့ပါပြီ။ သူတို့ကို နိုင်ငံရေး အဆင့်နေရာ မြှင့်ပေးရပါမယ်။ အဆင့် (၄) တိုက်ဖျက်ရေးရဲ့ သူရဲကောင်း စစ်သည်တော်တွေ ဖြစ်အောင် မြေတောင်မြှောက်ပေးရပါမယ်။

∗ တခြားပြင်သင့်တာတွေကိုလည်း အခုကတည်းက စေ့စေ့စပ်စပ် ပြင်ဆင်ရပါမယ်။

စစ်အစိုးရဟာ RM အဆင့် (၄) ကို မုချလုပ်လာမှာပါ။ အဲဒီအဆင့် (၄) မှာ အစိုးရ အပြောင်းအလဲဖြစ်အောင် (လူထုအားနဲ့) ကြိုးပမ်းကြပါစို့ –

နိုင်ငံခြားရေးကိုပဲ အလေးထားပြီး ဟိုမျှော်ဒီမျှော် ဟိုတွေးဒီတွေး လုပ်နေရင်၊ အဆင့် (၄) အတွက် ဘာမှ ပြင်ပြင်ဆင်ဆင် လုပ်မထားရင်၊ အခါအခွင့်ကောင်းတခု ထပ်ပြီးလက်လွှတ်ရုံမက ဗမာပြည်ရဲ့ နိုင်ငံရေးသွင်ပြင်ဟာလည်း အပြောင်းအလဲကြီး ပြောင်းလဲသွားပါလိမ့်မယ်။ ။

# လမ်းပြမြေပုံ (RM) ရဲ့ နိုင်ငံရေးအဓိပ္ပာယ်

၁။ RM ရဲ့ ရည်ရွယ်ချက်က ‘စစ်အာဏာရှင်စနစ်ကို’ ၂၁ ရာစု အခြေအနေမှာ ထိန်းသိမ်းဖို့ဖြစ်တယ်။ စစ်အေးခေတ်တုန်းက လုပ်ခဲ့တဲ့ ‘စစ်အာဏာရှင်စနစ်’ ကို ၂၁’ ရာစု နိုင်ငံတကာ့နိုင်ငံရေး အခြေအနေမှာ (အနည်းအပါး ပြုပြင်ပြီး) ဆက်လက်ထိန်းသိမ်းချင်တာပဲ။

စစ်အေးခေတ်တုန်းက နိုင်ငံတကာ့နိုင်ငံရေးအခြေအနေက စူပါ,ပါဝါနိုင်ငံကြီး ၂ ခုနဲ့ စစ်မဟာမိတ်အဖွဲ့ကြီး (၂) ခုရှိတယ်။ နောက်ပြီးတော့ ကြားနေဂိုဏ်းကြီး ရှိတယ်။ အဲဒီတုန်းက ‘စစ်အာဏာရှင်စနစ်’ ကို ‘မဆလ’ တပါတီအာဏာရှင် စနစ်ပုံစံနဲ့ လုပ်လို့ ရခဲ့တယ်။ ၂၁ မှာတော့ အဲဒီကမ္ဘာ့ အခြေအနေ မရှိတော့ဘူး။ ပြောင်းသွားပြီ။ ဒါကြောင့် နည်းနည်းပြုပြင်ရတာပဲ။

၂၁ ရာစုကို အမေရိကန်ရာစု ဖြစ်စေရမယ်လို့ ကြွေးကြော်နေတဲ့ စူပါ,ပါဝါနိုင်ငံကြီး တခုတည်းပဲရှိတယ်။ ဆိုဗီယက် စူပါ,ပါဝါက ကျဆုံးသွားပြီ။ ကြားနေဂိုဏ်းကလည်း နာမည်ခံပဲ ရှိတော့တယ်။ ဆိုဗီယက်တဖြစ်လဲ ရုရှားကအခုမှ လူးလဲထနေရတာဖြစ်တယ်။ ကွန်မြူနစ်တရုတ်ပြည်က တရုတ်လက္ခဏာဆောင်တဲ့ ဆိုရှယ်လစ်ပဏာမ အဆင့် ဆိုတာကို စမ်းသပ်နေတာဖြစ်တယ်။ ဒါက ၂၁ ရာစုဝင်ကာစ နိုင်ငံတကာ့ အခြေအနေပဲ။ အခုတော့ နည်းနည်းပြောင်းနေပြီ။ အရင်းရှင်ရုရှားက ပြန်ပြီးနာလန်ထလာတယ်။ တရုတ်ကလည်း အင်အားတစုံတရာ ရှိလာတယ်။ သူတို့က ၂၁ ရာစုကို အမေရိကန်ရာစု အဖြစ်မခံနိုင်ကြဘူး။ ‘ကမ္ဘာ့အစီအစဉ်စနစ်သစ်’ (NWO) ချမှတ်ရေးအတွက် လွန်ဆွဲနေကြဆဲဖြစ်တယ်။ ဝင်ရိုးတခုတည်းရှိတဲ့ ကမ္ဘာ့စနစ်လား၊ ဝင်ရိုးအများရှိတဲ့ ကမ္ဘာ့စနစ်လား လွန်ဆွဲနေကြတာပဲ။ အဲဒီလွန်ပွဲက ကြာလိမ့်မယ်။ (၂) ဘက်စေ့စပ်ကြပြီး၊ ငြိမ်းပြတ်ပြေလည်သွားမလား၊ စစ်ပွဲကြီးတခု ဆင်နွှဲပြီး ပြတ်အောင်လုပ်ကြမလား ဆိုတာကိုတော့ စောင့်ကြည့်ရမှာပဲ။

လွန်ပွဲဖြစ်နေတဲ့ အချိန်မှာတော့ ဗမာပြည်က နအဖအစိုးရဟာ အမေရိကန်ကို ရန်လုပ်ပြီး တရုတ်၊ ရုရှားကိုကပ်ထားတာ လုပ်နိုင်မှာပဲ။ ဒါပေမဲ့ လွန်ပွဲကနေ စစ်ပွဲကြီးဖြစ်သွားရင်တော့ မုချပဲကြားညပ်လိမ့်မယ်။ သက်သာမှာ မဟုတ်ဘူး။ ဒါကြောင့်ပဲ ဗကပက ၂၁ ရာစုဝင်ကတည်းက ‘ပြည်ချစ်ဝါဒလမ်းစဉ်’ ချမှတ်ပြီး လုပ်နေတာဖြစ်တယ်။ ဗမာပြည်က နိုင်ငံကလေးပါ။ နိုင်ငံတကာ့ဂွင်

## မဆလ ပျက်ပေမယ့် ဒီ (၃) ခု (စစ်သုံးစစ်) မပျက်စေနဲ့ဆိုပြီး

(ခွင်) မှာမပြောနဲ့ အရှေ့တောင်အာရှ ဝှင်မှာတောင် အရာဝင်လှတာ မဟုတ်ပါဘူး။ အနေတတ်မှ ဖြစ်မှာပါ။ ကြားညပ်မခံရအောင် ရှောင်ရပါမယ်။ နအဖ စစ်အုပ်စုက အမေရိကန်ကို ဆန့်ကျင်စကားတွေ တဖောင်ဖောင် ပြောနေတာကို ဗကပ က အမြော်အမြင်မဲ့တဲ့ လုပ်ရပ်လို့ မြင်ပါတယ်။ ဗမာပြည်က အမေရိကန်ကို ဆန့်ကျင်တာ မလုပ်သင့်သလို တရုတ်ဆန့်ကျင်ရေးလည်း မလုပ်သင့်ပါဘူး။ ဗမာပြည်ရဲ့ အကျိုးစီးပွားဘက်က ကြည့်ရင် ဘယ်သူ့ကိုမှသွားပြီး ရန်စကား ပြောနေစရာ မလိုပါဘူး။

နအဖ က 'စစ်အာဏာရှင်စနစ်' တည်မြဲရေးအတွက် (စစ်အုပ်စုအကျိုးစီးပွား) ပဲ ကွက်ကြည့်ပြီး အမေရိကန်ကို မဖြစ်ညစ်ကျယ် ပြောနေတာဟာ သိပ်မှားတာပဲ။

ဒီလုပ်နည်းဟာ ဗမာပြည်အတွက် အကျိုးမဲ့စေပါလိမ့်မယ်။ အခုတော့ နေသာပါလိမ့်မယ်။ ရေရှည်မှာ အနေကျပ်ပါလိမ့်မယ်။ စစ်ကြီးဖြစ်ရင်တော့ စစ်တလင်းဖြစ်တာ ခံရမှာပဲ။

၂။ ၁၉၆၂ ခုနှစ်မှာ စစ်အာဏာသိမ်းပွဲ လုပ်တာဟာ စစ်အုပ်စုက သီးခြားပါတီတခု (မဆလ) ထောင်ဖို့ စစ်အစိုးရဖွဲ့ပြီး စစ်အာဏာရှင်စနစ်လုပ်ဖို့ ဖြစ်ပါတယ်။ အဲဒီလို လုပ်ထားရင် စစ်အာဏာရှင်စနစ် ကာလရှည်တည်မြဲမယ်လို့ ထင်ခဲ့တာပါ။ ပြည်သူရဲ့ အခန်းကို လျှော့တွက်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကျဆုံးသွားတာပါ။ အခုတလောမှာ ကွန်မြူနစ်ပျက်တချို့ကရော စစ်အုပ်စု အပယ်ခံတဦးကပါ မဆလ ကျဆုံးရတာ ပြည်သူပိုင် အရမ်းလုပ်ခဲ့လို့ပဲလို့ သုံးသပ်ကြပါတယ်။ မဟုတ်ပါဘူး။

ဖြစ်စဉ်ကို ပြန်ကြည့်ပါ။ 'ပြည်သူပိုင်' သိမ်းတာ အစောကြီးကတည်းကပါ။ မဆလ ပါတီတောင် ပီပီပြင်ပြင် မထောင်နိုင်သေးပါဘူး။ 'ပြည်သူပိုင်' သိမ်းပြီး (၁၀) နှစ်ကျော်ကြာတော့ မဆလ တပါတီစစ်အာဏာရှင်စနစ် 'အခြေခံဥပဒေ' (၁၉၇၄ အခြေခံဥပဒေ) ကို 'ပြည်သူ့ဆန္ဒခံယူပွဲ' နဲ့ အတည်ပြုနိုင်ခဲ့တယ်။ နောက် '၁၀' နှစ် ကျော်ကြာတော့မှ ၁၉၈၈ လူထုအုံကြွမှု ပေါ်တာပဲ။ အဲဒီအခါကျမှ စစ်အာဏာရှင် စနစ်ရယ်၊ စစ်အုပ်စုရယ်၊ စစ်အစိုးရရယ် ဒီ (၃) ခုကို ထိန်းသိမ်းဖို့ အတုအယောင် အာဏာသိမ်းပွဲတခု ကမန်းကတန်း လုပ်ခဲ့တာပါ။ မဆလ ပျက်ပေမယ့် ဒီ (၃) ခု (စစ်သုံးစစ်) မပျက်စေနဲ့ဆိုပြီး လုပ်လိုက်ကြတာပဲ။

နောက်တခု စဉ်းစားကြည့်သင့်တာက 'ပြည်သူပိုင်' သိမ်းလိုက်လို့ အုံကြွမှုကြီး ပေါ်ခဲ့သလား ဆိုတာပါ။ မပေါ်ပါဘူး။ ဗိုလ်အောင်ကြီးတို့ BEDC ဂိုဏ်းပဲ ဘေးရောက်သွားတာပါ။ သူတို့ကကော ဘာများလုပ်ခဲ့ကြသလဲ။ ဘာမှ မလုပ်ပါဘူး။ တောခိုမလို ဘာလိုလိုတော့ လုပ်ခဲ့ပါတယ်။ နောက်တော့ အဖျားရှူးသွားတာပါပဲ။ ဖဆပလ ဂိုဏ်း ၂ ဂိုဏ်းကကော ဘာလုပ်ခဲ့သလဲ။ ဘာမှမလုပ်ပါဘူး။ ဦးနု 'တောခို' တာက ၁၉၇၀ ပြည့်လွန်ကျမှပါ။ 'ပြည်သူပိုင်' သိမ်းလို့ 'တောခို' တာလည်း မဟုတ်ပါဘူး။

၃။ သန်းရွှေစစ်အုပ်စုလုပ်တဲ့ (RM) က နေဝင်းစစ်အုပ်စုလုပ်တဲ့ 'တော်လှန်ရေး' လောက် ရည်မှန်းချက် မကြီးပါဘူး။ ဘာကြောင့်လဲဆိုတော့ သူက စစ်အုပ်စုရယ်၊ စစ်အစိုးရရယ်၊ စစ်အာဏာရှင်စနစ်ရယ် (စစ် ၃ စစ်) ကို နေဝင်းဆီက အမွေရလိုက်လို့ပါ။

RM လုပ်မှာက 'စစ်အစိုးရ' နေရာမှာ "စစ်သားရှေ့ဆောင်တဲ့ (စစ်သားနဲ့ အရပ်သား) ညွန့်ပေါင်းအစိုးရ" တခု ဖွဲ့နိုင်ဖို့ပါပဲ။ ဒါကြောင့်ပဲ အမတ်နေရာ ၂၅% တောင်းနေတာပါ။ တကယ်လို့လာမယ့် 'ဆန္ဒခံယူပွဲ' က သန်းရွှေစစ်အုပ်စု ချိုးထားတဲ့ အတိုင်း ဖြစ်လာရင် 'အခြေခံဥပဒေ' တခု ပေါ်လာမယ်။ ရွေးကောက်ပွဲ လုပ်မယ်။ အစိုးရတရပ်ဖွဲ့မယ်။ အဲဒီအစိုးရက အင်္ဂလိပ်ကိုလိုနီခေတ်က ပေါ်ခဲ့ဖူးတဲ့ ဒေါက်တာဗမော်တို့ သာယာဝတီ ဦးပုတို့၊ ဂဠုန်စောတို့ရဲ့ ညွန့်ပေါင်းအစိုးရမျိုးပဲ ပေါ်လာမှာပဲ။ အာဏာပိုင်ကတော့ ဟိုတုန်းက ဘုရင်ခံ၊ အခုတော့ စစ်အုပ်စု 'နံပါတ်ဝမ်း' ဖြစ်မှာပဲ။

အဲဒီအခါကျရင် 'နအဖ' လို အဖွဲ့မျိုးတော့ရှိနေမှာ မဟုတ်ဘူး ထင်ပါတယ်။ စစ်အုပ်စုက 'အခြေခံဥပဒေ' အရ ပေါ်ပေါက်လာတဲ့ စစ်အုပ်စုအသစ်ပဲ ဖြစ်မှာပဲ။

'၁၉၇၄ အခြေခံဥပဒေ' ပေါ်လာတော့ 'တော်လှန်ရေးကောင်စီ' ဆိုတာ ပျောက်သွားပြီး မဆလ CEC ထဲမှာပဲ စစ်အုပ်စုအသစ် ပေါ်လာသလို ပေါ်လာမှာပဲလို့ တွက်ဆရပါတယ်။

(RM) ရဲ့ နိုင်ငံရေး အစီအစဉ်ကို ချုပ်ပြီးပြောရရင် (က) စစ်အုပ်စုကို ထိန်းထားမယ်။ (ခ) စစ်အာဏာရှင်စနစ်ကို ထိန်းထားမယ်။ (ဂ) စစ်အစိုးရစစ်စစ်ကနေ စစ်သားရှေ့ဆောင်တဲ့ စစ်သားနဲ့ အရပ်သား ညွန့်ပေါင်းအစိုးရတခုအဖြစ် ပြုပြင်မယ်။ အဲဒါကို "စည်းကမ်းရှိတဲ့ ဒီမိုကရေစီစနစ်" လို့ သူတို့ ပြောကြလိမ့်မယ်။ ဆိုရှယ်လစ် ခေတ်စားတော့ ဆိုရှယ်လစ်လုပ်တယ်။ ဒီမိုကရေစီခေတ်စားတော့ ဒီမိုကရေစီအလံ ထူလိုက်တာပဲ ဖြစ်ပါတယ်။

# တပ်မတော်
# ပြုပြင်ရေးလှုပ်ရှားမှု (RAM)
# တဆင့်တိုး လုပ်ကြဖို့

၁။ နောက်တချီ အုံကြွမှုအတွက် အချိန်ယူပြင်ရမှာပဲ။ တပါတီ တဖွဲ့တည်း ပြင်လို့မရပါဘူး။ အားလုံးဝိုင်းပြီး ပြင်ရပါမယ်။ လက်နက်မဲ့ ပြည်သူတွေကိုချည်း စည်းရုံးတာနဲ့ မလုံလောက်ပါဘူး။ လက်နက်ကိုင်ထားတဲ့ သူတွေကိုပါ စည်းရုံးရပါမယ်။ လက်နက်ကိုင်ထားတာက အစိုးရစစ်တပ် (တပ်မတော်) ရှိတယ်၊ အပစ်အခတ်ရပ်စဲထားတဲ့ 'ငြိမ်းအဖွဲ့' တွေရှိတယ်၊ ပုလိပ်တွေရှိတယ်။ သူတို့ကို စည်းရုံးရမှာပဲ။ တိုင်းချစ်ပြည်ချစ်တွေ၊ နိုင်ငံရေးအမြော်အမြင်ရှိသူတွေ ဖြစ်အောင် လုပ်ရမှာပဲ။

၂။ '၂၀၀၇ စက်တင်ဘာ အုံကြွမှုကြီး' ပြီးတဲ့နောက်မှာ စစ်အုပ်စုကလည်း နောက်တချီအတွက် ပြင်နေတာပဲ။ စစ်တပ်တွင်း ပြင်တာတွေတော့ 'အတွင်းပိုင်းသတင်း' တွေမှာ အမြဲတွေ့နေရတယ်။ တခြားပြင်တာလည်း ရှိတယ်။ နအဖ အလံရှူးတယောက်က ဗိုလ်အောင်ကြီးကို ဗျူးတာလည်း ပြင်နေတာတခုပဲ။

မှတ်မိကြပါလိမ့်ဦးမယ်။ ၁၉၈၈ တုန်းကလည်း ဗိုလ်အောင်ကြီးကို ထောင်ကလွှတ်ပြီး "တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့" လို့ ပြောခိုင်းခဲ့တယ် မဟုတ်လား။ အခုလည်း အလံရှူးသုံးပြီး နအဖ က ဗိုလ်အောင်ကြီးကို 'ဗျူး' နဲ့ ပွဲထုတ်ပေးနေပြန်ပြီ။ မိမိတို့အားလုံး (အားလုံး) သတိရှိရပါမယ်။

ဗိုလ်အောင်ကြီးက "တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့" လို့ချည်း ပြောတာမဟုတ်ပါဘူး။ တပ်ကလည်း စိတ်နဲ့တောင် မပြစ်မှားနဲ့လို့ပါ ထည့်ပြောပါတယ်လို့ ရှင်းချက်ထုတ်တယ်။ အဲဒီတုန်းက ဗိုလ်အောင်ကြီးပြောခဲ့တာ ရုပ်သံသွင်းထားတာတွေ ရှိတာပဲ။ ဗိုလ်အောင်ကြီးက ဘာကိုအထူးပြုပြောနေသလဲဆိုတာ ရှင်းနေပါတယ်။ ကြွေးကြော်သံတောင် တိုင်ပေးလိုက်သေးရဲ့။

သူ့ရှင်းချက်ထဲမှာလည်း ပါနေပါတယ်။ ဒို့မှာ လက်နက်မရှိဘူး။ လက်နက်ရှိသူကို ကြောက်ကြ၊ ငုံ့ခံကြလို့ ပြောနေတာပဲ။ လူထုလက်ထဲမှာ လက်နက်က အခုလည်းမရှိဘူး။ ဟိုတုန်းကလည်း မရှိဘူး။ အဲဒီတော့ တသက်လုံး ငုံ့ခံကြလို့ ပြောတာပါပဲ။

ဒီလိုပြောတာလည်း အကြောင်းရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ စစ်တပ် (လက်နက်) နဲ့ အာဏာသိမ်းတဲ့ သမိုင်းကို သူပဲစခဲ့တာပဲ။ သူက ဘာကောင်မှ မဟုတ်လို့ (အခု 'ဗျူး' တွေမှာတော့ သူ့ကိုယ်သူ ဗိုလ်အောင်ဆန်း၊ ဗိုလ်နေဝင်းတို့နဲ့ တတန်းတည်းထားတယ်) ဗိုလ်နေဝင်းကို ဆရာတင်ခဲ့ရတာပါ။ ဗိုလ်နေဝင်းကို နိုင်ငံရေးစင်မြင့်ပေါ် သူတို့ပဲ ဝိုင်းတင်ပေးခဲ့ကြတာ မဟုတ်လား။

ဆန်စင်ရာ ကျည်ပွေ့လိုက်နေစရာ မလိုလို့ သူ့ကိုယ်ကို 'ရွှေ' လို့ပြောတာ၊ 'ဒီမိုကရေစီဖခင်ကြီး' လို့ မြှောက်ပြောတာ (BEDC ဂိုဏ်းက မြှောက်ပြောတာ) ကို ဘဝင်ခွေ့တာတွေကိုတော့ အလေးထားပြီး မရေးတော့ပါဘူး။ အခုကျမှ ဘာကြောင့် ဗိုလ်အောင်ကြီးကို နအဖ က ပွဲထုတ်လာသလဲ ဆိုတာကိုပဲ ရေးပါမယ်။

၃။ ဗိုလ်အောင်ကြီးကို ဘာကြောင့် ပွဲထုတ်လာသလဲ။

* ဂမ်ဘာရီလာတော့မယ်။ DASSK နဲ့ "စကားပြော" တော့မယ်။ (စေ့စပ်ဆွေးနွေးတယ်လို့ မပြောတာ သတိပြု NLD ကို စကားထဲတောင် ထည့်မပြောတော့တာကိုလည်း သတိပြုပါ) RM အချက် (၄) 'ဆန္ဒခံယူပွဲ' လုပ်တော့မယ်။ ဒါတွေကြောင့် ပွဲထုတ်တာပဲ။

* <u>အကျယ်ရှင်းပါမယ်။</u>

DASSK ကို "ခေါင်းမာသူ" လို့ ပြောထားဖို့မှာ ဗိုလ်အောင်ကြီးပဲ ပြောမှာဖြစ်လို့ပဲ (DASSK က 'ကြေး' သူကမှ 'ရွှေ' လို့ ပြောဝံ့တာ သူမို့ အရှက်မရှိပလေတယ်။ ၁၉၉၀ ရွေးကောက်ပွဲက (ဖယောင်းက) ဘယ်သူရွှေလဲ ဆိုတာ သက်သေခံခဲ့ပြီးပြီပဲ။)

NLD ထဲက ဗိုလ်အောင်ရွှေ၊ ဗိုလ်လွင်တို့ကို နေဝင်းအပေါ် "အာဃာတကြီးသူတွေ" ဖြစ်အောင် အာဏာငမ်းငမ်းတက် လိုချင်သူတွေ ဖြစ်အောင် ကြိုတင်အပုပ်ချထားတာပဲ။ သန်းရွှေက NLD ကို စကားထဲတောင် ထည့်မပြောတာကို ကာကွယ်ပေးဖို့ ဖြစ်တယ်။

* RM အချက် (၄) 'ဆန္ဒခံယူပွဲ' က လာတော့မယ်။ 'ဆန္ဒ ခံယူပွဲ' မှာ ဆန့်ကျင်မဲ မပေးကြနဲ့၊ လက်နက်ရှိသူ ပြောတဲ့ အတိုင်း တသွေမတိမ်း လိုက်နာကြ၊ ဒါမှ 'သက်သာမယ်' လို့ ပြောတာပဲ။ "စိတ်နဲ့တောင် မပြစ်မှားနဲ့" ဆိုတာထက် ပြင်းထန်တဲ့ သဘောပဲ။

၄။ နောက်တချီ အုံကြွမှုကို ပြင်ပြင်ဆင်ဆင် လုပ်ကြစေချင်တယ်။ RAM ကိုလည်း လုပ်ကြစေချင်တယ်။ လူထုအုံကြွမှု ဖြစ်နေမှ စည်းရုံးရရင် နောက်ကျသွားလိမ့်မယ်။ RAM ကို အခုကတည်းက (နည်းမျိုးစုံနဲ့) လုပ်သင့်ပါတယ်။ လူထုအုံကြွမှုကို နှိမ်ဖို့၊ အကြမ်းဖက်ဖို့လာတဲ့ တပ်ကိုနားချဖို့ဆိုတာ သိပ်ခက်ပါတယ်။ စိတ်ချရသူကို လွှတ်လိုက်တာပါ။ အရက်ကိုးမောင်းတိုက်ပြီး လွှတ်လိုက်တာပါ။

၅။ လူထုအုံကြွမှုရဲ့ ပစ်မှတ်က ကျဉ်းရပါမယ်။ ကျဉ်းလေကောင်းလေ၊ ချက်ကောင်းကို ချိန်ပစ်လေ ကောင်းလေပါ။ ပြင်ဆင်တာမှာ အချိန်ယူရပါမယ်။ စေ့စေ့စပ်စပ်ရှိရပါမယ်။ တိုက်ပွဲဝင်ရင် အဖြေကောင်း အမြန်ပေါ်စေရပါမယ်။ ခေါင်းဆောင်မှုက တစုတစည်းတည်းရှိမှ ဘယ်အချိန်မှာတက်မယ်၊ ဘယ်အချိန်မှာ အနိုင်နဲ့ပိုင်းမယ်ဆိုတာ ဆုံးဖြတ်နိုင်ပါတယ်။ ဥပဒေတွင်း တိုက်ပွဲအတွေ့အကြုံ ဗကပ မှာ နည်းပါတယ်။ ဒါကြောင့် ရှေ့တန်းမှာ ရှေ့ဆောင်နိုင်သူများ စဉ်းစားရန် တင်ပြတာပါ။ ။

**လူထုအုံကြွမှုဖြစ်နေမှ**
**စည်းရုံးရရင်**
**နောက်ကျသွားလိမ့်မယ်။**
**RAM ကို**
**အခုကတည်းက (နည်းမျိုးစုံနဲ့)**
**လုပ်သင့်ပါတယ်။**




# ခေတ်မီစစ်ပွဲဆင်နိုင်တဲ့စွမ်းရည် ချို့တဲ့နေသော နအဖ တပ်မတော်

နိုင်ငံတကာ့တပ်မတော်များအကြောင်း လေ့လာကြည့်ရင် တပ်မတော်တိုင်းဟာ မိမိတို့ရဲ့ တိုက်ခိုက်ရေးစွမ်းရည် ခေတ်မီမြင့်မား တိုးတက်လာအောင် ကြိုးစားတည်ဆောက် နေကြတာ တွေ့ကြရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ၂၁ ရာစု အမေရိကန်အစိုးရရဲ့ နယ်ချဲ့စစ်ပွဲသစ်များအပြီးမှာ နိုင်ငံအသီးသီးဟာ မိမိတို့တပ်မတော်များကို ခေတ်မီစစ်ပွဲ ဆင်နွှဲနိုင်ဖို့ ပြင်ဆင်တည်ဆောက်ကြဖို့ လှုန့်နှိုးတာ ခံလိုက်ကြရပါတယ်။ ဒါကြောင့်လည်း တိုက်စွမ်းရည် မြှင့်တင်နိုင်အောင် ဖွဲ့စည်းမှု၊ လက်နက်တပ်ဆင်မှု၊ လေ့ကျင့်မှုတွေကို မိမိတို့ရဲ့ အခိုင်အမာအခြေအနေအရ လုပ်ဆောင်နေကြတဲ့ သတင်းတွေဟာ နေ့စဉ်သတင်းတွေမှာ အဆက်မပြတ် တွေ့နေကြရတာ ဖြစ်ပါတယ်။ ဗမာပြည်က နအဖ စစ်တပ်ကတော့ ခေတ်မီတပ်မတော် ဖြစ်အောင် စနစ်တကျတည်ဆောက်တာ မတွေ့ရဘဲ မြို့သစ်တည်တာ၊ စစ်ဗိုလ်ချုပ်တွေ ရာထူးအပြောင်းအလဲလုပ်တာနဲ့ ပြည်တွင်းက အတိုက်အခံ နိုင်ငံရေးအင်အားစုများနဲ့ ရဟန်းပြည်သူတွေကို တိုက်ခိုက်ချေမှုန်းတဲ့ လုပ်ငန်းများသာ လုပ်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။

အခုတလော နအဖ ထိပ်ပိုင်း ဗိုလ်ချုပ်တွေရဲ့ ရာထူးအပြောင်းအလဲ သတင်းတွေ ဆက်တိုက်ထွက်လာတာ ကြားရပြန်ပါတယ်။ နဝတ၊ နအဖ စစ်အစိုးရခေတ်မှာ ဗိုလ်ချုပ်တွေ ဖမ်းလိုက်၊ ဖြုတ်လိုက်၊ အသစ်ခန့်လိုက်ဆိုတာတွေဟာ မကြာခဏတွေ့နေကြရတာမို့ ထူးဆန်းတာ မဟုတ်တော့ပါဘူး။ ခုလို ဒုတိယတန်း၊ တတိယတန်း ဗိုလ်ချုပ်တွေ ပြောင်းလဲတာ မကြာခဏတွေ့ရပေမယ့် ပထမတန်းစား ဗိုလ်ချုပ်မှူးကြီးနှစ်ယောက် အစဉ်တည်မြဲနေတာကတော့ ထူးဆန်းတယ် ဆိုရမှာပါပဲ။ အရင်တခေါက် ဗိုလ်ချုပ်တွေ အပြောင်းအလဲက တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဝန်ကြီးချုပ်ဗိုလ်ခင်ညွန့်ရဲ့ ခြေလှမ်းတွေက ဗိုလ်ချုပ်မှူးကြီးတွေအတွက် အန္တရာယ် ဖြစ်လာလို့ ဖြေရှင်းရာက ပေါ်ခဲ့တာပါ။ လူတွေနဲ့အတူ ဌာနကြီးတခုလုံးပါ ပျောက်ကွယ်သွားပါတယ်။ ခုတခေါက်က သေသွားတဲ့ ဗိုလ်ချုပ်တွေနေရာ အစားထိုးဖို့နဲ့ ကုလသမဂ္ဂနဲ့နိုင်ငံတကာရဲ့ ဖိအားတွေအောက်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ စကားပြောဖို့ စီစဉ်ရတာတွေကြောင့် ဖြစ်ပါတယ်။ အဓိကပိုကျတာက အခုရေးဆွဲနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်အရ ပေါ်လာမယ့် အစိုးရမှာ သူ့လူကိုယ့်လူ နေရာခွဲဝေယူဖို့ ပြင်ဆင်တာ ဖြစ်ပါတယ်။

စစ်အစိုးရခေတ်မှာ ဗိုလ်ချုပ်တွေ နေရာချထားတာ၊ စစ်တပ်တွင်း ဌာနသစ်များ ဖန်တီးရတာတွေဟာ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ထိပ်တန်းဦးစားပေးလုပ်ငန်းများ ဖြစ်နေပါတယ်။ နအဖ စစ်တပ်ဟာ စစ်တပ်လုပ်ငန်းထက် အစိုးရလုပ်ငန်းလုပ်တာ ကြာလာတော့ စစ်တပ်နဲ့ အစိုးရက တထပ်တည်း ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် စစ်ရာထူးနဲ့ စစ်တပ်တွင်းက ဌာနများ ဖန်တီးမှုဟာ စစ်တပ်တတပ်ရဲ့ လိုအပ်မှုအရ စဉ်းစားလုပ်ဆောင်တာက အဓိကမဟုတ်ဘဲ အစိုးရလုပ်ငန်းအတွက်ထည့်စဉ်းစားပြီး လုပ်ဆောင်တာ ဖြစ်လာပါတယ်။ စစ်တပ်တွင်း ထိပ်ပိုင်းနေရာများအတွက် လူရွေးချယ်တာဝန်ပေးတာဟာလည်း အစိုးရလုပ်ငန်းဌာနများအထိပါ ဆက်စပ်သွားမှာ ဖြစ်တာကြောင့် အခွင့်အာဏာနဲ့ စီးပွားရေးအကျိုးစီးပွားများအရ အသေအချာတွက်ချက်ထိန်းညှိကြပုံ ပေါ်ပါတယ်။ သူ့လူတွေချည်း နေရာရသွားရင် ကိုယ့်

နေရာပါ ပြုတ်သွားနိုင်တာမို့ အသက်တမျှ အလေးထားကြတာ ဖြစ်ပါတယ်။

နအဖ တပ်မတော်ရဲ့ ဦးစားပေး လုပ်ငန်းဟာ နိုင်ငံတော်အာဏာကို ပိုင်ပိုင် နိုင်နိုင်ချုပ်ကိုင်ထားနိုင်ဖို့ ဖြစ်တာကြောင့် ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဦးစားပေး လုပ်ငန်းဟာ တိုင်းပြည်ကာကွယ်ရေးအတွက် ခေတ်မီတပ်မတော်တခုဖြစ်အောင် တည် ဆောက်နိုင်ရေး မဟုတ်တော့ဘဲ နိုင်ငံတော် အာဏာချုပ်ကိုင်နိုင်ရေးအတွက် လိုအပ် သော လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရေး ဖြစ်နေပါတယ်။ နိုင်ငံတကာ့တပ်မတော် များက ခေတ်မီစစ်ပွဲတွေမှာ ယှဉ်ပြိုင်နိုင်စွမ်း ရှိဖို့ အထူးသဖြင့် ပင်လယ်ကွေ့စစ်ပွဲများ အပြီးမှာ ရလာတဲ့ အတွေ့အကြုံများအရ ကိုယ့်တပ်မတော်ရဲ့ လိုအပ်တဲ့ဘက် အသီးသီး ကို ဖြည့်စွမ်းနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေ ကြပါတယ်။ နအဖ တပ်မတော်ကတော့ ဗိုလ် ချုပ်တွေ စည်းစိမ်ရှိရှိနေနိုင်ဖို့ မြို့တော်သစ် တည်ဆောက်တာနဲ့ပြည်တွင်းက အတိုက် အခံ နိုင်ငံရေးအင်အားစုများနဲ့ ဆန္ဒပြပွဲများ ကို နှိမ်နင်းဖို့လေ့ကျင့်တာကို ဦးစားပေး လုပ်နေတာ တွေ့ရပါတယ်။ ဩဂုတ်၊ စက်တင်ဘာလများအတွင်းက လောင်စာဆီ ဈေး နှစ်ဆတက်သွားလို့ ဆင်းရဲသားပြည်သူ လူထုတွေရဲ့ စားဝတ်နေရေးကျပ်တည်းမှု အခြေခံပေါ်က ပေါ်ထွက်လာတဲ့ ကျောင်းသား၊ သံဃာနဲ့လူထုရဲ့ လှည့်လည်ဆန္ဒပြပွဲများ မြို့အတော်များများမှာ ဖြစ်ပွားခဲ့ပါတယ်။ ဒီအချိန်မှာ စစ်တပ်ကို ကြံ့ဖွံ့၊ စွမ်းအားရှင်၊ ရဲတပ်ရင်းများနဲ့ ပူးတွဲပြီး အဓိကရုဏ်းနှိမ်နင်း ရေးအတွက် လေ့ကျင့်ဖို့ ကာကွယ်ရေးဝန်ကြီး ဌာနက တာဝန်ပေးခိုင်းစေခဲ့ပါတယ်။ ဒီ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားချက်အရ စစ်တိုင်းအသီးသီးရဲ့ လက်အောက်ခံစစ်တပ် များနဲ့ စွမ်းအားရှင်၊ ရဲတပ်ရင်းများဟာ အကြိမ်ကြိမ်ပူးတွဲလေ့ကျင့်တာ၊ လိုအပ်တဲ့ လက်နက်တပ်ဆင်တာတွေ လုပ်ကြပါတယ်။ ဆန္ဒပြပွဲကြီးမားလာချိန်မှာတော့ ဖြစ်ပွားခဲ့တဲ့ မြို့အသီးသီးမှာ ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တွေက သူတို့ကို တပ်ဆင်ထားတဲ့ တုတ်ဓားများနဲ့ ရိုက်နှက်ဖြိုခွဲကြပြီး ရဲတပ်ရင်းတွေက သူတို့ကို တပ်ဆင်ထားတဲ့ ဂရီနာ ၁၂ ဗို့ ပြောင်းချော သေနတ်နဲ့ ရာဘာကျည်များ အသုံးပြုပြီး ပစ်ခတ်ဖြိုခွဲပါတယ်။ စစ်တပ်တွေကတော့ နအဖ ရဲ့ နောက်ဆုံးထုတ် မောင်းပြန် သေနတ်များသုံးပြီး တကယ့်ကျည် အစစ် များနဲ့ ပစ်ခတ်ဖြိုခွဲခဲ့ပါတယ်။ နအဖ စစ်တပ် မှာ အဓိကစစ်ဆင်ရေးများမှာသာ အသုံး ပြုဖို့ထားတဲ့ ခြေမြန်တပ်မများဖြစ်တဲ့ တပ်မ (၃၃)၊ တပ်မ (၆၆) နဲ့ တပ်မ (၇၇) တို့ဟာ ဒီဆန္ဒပြပွဲတွေတွင်း မန္တလေးနဲ့ ရန်ကုန်မြို့ များမှာ တာဝန်ယူခဲ့ကြပြီး သံဃာနဲ့လူထုကို ပစ်ခတ်ချေမှုန်း ဖြိုခွဲခဲ့ကြပါတယ်။ နအဖ စစ်တပ်ရဲ့စစ်ဆင်ရေးတာဝန်ဟာ မြို့ပေါ်က လူထုဆန္ဒပြပွဲကို ချေမှုန်းဖို့ဖြစ်ပြီး ရည် ရွယ်ချက်က ကာကွယ်ရေးဝန်ကြီးဌာနနဲ့ နအဖ အာဏာတည်မြဲအောင်ကာကွယ်ရေး ဖြစ်ပါတယ်။

ဗမာ့တပ်မတော်ဟာ လွတ်လပ် ရေး ရပြီးနောက် ဖြစ်လာခဲ့တဲ့ ပြည်တွင်း စစ်အတွင်းမှာ ကြီးထွားလာခဲ့တာ ဖြစ်ပါ တယ်။ ပြည်တွင်းစစ်တိုက်ဖို့ ခြေလျင်တပ်ရင်း တွေ တိုးချဲ့တည်ဆောက်ရင်း အင်အားကြီး လာကာ အာဏာသိမ်းပြီး စစ်အစိုးရလုပ်လာ ခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်တိုက်ဖို့ ရည်ရွယ်ပြီး လူအင်အားများအောင် စု ဆောင်းထားပြီး မောင်းပြန်ရိုင်ဖယ်နဲ့ ကျည်ဆန်စက်ရုံ တည်ဆောက်တာကိုသာ အလေးထားခဲ့တာ ဖြစ်ပါတယ်။ မဆလ ခေတ်မှာလည်း ဒီအတိုင်းဖြစ်ပြီး နဝတ၊ နအဖ ခေတ်မှာလည်း ဒီလမ်းစဉ်အတိုင်း လျှောက် ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အရှေ့တောင် အာရှမှာ လူအင်အားအများဆုံး တပ်မတော် တခုဆိုတဲ့ ဂုဏ်ထူးတော့ ရှိပါတယ်။ ဒါပေမဲ့ နိုင်ငံတော်ကာကွယ်နိုင်မယ့် စစ်လက်နက်နဲ့ စစ်စွမ်းရည်ကတော့ ချို့တဲ့ပါတယ်။ လူအင် အားများပြားမှုကြောင့် တိုင်းပြည်ရဲ့ ဘဏ္ဍာ

***အစိုးရနေရာ***
***ဝင်ယူထားတဲ့ စစ်တပ်၊***
***စစ်တန်းလျားထဲ***
***ပြန်ဝင်တာကို***

ငွေကို စစ်သုံးစရိတ်မှာ အများအပြား သုံးစွဲ နေရပေမယ့် ခေတ်မီစစ်တပ်တတပ်ဖြစ်ဖို့က အလှမ်းဝေးပါတယ်။ တပ်သားအသစ် စု ဆောင်းရေးအတွက် ကြော်ငြာဖို့ ရိုက်ပြ ထားတာဟာ နအဖ စစ်တပ်ရဲ့ ခေတ်မီမှု အစွမ်းကုန်ဖြစ်ပုံ ရပါတယ်။

စစ်တပ်တတပ်ဟာ စစ်တပ် လုပ်ငန်းကို အဓိကထားလုပ်ကိုင်မှသာ ခေတ် မီတဲ့ စစ်တပ်၊ စစ်စွမ်းရည်ပြည့်ဝတဲ့စစ်တပ်၊ နိုင်ငံကို ကာကွယ်နိုင်မယ့်စစ်တပ် ဖြစ်လာ နိုင်ပါတယ်။ နအဖ လို စစ်တပ်က အစိုးရ အလုပ်ကို ဝင်လုပ်နေရင်၊ အရပ်ဘက် အုပ်ချုပ်ရေးနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဝင်လုပ်နေရင် လက်ရှိမြင်နေရသလို သူဌေး ဗိုလ်ချုပ်၊ ဝန်ကြီးဗိုလ်ချုပ်တွေက လိုအပ် သည်များ ညွှန်ကြားတတ်ပြီး အောက်ခြေ တပ်များက အထက်က ခိုင်းတဲ့အတိုင်း အတိုက်အခံ နိုင်ငံရေးအင်အားစုများနဲ့ ပြည်သူလူထုကို ဖိနှိပ်သတ်ဖြတ်တဲ့ အလုပ် မျိုးသာ ကျွမ်းကျင်တဲ့ စစ်တပ်မျိုးပဲ ပေါ်ထွက် လာမှာ ဖြစ်ပါတယ်။ ဗမာပြည်မှာ စွမ်းရည် ပြည့်ဝတဲ့၊ ခေတ်မီတိုးတက်တဲ့၊ နိုင်ငံကို ကာကွယ်နိုင်မယ့် တပ်မတော်စစ်စစ်တခု တည်ဆောက်နိုင်ဖို့ စစ်မှန်တဲ့ ပါတီစုံ စနစ်ကျင့်သုံးနိုင်တဲ့ ဒီမိုကရေစီအစိုးရတရပ်ရှိဖို့ လိုအပ်ပါတယ်။ ဒီရည်ရွယ်ချက် အောင်မြင် အောင် ဆောင်ရွက်နိုင်ဖို့ အစိုးရနေရာ ဝင် ယူထားတဲ့ စစ်တပ်၊ စစ်တန်းလျားထဲ ပြန်ဝင် တာကို ပထမဆုံး လုပ်ရမှာပါ။

# သမိုင်းနိဂုံး ချုပ်မချုပ်ကိစ္စ

**လေ့လာရေး**

၁။ 'သမိုင်းနိဂုံးချုပ်' ကိစ္စဟာ ကိစ္စကြီးဖြစ်တယ်။ ဒါကိုဆွေးနွေးချင်ပါတယ်။ ဒီကိစ္စက စစ်အေးခေတ် (၁၉၄၇– ၁၉၈၉) ပြီးဆုံးစကာလကစပြီး ပေါ်လာတာပါ။ ကွန်ဆာဗေးတစ်လက်သစ် (neo-con) တဦးဖြစ်တဲ့ ဖူကုယာမ ဆိုသူက စလိုက်တာပဲ။ အတော်ကလေး ဂယက်ထသွားပါတယ်။ ကွန်မြူနစ်ဆန့်ကျင်ရေးသမားတွေရဲ့ ကျမ်းတဆူနီးပါး (သူ့စာအုပ်က) ဖြစ်သွားပါတယ်။ ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ ၂၁ ရာစုထဲလည်းဝင်လာရော "သမိုင်းကနိဂုံးချုပ်" ဖို့နေနေသာသာ သမိုင်းက အရှိန်အဟုန်နဲ့ ဖြစ်ပေါ်တိုးပွားလာတယ်။ အာဖဂန်စစ်၊ အီရတ်စစ် ဖြစ်လာတော့ ဖူကုယာမ ကိုယ်တိုင် နောက်တလှမ်းဆုတ်တယ်။ ထားပါတော့။

၂။ ဖူကုယာမရဲ့အတွေးအခေါ်က မာ့က်စ်ဝါဒ နိဂုံးချုပ်ပြီလို့ ပြောနည်းတမျိုးနဲ့ ပြောတာပါ။ မာ့က်စ်ဝါဒရဲ့အစဟာ 'ကွန်မြူနစ်ကြေညာစာတမ်း' (၁၈၄၈) ကပါ။ အဲဒီကြေညာစာတမ်းမှာ သမိုင်းဆိုတာဟာ လူတန်းစားတိုက်ပွဲတွေရဲ့ သမိုင်းပဲလို့ အစချီထားပါတယ်။ အိန်ဂယ်လ်က ထပ်ပြီးဖြည့်စွက်ပါတယ်။ လူတန်းစားတွေအဖြစ် ကွဲပြားလာချိန်ကစပြီး သမိုင်းဆိုတာ လူတန်းစားတိုက်ပွဲရဲ့ သမိုင်းပဲလို့ ဖြည့်စွက်ပါတယ်။ ပိုပြီးပြည့်စုံသွားတာပေါ့။

ကျွန်တော်တို့ပါတီက ဖူကုယာမရဲ့ နိဂုံးချုပ်အယူအဆကို ဘယ်တုန်းကမှ လက်မခံခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူတန်းစားကွဲပြားမှု ရှိနေသမျှ လူတန်းစားတိုက်ပွဲ ရှိနေမယ်။ လူတန်းစားတိုက်ပွဲရှိနေရင် သမိုင်းလည်းရှိနေမယ်လို့ ယူဆလို့ပါ။

၃။ ဖူကုယာမ အဲဒီအယူအဆတင်စဉ်က ဆိုဗီယက်ယူနီယံ ပြိုကွဲချိန်ပါ။ နိုင်ငံတကာ့ ကွန်မြူနစ်အရေးတော်ပုံကြီးတခုလုံး နောက်တလှမ်းဆုတ်နေရချိန်ပါ။ တချို့က အုပ်စီးပျက်ပြီး ကစဉ့်ကလျားဆုတ်တယ်။ တချို့က အုပ်စီးမပျက်အောင် ထိန်းပြီးဆုတ်ကြပါတယ်။ (ကျွန်တော်တို့ပါတီက ဒုတိယအမျိုးအစားမှာ ပါ,ပါတယ်။)

အခုဆွေးနွေးချင်တာက ဘာကြောင့်ဆုတ်ရသလဲ ဆိုတာပါ။ ပုဂ္ဂလိကအမြင်သက်သက်ကို တင်ပြတာပါ။

<u>ဘာကြောင့်ဆုတ်ရသလဲ။</u>

(က) ရုရှားတော်လှန်ရေးနဲ့ တရုတ်တော်လှန်ရေးတို့မှာ တူညီတဲ့ထူးခြားချက် ရှိတယ်။ သူတို့တော်လှန်ရေးတွေဟာ မာ့က်စ်၊ အိန်ဂယ်လ်တို့ တွေးခေါ်ခဲ့သလို ရှေ့တန်းရောက် တိုင်းပြည်တွေက တပြိုင်တည်း အရင်းရှင်အာဏာရှင်စနစ်ကို တော်လှန်တဲ့ ကမ္ဘာ့တော်လှန်ရေးမျိုး လုပ်တာမဟုတ်ဘူး။ ရှေ့တန်းရောက်တိုင်းပြည်တွေ ဆိုတာက (အဲဒီတုန်းက) အရင်းရှင်စနစ် အမြင့်ဆုံးအဆင့်ရောက်နေတဲ့ အင်္ဂလန်နဲ့ ဂျာမဏီ၊ ပြင်သစ်နဲ့ အမေရိကန်တို့ကိုပဲ ဆိုလိုတာပါ။ ရုရှားပြည်၊ တရုတ်ပြည်တို့က ပဒေသရာဇ်တပိုင်း အရင်းရှင်တပိုင်း ခေတ်နောက်ကျတဲ့ တိုင်းပြည်တွေပဲ။ သူတို့တော်လှန်ရေးတွေ နိုင်တာက ရှေ့တန်းရောက် တိုင်းပြည်ကြီးတွေအချင်းချင်း နယ်ချဲ့စစ်ပွဲ (ကမ္ဘာစစ်) ဆင်နွှဲနေကြတာကို ချက်ကောင်းယူနိုင်လို့ပဲ။ ပထမကမ္ဘာစစ်မှာ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်ကတဖက် ဂျာမဏီကတဖက် စစ်ဖြစ်နေတာကို ချက်ကောင်းယူနိုင်လို့ ရုရှားတော်လှန်ရေး အောင်မြင်တာပဲ။ တရုတ်တော်လှန်ရေးကလည်း ဒုတိယကမ္ဘာစစ်ကို ချက်ကောင်းယူနိုင်လို့ အောင်မြင်တာပဲ။ ဒီမှာ သင်ခန်းစာထုတ်ယူနိုင်တာက နိုင်ငံတကာ့ အခြေအနေကို ချက်ကောင်းယူပြီး မိမိပြည်တွင်း တော်လှန်ရေးကို အောင်မြင်အောင် လုပ်နိုင်တယ်ဆိုတဲ့ သင်ခန်းစာဖြစ်တယ်။

(ခ) ဖွံ့ဖြိုးပြီးနိုင်ငံတွေ (ရှေ့တန်းရောက်နိုင်ငံတွေ) က အမြဲတမ်းသူတို့အချင်းချင်း စစ်တိုက်နေကြတာ မဟုတ်ဘူး။ အထူးသဖြင့် ၁၉၄၇ လောက်ကစပြီး သူတို့အချင်းချင်း သွေးစည်းနေကြတယ်။ အားအကြီးဆုံးဖြစ်တဲ့ အမေရိကန်ကို ခေါင်းဆောင်တင် ဗိုလ်လုပ်ခွင့်ပေးပြီး စည်းလုံးနေကြတယ်။ သူတို့ချင်း ပဋိပက္ခဖြစ်ရင်လည်း စစ်ဖြစ်လောက်သည့်အထိ မပြင်းထန်အောင် ထိန်းညှိကြတယ်။ အဲဒီလိုလုပ်နေတာ အခုအထိပဲ။

၁၉၁၄ က ၁၉၄၅ ထိ (နှစ် ၃၀) တုန်းကတော့ အခြေအနေကတမျိုးပဲ။ ဘယ်သူကမှ ဘယ်သူ့ကိုမှ ဗိုလ်မထားဘူး။ စစ်ထမတိုက်ကြသေးရင်လည်း ရန်ဖြစ်နေကြတာပဲ။

၁၉၄၇ က အခုအထိ (နှစ် ၆၀) ကျတော့ တမျိုးဖြစ်တယ်။ ကျေကျေနပ်နပ်ပဲ အမေရိကန်ကို ဗိုလ်လုပ်ခိုင်းထားကြတယ်။ ရန်လည်း သိပ်မဖြစ်ကြဘူး။ G7 ဆိုပြီး ဖွဲ့ထားတယ်။ ရန်ဖြစ်မယ့် အခြေအနေဖြစ်ရင်လည်း ထိန်းညှိတယ်။ တခါတလေ ပြင်သစ်လိုဟာက ဘေးဖဲ့ထွက်ရင်လည်း စေ့စပ်လိုက်တယ်။ ထိန်းညှိလိုက်တယ်။ အင်္ဂလိပ်ကတော့ အမေရိကန်ကို လိုလိုချင်ချင်ပဲ ဗိုလ်လုပ်ခိုင်းထားတာပဲ။ ဂျာမဏီ၊ ဂျပန်ကတော့ စစ်ရှုံးထားတာတွေ ဖြစ်တယ်။ စီးပွားရေးမှာ ကြီးကျယ်နေပေမယ့် နိုင်ငံရေးစစ်ရေးမှာ အမေရိကန်ကို မှီခိုနေရရှာတယ်။ တည်ရှိနေတဲ့ ကမ္ဘာ့အစီအစဉ် (World Order) ကလည်း သူတို့ကို ပစားမပေးဘူး။ အမေရိကန်ကို မှီခိုမှလူရာဝင်မှာကို ဂျာမဏီ၊ ဂျပန်က သိနေတယ်။

(ဂ) ရုရှား (ဆိုဗီယက်) နဲ့ တရုတ်ကတော့ စည်းလုံးမှုမရှိတဲ့အချိန်က ခပ်များများပါ။ ဆိုရှယ်လစ်ဂိုဏ်းဆိုတာ ကြာကြာခံခဲ့တာ မဟုတ်ဘူး။ အများပိုင်းက အိမ်ခွဲနေကြတာဖြစ်တယ်။

ဒီအထဲမှာ အောင်မြင်မှုနဲ့ ယစ်မူးနေကြသေးတယ်။ လီနင်ရဲ့ တိုင်းပြည်တပြည်ချင်း ဆိုရှယ်လစ်စနစ် ထူထောင်နိုင်တယ် ဆိုတာကို ဆန္ဒစွဲကျကျတိုးချဲ့ပြီး တိုင်းပြည်တပြည်ချင်း ကွန်မြူနစ်လောက ချီတက်နိုင်တယ် ဆိုသည်အထိ လုပ်လာတယ်။ သူဦးကိုယ်ဦး ပြိုင်ကြသေးတယ်။ ရုရှား (ခရုးရှက်ဖ်) က ကွန်မြူနစ်လောကကို ချီတက်မယ်ဆိုပြီးလုပ်တော့ တရုတ် (မော်စီတုန်း) က ‘ခုန်လွှားချီတက်ရေး’ ‘ယဉ်ကျေးမှုတော်လှန်ရေး’ လုပ်ပြီးပြိုင်တယ်။ ‘လက်ဝဲ’ ဆန္ဒစွဲအမှားတွေ အပြိုင်လုပ်ကြတယ်။ နောက်ဆုံးကျတော့ ရုရှား (ဂိုဘာချော့ပ်) က ဖရိုဖရဲဆုတ်ရတယ်။ တရုတ် (တိန့်ရှောင်ဖင်) က အုပ်စီးမပျက်အောင်ဆုတ်တယ်။

၄။ ရုရှားရော တရုတ်ပါ ဆုတ်ကြတော့ ဖူကုယာမက ‘သမိုင်းနိဂုံးချုပ်ပြီ’ လို့ ကြွေးကြော်လိုက်တာပဲ။ ဒါပေမဲ့ မကြာပါဘူး။ လူတန်းစားတိုက်ပွဲက ပုံစံတမျိုးနဲ့ ပေါ်လာတယ်။ အဲဒါက အာဖဂန်စစ်ပွဲ၊ အီရတ်စစ်ပွဲပဲ။

ပစ္စည်းမဲ့လူတန်းစားနဲ့ တိုက်ရတဲ့လူတန်းစားတိုက်ပွဲတော့ မဟုတ်ဘူး။ လူတန်းစားတိုက်ပွဲတော့ လူတန်းစားတိုက်ပွဲပဲ။ ဘာသာရေးအခြေခံတဲ့ ပဒေသရာဇ်လူတန်းစားလို့ ‘မူဆလင်အစွန်းရောက်’ တွေကို သတ်မှတ်ရမလားတော့ မသိဘူး။

အီရတ်ကျတော့တမျိုး။ ဘာ့သ်ပါတီဟာ မူဆလင်အစွန်းရောက်တော့ မဟုတ်ဘူး။ အီရတ်ကွန်မြူနစ်ပါတီက ဘယ်လိုသတ်မှတ်သလဲတော့ မသိဘူး။ လေ့လာရဦးမှာဖြစ်တယ်။

ဘင်လာဒင်တို့ တာလီဘန်တို့ ဆက်ဒမ်ဟူစိန်တို့ဟာ ပစ္စည်းမဲ့လူတန်းစား ကိုယ်စားလှယ် မဟုတ်တာတော့ သေချာတယ်။

အခုပြောချင်တာက သူတို့ကို ဘာလူတန်းစားလို့ သတ်မှတ်ဖို့ မဟုတ်ဘူး။ လူတန်းစားတိုက်ပွဲဆိုတာ အရင်းရှင်နဲ့ ပစ္စည်းမဲ့တိုက်တဲ့ တိုက်ပွဲကိုမှ လူတန်းစားတိုက်ပွဲ ဆိုလိုတာမဟုတ်ဘူး။ ဘယ်လူတန်းစားတွေတိုက်တိုက် လူတန်းစားတိုက်ပွဲပဲ။ လူတန်းစားတိုက်ပွဲတွေ တိုက်နေကြသမျှ သမိုင်းနိဂုံး မချုပ်သေးဘူး ဆိုတာကိုပဲ ပြောချင်တာပါ။ ။

**လူတန်းစားတိုက်ပွဲဆိုတာ**
**အရင်းရှင်နဲ့ ပစ္စည်းမဲ့တိုက်တဲ့ တိုက်ပွဲကိုမှ**
**လူတန်းစားတိုက်ပွဲ ဆိုလိုတာမဟုတ်ဘူး။**
**ဘယ်လူတန်းစားတွေတိုက်တိုက်**
**လူတန်းစားတိုက်ပွဲပဲ။**



# ကွန်မြူနစ်ပါတီကြေညာစာတမ်း ထုတ်ဝေခြင်း နှစ် ၁၆၀ မြောက်နေ့ကို အထိမ်းအမှတ်ပြုခြင်း

(၁)

လွန်ခဲ့တဲ့ အနှစ် (၄၀) ကျော်၊ ကျွန်တော် ကျောင်းသားဘဝက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ သူ့ရဲ့လမ်းညွှန်အတွေးအခေါ်ဖြစ်တဲ့ မာ့က်စ်လီနင်ဝါဒနဲ့ မော်စီတုန်းအတွေးအခေါ်တို့ကို စတင်စိတ်ဝင်စား၊ လေ့လာလိုက်စားခဲ့တယ်။ ဒီလိုနဲ့ ကျွန်တော်တို့ရှေ့က နောင်တော်မျိုးဆက်ရဲဘော်ကြီးများက ကွန်မြူနစ်ကြေညာစာတမ်းကို လေ့လာဖို့ တာဝန်ယူစိတ်ရှိစွာနဲ့ တိုက်တွန်းလာတယ်။ ဒါနဲ့ ကွန်မြူနစ်ကြေညာစာတမ်းကို လိုက်ရှာပါတယ်။ ကျွန်တော်တို့ခေတ်က ဗိုလ်နေဝင်းတက်စခေတ်မို့ အဲဒီလိုစာအုပ်မျိုးတွေကို စာအုပ်အဟောင်းဈေးတန်းတွေမှာ အလွယ်တကူ လိုက်ရှာလို့ရပါသေးတယ်။ ကျွန်တော်လည်း အဲဒီလို လိုက်ရှာဝယ်ခဲ့တယ်။ နှစ်တွေကြာသွားပြီမို့ ဘယ်စာအုပ်တိုက်က ထုတ်တယ်။ တန်ဖိုးဘယ်လောက်စတာတွေကို မမှတ်မိတော့ပါဘူး။ မှတ်မိတာကတော့ အဲဒီစာအုပ်ရဲ့ အဖုံးဟာ အနီရောင်ဆိုတာပါပဲ။

အခုတော့ အဲဒီကွန်မြူနစ်ကြေညာစာတမ်းလို့ ကျွန်တော်တို့ အလွယ်တကူခေါ်၊ နှုတ်ကျိုးနေတဲ့ **"ကွန်မြူနစ်ပါတီကြေညာစာတမ်း"** ထုတ်ဝေတာ လာမယ့် ၂၀၀၈ ဖေဖော်ဝါရီလဆိုရင် နှစ် ၁၆၀ တင်းတင်း ပြည့်ပါတော့မယ်။

ဒီစာအုပ်ဟာ ကွန်မြူနစ်များရဲ့ လက်စွဲကျမ်းတဆူဖြစ်တယ်။ ဗမာပြည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီက နှစ်ကြိမ်တောင် ထုတ်ဝေခဲ့ပြီးပါပြီ။ ဗမာပြည်မှာ ကွန်မြူနစ်ပါတီကြေညာစာတမ်း ပထမဆုံးအကြိမ် ထုတ်ဝေခဲ့တာနဲ့ပတ်သက်လို့ ပါတီရဲ့လွတ်မြောက်ဒေသဘာသာပြန်နဲ့ စာပုံနှိပ်တိုက်က ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေတဲ့ **"ကွန်မြူနစ်ပါတီကြေညာစာတမ်း"** စာအုပ် 'အမှာစကား' မှာ ကွယ်လွန်သွားပြီဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်ဗသိန်းတင်က ခုလိုရေးထားတယ်။

"၁၉၄၇ ခုနှစ်က လန်ဒန်မှာ ကျင်းပတဲ့ ဗြိတိသျှအင်ပါယာအတွင်းရှိ ကွန်မြူနစ်ပါတီများ ကွန်ဖရင့်မှာ ဆုံးဖြတ်ချက်တခု ချခဲ့တယ်။ ဒီဆုံးဖြတ်ချက်ကတော့ ၁၉၄၈ ခုနှစ်ဟာ **"ကွန်မြူနစ်ပါတီကြေညာစာတမ်း"**ထုတ်ပြန်တာ အနှစ် ၁၀၀ ပြည့်နှစ်ဖြစ်တဲ့အတွက် တတ်နိုင်တဲ့ကွန်မြူနစ်ပါတီများက မိမိတို့တိုင်းရင်းသားဘာသာစကားဖြင့် ဘာသာပြန် ပုံနှိပ်ထုတ်ဝေကြရန်နှင့် မိတ္တူ ၅ အုပ်မှ ၁၀ အုပ်လောက်ကို လန်ဒန်မြို့ရှိ မာ့က်စ်အထိမ်းအမှတ် ဗိမာန်မှာ ထားရှိရန် ဆုံးဖြတ်ခဲ့တယ်။

ဒီအစည်းအဝေးကို ကျနော်တို့ပါတီကလည်း ကိုယ်စားလှယ်အဖွဲ့တဖွဲ့ စေလွှတ်ခဲ့တယ်။

ဒီဆုံးဖြတ်ချက်အတိုင်း ၁၉၄၈ ခုနှစ်အစောပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက ဒီစာအုပ်ကို ဘာသာပြန်ပြီး၊ ထုတ်ဝေခဲ့တယ်။ မိတ္တူ ၁၀ စောင်ကိုလည်း လန်ဒန်မြို့ရှိ မာ့က်စ်အထိမ်းအမှတ် ဗိမာန်သို့ ပို့ခဲ့တယ်"တဲ့။

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းကို ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ ပြည်သူ့အာဏာ စာပုံနှိပ်တိုက်၊ ရန်ကုန်က ထုတ်ဝေခဲ့တယ်။ ဒုတိယအကြိမ်ကိုတော့ အထက်မှာ ဖော်ပြထားတဲ့အတိုင်း ဗမာပြည်ကွန်မြူနစ်ပါတီ လွတ်မြောက်ဒေသ၊ ဘာသာပြန်နဲ့ စာပုံနှိပ်ဌာနက ၁၉၇၇ ခုနှစ်မှာ ထုတ်ဝေပါတယ်။

စစ်အေးခေတ် အဆုံးသတ်သွားတော့ အရင်းရှင်ဂိုဏ်းသားတွေက **"ဆိုရှယ်လစ်စနစ် ကမ္ဘာပေါ်က ပျောက်ကွယ်သွားပြီ" "မာ့က်စ်ဝါဒ ရှုံးနိမ့်သွားပြီ" "မာ့က်စ်ဝါဒ ခေတ်မမီတော့ဘူး"** စသဖြင့် အမျိုးမျိုးဝါဒဖြန့်နေတဲ့ကြားကပဲ **"ကွန်မြူနစ်ပါတီကြေညာစာတမ်း"**ဟာ ဘာသာပေါင်း ၂၀၀ ကျော်အထိ ပုံနှိပ်ထုတ်ဝေခဲ့ရပြီး၊ ဒီနေ့ကမ္ဘာပေါ်မှာ အကျယ်ပြန့်ဆုံးပုံနှိပ်ထုတ်ဝေခဲ့ရတဲ့ စာအုပ်ဖြစ်တယ်ဆိုတဲ့သတင်း ၁၉၉၈ ခုနှစ်၊ ကြေညာစာတမ်း ထုတ်ဝေပြီး နှစ် ၁၅၀ အကြာမှာ ထွက်ပေါ်ခဲ့တယ်။

ကျွန်တော်တို့ပါတီရဲ့ မှတ်တမ်းများအရ ဒီကျမ်းထုတ်ဝေတာ ၁၄၀ ပြည့်နှစ်ဖြစ်တဲ့၊ စစ်အေးခေတ်အဆုံးမသတ်မီ ၁၉၈၈ ခုနှစ်အထိ ကမ္ဘာ့ဘာသာစာပေပေါင်း ၁၀၀ ကျော်မျှလောက်သာ ပုံနှိပ်ထုတ်ဝေရသေးတယ်လို့ ပြောနိုင်ပါတယ်။ ဒါကို ဗမာပြည်ကွန်မြူနစ်ပါတီရဲ့အာဘော် ပြည်သူ့အာဏာဂျာနယ် (၁၉၈၈ ခု၊ အမှတ် ၂) မှာ ဖော်ပြခဲ့ဖူးတယ်။

အဲဒီနောက် ၁၀ နှစ်ကျော် ကြာသွားပြီး ဒီကျမ်းထုတ်ဝေတာ နှစ်ပေါင်း ၁၅၀ ကျော်ကြာသွားတဲ့အခါ ဘာသာပေါင်း ၂၀၀ ကျော်နဲ့ ဘာသာပြန်ထုတ်ဝေရတဲ့အထိ တိုးတက်လာတယ်။ ၁၀ နှစ်တာကာလအတွင်း ဘာသာပေါင်း ၁၀၀ ကျော်တိုးလာတဲ့သဘောပဲ။ ဒီ ၁၀ နှစ်ကျော်ကာလဟာလည်း သာမန် ၁၀ နှစ်တာကာလ မဟုတ်ဘဲ၊ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒအနေနဲ့ ပြင်းထန်လှတဲ့ အကွေ့အကောက်၊ ရှုံးနိမ့်မှုကြီးကို ရင်ဆိုင်နေရတဲ့ကာလ၊ မာ့က်စ်ဝါဒခေတ်မမီတော့ပါဘူးလို့ အရင်းရှင်ဂိုဏ်းသားတွေက အကြီးအကျယ်ဝါဒဖြန့်နေတဲ့ကာလဖြစ်တာကို သတိပြုချင်စရာ အလွန်ကောင်းပါတယ်။ ဒါက ဘာကိုဖော်ပြနေသလဲ။ အရင်းရှင်ဂိုဏ်းသားတွေ ဝါဒဖြန့်နေတာနဲ့ ဆန့်ကျင်စွာ ကမ္ဘာ့ပြည်သူတွေဟာ အရင်းရှင်စနစ်ရဲ့ အနိဋ္ဌာရုံတွေကို ကျော်နင်းရေးအတွက် မာ့က်စ်ဝါဒကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာလိုက်စားလိုချင်ကြကြောင်း ဖော်ပြလိုက်တာ မဟုတ်လား။

အခု လာမည့် ၂၀၀၈ ခုနှစ်ဟာ **"ကွန်မြူနစ်ပါတီ ကြေညာစာတမ်း"** ထုတ်ဝေတာ နှစ် ၁၆၀ မြောက် ကာလဖြစ်တယ်။ ဒီနေ့ထူးနေ့မြတ်ကို ဂုဏ်ပြုတဲ့ အနေနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက အခက်အခဲအကျပ်အတည်း အမျိုးမျိုးအကြားကပဲ ကွန်မြူနစ်ပါတီ ကြေညာစာတမ်းကို တတိယအကြိမ်ပုံနှိပ်ထုတ်ဝေဖို့ လုံးပန်းအားထုတ်လျက်ရှိပါတယ်။

အခုနောက်ဆုံး စူးစမ်းလေ့လာချက်များအရ ကမ္ဘာ့နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီကြေညာစာတမ်းကို ပုံနှိပ်ထုတ်ဝေခဲ့တဲ့ အကြိမ်ပေါင်း ၁၀၀၀ ကျော်ရှိသွားပြီလို့ တရုတ်ဘာသာနဲ့ ထုတ်ဝေတဲ့ "မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒ" ဂျာနယ် (၂၀၀၇ အမှတ် ၂) မှာ ဖော်ပြထားတာကို ဖတ်ရှုလိုက်ရပါတယ်။

(၂)

ဒီကျမ်းဟာ ကမ္ဘာပေါ်မှာ ပထမဆုံးသော ကွန်မြူနစ်ပါတီ–ကွန်မြူနစ်အဖွဲ့ချုပ်ရဲ့ လုပ်ငန်းစဉ်လည်း ဖြစ်တယ်။ မာ့က်စ်ဝါဒကို ပါတီလုပ်ငန်းစဉ်အဖြစ် ပထမဆုံးအကြိမ်အနေနဲ့ ဖော်ပြလိုက်ခြင်းဖြစ်သလို မာ့က်စ်ဝါဒဟာ ပြည့်စုံကုံလုံတဲ့စနစ်တရပ်အဖြစ် ပထမဆုံးအကြိမ် ပေါ်ထွက်လာခြင်းဖြစ်တယ်။ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုရဲ့ လုပ်ငန်းစဉ်သဘောဆောင်တဲ့ မော်ကွန်းဝင်စာတမ်းလည်း ဖြစ်တယ်။ ကွန်မြူနစ်အဖွဲ့ချုပ်ရဲ့ ဒုတိယကွန်ဂရက်က တာဝန်ပေးအပ်မှုအရ မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ ၁၈၄၇ ခု၊ ဒီဇင်ဘာလမှ ၁၈၄၈ ခု၊ ဇန်နဝါရီလအတွင်း ရေးသားခဲ့ကြတာပါ။ အဲဒီနှစ် ဖေဖော်ဝါရီလမှာ ပထမဆုံးအကြိမ်အဖြစ် ဂျာမာန်ဘာသာနဲ့ လန်ဒန်မှာ ထုတ်ဝေခဲ့တယ်။ အဲဒီနောက် ဘာသာအမျိုးမျိုးနဲ့ဘာသာပြန်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပုံနှိပ်ထုတ်ဝေခဲ့ကြတယ်။ အဲဒီလို ဘာသာအမျိုးမျိုးနဲ့ ပုံနှိပ်ထုတ်ဝေရာမှာ မာ့က်စ်နဲ့အိန်ဂယ်တို့က နိဒါန်းရေးပေးကြပါတယ်။ စုစုပေါင်း ၇ ကြိမ်အထိ ရှိခဲ့တယ်။

ဒီကျမ်းစာအုပ်မှာ အခန်း ၄ ခန်း ပါဝင်တယ်။

ပထမဆုံးအခန်းကတော့ **"ဓနရှင်များနဲ့ ပစ္စည်းမဲ့များ"** ဆိုတဲ့ အခန်းပဲ။ ဒီအခန်းက အရင်းရှင်စနစ်ဟာ မုချပျက်သုဉ်းချုပ်ငြိမ်းပြီး၊ ဆိုရှယ်လစ်စနစ်ဟာ မုချအောင်ပွဲခံလိမ့်မယ်ဆိုတဲ့ သမိုင်း ဖြစ်ပေါ်တိုးပွားမှုဦးတည်ချက်တို့ကို သက်သေထူပြထားတာပါ။ သမိုင်း ခေတ်တိုင်းရဲ့ စီးပွားရေး၊ ထုတ်လုပ်ရေးနဲ့ ၎င်းကဖန်တီး လိုက်တဲ့ လူမှုရေးအဆောက်အအုံဟာ ၎င်းခေတ် နိုင်ငံရေးစိတ်ဓာတ်နဲ့ သမိုင်းရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်လို့ ညွှန်ပြလိုက် တယ်။ လူတန်းစားလူ့အဖွဲ့အစည်းအားလုံးရဲ့ သမိုင်းဟာ လူတန်းစားတိုက်ပွဲသမိုင်းသာ ဖြစ်တယ်ဆိုတဲ့ အမြင်ကိုလည်း တင်ပြထားတယ်။ ဒီအမြင်အရ မျက်မှောက်အရင်းရှင်လူတန်းစားလူ့အဖွဲ့အစည်းကို ခွဲခြမ်းစိတ်ဖြာ ပြထားတယ်။ အရင်းရှင်လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အရင်းရှင် လူတန်းစားနဲ့ ပစ္စည်းမဲ့လူတန်းစား၊ ဒီလူတန်းစား ၂ ရပ် ဖြစ်ပေါ်လာမှု၊ ဖြစ်တည်လာမှုနဲ့ ဖြစ်ထွန်းတိုးတက်လာမှုတို့ကို ရှင်းလင်းပြထားတယ်။ အရင်းရှင်လူတန်းစားဟာ သမိုင်းမှာ တော်လှန်တဲ့ အခန်း ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ စက်မှုလုပ်ငန်းကြီးတွေ ဖြစ်ထွန်းတိုးတက်လာတာနဲ့အမျှ ၎င်းက ပဒေသရာဇ်လူတန်းစားကို တော်လှန်တဲ့ လက်နက် တနည်းအားဖြင့် ခေတ်မီတဲ့ ထုတ်လုပ်ရေးစွမ်းအားစုဟာ အရင်းရှင်လူတန်းစားကို သေတွင်းပို့လိုက်တဲ့ လက်နက်ဖြစ်သွားတော့တယ်လို့လည်း ထောက်ပြထားပါတယ်။

ပစ္စည်းမဲ့လူတန်းစားဟာ အရင်းရှင်လူတန်းစားကို မြေမြှုပ်သင်္ဂြိုဟ်သူဖြစ်သလို တကယ့်တော်လှန်တဲ့ လူတန်းစားလည်း ဖြစ်တယ်။ ပစ္စည်းမဲ့လူတန်းစားဟာ မိမိရဲ့သမိုင်းပေးတာဝန်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အရင်းရှင်လူတန်းစားကို အကြမ်းဖက် တွန်းလှန်ပြီး မိမိရဲ့နိုင်ငံရေးစိုးမိုးမှုကို ထူထောင်ရမယ်။ "အရင်းရှင်လူတန်းစား ပျက်သုဉ်းသွားရမှုနဲ့ ပစ္စည်းမဲ့လူတန်းစားအောင်ပွဲရမှုတို့ဟာ ခွဲခြားလို့မရနိုင်တဲ့ အရာတွေဖြစ်တယ်" လို့ ညွှန်ပြလိုက်တယ်။

ဒုတိယအခန်းကတော့ **"ပစ္စည်းမဲ့များနဲ့ ကွန်မြူနစ်များ"**။ ကွန်မြူနစ်ပါတီ၊



မာ့က်စ်လက်ရေးမူ

ပစ္စည်းမဲ့များနဲ့ တခြားအလုပ်သမား နိုင်ငံရေးပါတီ တို့ရဲ့ ဆက်စပ်မှုကို ရှင်းပြထားတယ်။ ကွန်မြူနစ်ပါတီရဲ့ လက္ခဏာ၊ ထူးခြားချက်နဲ့ လုပ်ငန်းတာဝန်များကိုလည်း ရှင်းပြထားပြီး၊ ကွန်မြူနစ်တွေအပေါ် အမျိုးမျိုးသော ပြစ်တင်ဝေဖန်မှုများကို ချေပခဲ့ပါတယ်။ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးရဲ့ ခြေလှမ်းအဆင့်ဆင့်၊ တာဝန်နဲ့ အထွေထွေရည်မှန်းချက်ကို တင်ပြထားပါသေးတယ်။ ကွန်မြူနစ်ပါတီဟာ တခြားအလုပ်သမားနိုင်ငံရေးပါတီတွေနဲ့ အပြန်အလှန်အတိုက်အခံဖြစ်နေတဲ့ သီးခြားနိုင်ငံရေးပါတီ မဟုတ်ပါဘူး။ ကွန်မြူနစ်ပါတီမှာ ပစ္စည်းမဲ့လူတန်းစားတရပ်လုံးရဲ့ အကျိုးစီးပွားမှလွဲလို့ တခြားဘာအကျိုးစီးပွားမှ မရှိပါဘူး။ ကွန်မြူနစ်ပါတီတွေက ပစ္စည်းမဲ့လူတန်းစားတရပ်လုံးကို အမျိုးသားတရပ်လုံးရဲ့ အကျိုးစီးပွားအား တလျှောက်လုံး ကိုယ်စားပြုရေးကို အလေးထားပါတယ်။ ကွန်မြူနစ်တွေဟာ လက်တွေ့အကောင်အထည်ဖော်ဆောင်တဲ့ဘက်မှာ နိုင်ငံအသီးသီးရှိ အလုပ်သမားပါတီများအတွင်း အပြတ်သားဆုံး ဖြစ်သလို လှုပ်ရှားမှုအား ရှေ့သို့တိုးတက်သွားရေးကို တလျှောက်လုံး တွန်းဆော်ခဲ့တဲ့ အစိတ်အပိုင်းလည်း ဖြစ်တယ်။ သဘောတရားရေး ဘက်မှာ ကွန်မြူနစ်တွေဟာ ပစ္စည်းမဲ့လူတန်းစားလူထုထက် လှုပ်ရှားမှုရဲ့ အခြေအနေ၊ ဖြစ်စဉ်နဲ့ ယေဘုယျရလဒ်တွေကို နားလည်ပါတယ်။ သူတို့ရဲ့ လောလောဆယ်ဆယ် ရည်မှန်းချက်ကတော့ ပစ္စည်းမဲ့လူတန်းစားကို လူတန်းစားတရပ်အဖြစ် ဖြစ်တည်စေပြီး အရင်းရှင်လူတန်းစားကို တွန်းလှန်ပြီး၊ နိုင်ငံရေးအရစိုးမိုးထားနိုင်ရေးကို အရယူသွားရန် ဖြစ်ပါတယ်။ သူတို့ရဲ့သဘောတရားကို တစုံတရာသော အဓိပ္ပာယ်အရ စုစည်းပေါင်းချုပ်ဖော်ပြရရင် ပုဂ္ဂလိကပိုင်စနစ်ကို ချေမှုန်းပစ်ရေးလို့ ပြောနိုင်ပါတယ်။

အလုပ်သမားလူတန်းစားတော်လှန်ရေးရဲ့ ပထမခြေလှမ်းဟာ ပစ္စည်းမဲ့လူတန်းစားကို အုပ်စိုးသူလူတန်းစားအဖြစ် မြှင့်တင်ပေးရေးနဲ့ ဒီမိုကရေစီရရှိရေးတို့ ဖြစ်တယ်။ အဲဒီနောက် မိမိရဲ့နိုင်ငံရေးအရစိုးမိုးထားမှုကို အသုံးချပြီး အရင်းအနှီးအားလုံးကို သိမ်းပိုက်ရပါမယ်။ ထုတ်လုပ်ရေးကိရိယာအားလုံး နိုင်ငံတော် တနည်းအားဖြင့် အုပ်စိုးသူလူတန်းစားအဖြစ် စည်းရုံးထားရှိတဲ့ ပစ္စည်းမဲ့လူတန်းစားလက်ထဲ ထားရှိသွားရမယ်။ ထုတ်လုပ်ရေးစုစုပေါင်း ပမာဏကို မြန်နိုင်သမျှမြန်အောင် တိုးတက်စေရမယ်။ လူတန်းစားတည်ရှိမှုနဲ့ ပစ္စည်းမဲ့လူတန်းစား ကိုယ်တိုင်ရဲ့အုပ်စိုးမှုကို တဖြည်းဖြည်းချင်း ဖျက်သိမ်းပစ်ရလိမ့်မယ်။ ဒီလိုနည်းနဲ့ ပစ္စည်းမဲ့လူတန်းစားရဲ့ ရည်မှန်းချက်ပန်းတိုင်ကို လုံးပန်းတိုက်ခိုက် အကောင်အထည်ဖော်သွားရမယ်။ ဆိုလိုတာကတော့ လူတဦးစီရဲ့ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ရေးဟာ လူအားလုံးရဲ့ လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြောင်းအချက်ဖြစ်တဲ့ အစည်းအရုံးတခုကို ထူထောင်သွားဖို့ဖြစ်တယ်။

တတိယအခန်းကတော့ **"ဆိုရှယ်လစ်နဲ့ ကွန်မြူနစ်စာပေ"**။ ဖောက်ပြန်တဲ့ ဆိုရှယ်လစ်ဝါဒအမျိုးမျိုးနဲ့ ခေရှင်ဆိုရှယ်လစ်ဝါဒတို့က ကိုယ်စားပြုနေတဲ့ လူတန်းစားအကျိုးစီးပွားကို ဖွင့်ချထားပါတယ်။ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒဟာ ကွန်မြူနစ်ဝါဒနဲ့ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒရဲ့ နည်းပရိယာယ်၊ အခြေခံမူတွေနဲ့ ကွဲပြားကြောင်းကိုလည်း ရှင်းလင်းဖော်ပြထားတယ်။

စတုတ္ထအခန်းမှာ **"ဆန့်ကျင်ဘက်ပါတီ အသီးသီးအပေါ် ကွန်မြူနစ်တွေရဲ့ သဘောထား"** တဲ့။ ဒီအခန်းမှာ ကွန်မြူနစ်တွေရဲ့ နည်းပရိယာယ်နဲ့ အခြေခံမူတွေကို ရှင်းလင်းပြထားတယ်။ လက်ငင်းအကျိုးစီးပွားနဲ့ ရေရှည်အကျိုးစီးပွား၊ မျက်မှောက်တိုက်ပွဲနဲ့ ကွန်မြူနစ်ဝါဒ အထွေထွေရည်မှန်းချက် အကောင်အထည်ဖော်ရေး တိုက်ပွဲတို့ကို အပြန်အလှန်ပေါင်းစပ် အကောင်အထည်ဖော်သွားရေးကို အလေးထားကြရန် ရှင်းပြထား

ပါတယ်။ ကွန်မြူနစ်တွေဟာ မိမိလုပ်တန်းစားရဲ့ လတ်တလောရည်မှန်းချက်နဲ့ အကျိုးစီးပွားအတွက် တိုက်ပွဲဝင်ကြရမယ်။ ဒါပေမဲ့ လက်ငင်း လှုပ်ရှားမှုဟာ လှုပ်ရှားမှုရဲ့ အနာဂတ်ကိုလည်း ကိုယ်စားပြုရမယ်လို့လည်း ညွှန်ပြထားတယ်။ ကွန်မြူနစ်တွေဟာ တော်လှန်တဲ့ နိုင်ငံရေး ပါတီတွေနဲ့ ပေါင်းစပ်နိုင်ရမယ်။ တချိန်တည်းမှာလည်း ပစ္စည်းမဲ့လုပ်တန်းစား နိုင်ငံရေးပါတီရဲ့ အမှီခိုကင်းမှုကိုတော့ စွဲစွဲမြဲမြဲထိန်းသိမ်းသွားဖို့ လိုအပ်တယ်လို့လည်း ညွှန်ပြထားတယ်။ အထူးသဖြင့် ဂျာမန်ကွန်မြူနစ်တွေ ကြုံတွေ့နေရတဲ့ ဂျာမန်ဓနရှင်တော်လှန်ရေးမှာ ကျင့်သုံးသင့်တဲ့ သဘောထားတွေကို ညွှန်ပြထားတာပါ။

နောက်ဆုံးဖော်ပြထားတာကတော့ တည်ရှိနေတဲ့လူမှုစနစ်အားလုံးကို အကြမ်းဖက်တွန်းလှန်နိုင်မှသာ ကွန်မြူနစ်တွေရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်နိုင်လိမ့်မယ်။ ဒါကြောင့် "ကမ္ဘာတဝန်းရှိ ပစ္စည်းမဲ့များ သွေးစည်းညီညွတ်ကြလော့" လို့ ကြွေးကြော်တင် ပြထားတယ်။

ဒီကြေညာစာတမ်းကို ထုတ်ဝေပြီးတဲ့နောက် ဒီစာတမ်းဟာ တလျှောက်လုံး တိုင်းပြည်အသီးသီးရှိ ကွန်မြူနစ်တွေနဲ့ ပစ္စည်းမဲ့ လုပ်တန်းစား တော်လှန်ရေးရဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ဖြစ်လာခဲ့တယ်။

ဒီနေ့ကမ္ဘာကြီးမှာ အရင်းရှင်စနစ် လွှမ်းမိုးထားဆဲဖြစ်တယ်။ ခေရှင်လုပ်တန်းစားနဲ့ ပစ္စည်းမဲ့လုပ်တန်းစားတို့ တည်ရှိနေတုန်းပါပဲ။ ဒီလိုလုပ်တန်းစားကွဲပြားမှုတွေ၊ ဖိနှိပ်မှုတွေရှိနေသေးသမျှ **"ကွန်မြူနစ်ကြေညာစာတမ်း"**ကို လေ့လာသူတွေ၊ ပုံနှိပ်ထုတ်ဝေသူတွေ ရှိနေဦး မှာ မုချမလွဲပါပဲ။ ။



## ကွန်မြူနစ်ကြေညာစာတမ်း ထုတ်ဝေခြင်း နှစ် ၁၆၀ ပြည့်

ရဲဘော်တို့ -

၁၈၄၇ ခုနှစ် နိုဝင်ဘာလမှာ လန်ဒန်မြို့မှာ ကျင်းပတဲ့ ကွန်မြူနစ် အစည်းအရုံးရဲ့ ဒုတိယကွန်ဂရက်ဆုံးဖြတ်ချက်အရ မာ့က်စ်နဲ့အိန်ဂယ်တို့ ရေးခဲ့တဲ့ ကွန်မြူနစ်ကြေညာစာတမ်း စပြီးထွက်လာတာ ၁၈၄၈ ဖေဖော်ဝါရီလမှာ ဖြစ်တယ်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလရောက်ရင် နှစ် ၁၆၀ ပြည့်တော့မယ်။ နှစ် ၁၆၀ ပြည့်တဲ့ နှစ်မှာ အဲဒီကြေညာစာတမ်း ဗမာဘာသာပြန်ကို ပြန်လည်ထုတ်ဝေဖို့ အစီအစဉ် ရှိကြောင်း အသိပေးပါတယ်။

# ကွန်မြူနစ်ကြေညာစာတမ်း

သမိုင်းမှာအကြီးကျယ်ဆုံး အဘိဓမ္မာဆရာဟာ ဘယ်သူလဲလို့မေးရင် အဖြေရခက်ပါလိမ့်မယ်။ ကားလ်မာ့က်စ်ပါလို့ဆိုလိုက်ရင်တော့ ကွန်မြူနစ်ဆန့်ကျင်ရေးသမားတွေက နှာခေါင်းရှုံ့ကြ၊ ဒေါပွကြပါလိမ့်မယ်။ ဒါပေမဲ့ ၁၉၉၅ ခုနှစ်တုန်းက ဘီဘီစီရေဒီယို (၄) ရဲ့ "ငါတို့ခေတ်" (In Our Time)အစီအစဉ်ကနေ စာရင်းကောက်လိုက်တော့ မဲပေါင်း ၃ သောင်းထဲမှာ ကွန်မြူနစ်ကြေညာစာတမ်းနဲ့ အရင်းကျမ်းကို ရေးသူ ကားလ်မာ့က်စ်က ၂၇.၉၃% ရပါတယ်။ ဒုတိယလိုက်သူထက် ၂ ဆ ကျော် ပိုများပါတယ်။ ဒုတိယရသူက ဒေးဗစ်ဟျူးမ် (David Hume) ဖြစ်ပြီးသူက ၁၂.၆၇% ပဲ ရပါတယ်။ ပလေတိုက ပဉ္စမနဲ့ ဆိုကရေးတီးက အဌမနေရာမှာ လိုက်ကြပါတယ်။ ဒီကိစ္စကို အင်္ဂလန်က ဂါးဒီးယန်းသတင်းစာကြီးမှာ ဖော်ပြတော့ မာ့က်စ်ကို ဒီလို အမှတ်ပေးကြတာဟာ မာ့က်စ်က ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကြီးကို ကြိုမြင်နိုင်လို့ အခုလို အသိအမှတ်ပြုခံရတာ ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီသတင်းမှာပဲ ရေးထားတာက– 'ဒီမဲပေးသူတွေ အများစုဟာ လူလတ်တန်းစားတွေမို့ ဗြိတိသျှဝန်ကြီးအဖွဲ့ထဲရှိ မာ့က်စ်ဝါဒကနေ ခြံခုန်ကူးသွားတဲ့ ဂျွန်ရီးဒ်နဲ့ချားလ်စ်ကလပ်ခ် တို့လို လူတွေကို ညပေါင်းများစွာ အိပ်မပျော်အောင် လုပ်လိုက်တာပဲ" တဲ့။




၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ရက်နေ့ထုတ် တိုင်းမဂ္ဂဇင်းမှာ ကွန်မြူနစ်ကြေညာစာတမ်း အနှစ်တရာပြည့်တာကို အထိမ်းအမှတ်ပြုတဲ့အနေနဲ့ မာ့က်စ်ရဲ့ရုပ်ပုံပါအဖုံးနဲ့ ဆောင်းပါးရှည်ကြီးတပုဒ် ဖော်ပြပါတယ်။ အဲဒီဆောင်းပါးမှာ – "'ပျော်ရွှင်စရာမွေးနေ့ပါ'၊ လွန်ခဲ့တဲ့အနှစ် ၁၀၀ တုန်းက မာ့က်စ်ရဲ့ ဒီအစိမ်းရောင်စာအုပ်ပါးလေးကို လုံးဝစိတ်မဝင်စားတဲ့ လူတွေထဲ ပို့ခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်ကစပြီး စိတ်ဝင်စားမှုဟာ တိုးများသထက် တိုးများလာတယ်" လို့ ဖော်ပြထားပါတယ်။

လန်ဒန်အဘိဓမ္မာတက္ကသိုလ်က ပညာရှင်ဖြစ်တဲ့ အယ်လင်ဝုဒ် (Allen W. Wood)က အဲဒီကွန်မြူနစ်ကြေညာစာတမ်း အနှစ် ၁၅၀ မြောက် အထိမ်းအမှတ်အဖြစ် ဆောင်းပါးတစောင်ရေးသားရာမှာ ဒီလိုအစချီထားပါတယ်။ 'လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ လောက်က ရေးထားတဲ့စာအုပ်တအုပ်ကို ဘယ်လိုလုပ် တန်ဖိုးဖြတ်ရမှာလဲ။ တကယ်ကတော့ ဒီကြေညာစာတမ်းဟာ စာအုပ်တကာထဲမှာ ခေတ်အမီဆုံးစာအုပ် ဖြစ်ပါတယ်။ ဒါကို အလွယ်လေးအတည်ပြုလို့ ရပါတယ်။ အဲဒီလိုပဲ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ လောက်တုန်းက၊ အလားတူအကြောင်းအရာတွေကို ရေးထားတဲ့ ဘူဇွာစာအုပ်တအုပ်အုပ်နဲ့ ယှဉ်ကြည့်လိုက်ပါ။ အဲဒီစာအုပ်တွေဟာ သမိုင်းသဘောနဲ့သာ စိတ်ဝင်စားစရာ ရှိတယ်၊ ဘာမှလက်တွေ့မှာ အသုံးမတည့်ဘူးဆိုတာ တွေ့ရပါလိမ့်မယ်။ ဒါနဲ့မတူဘဲ ကြေညာစာတမ်းကတော့ အံ့သြစရာကောင်းလောက်အောင် စကားလုံးနည်းနည်းနဲ့ အခြေခံအကျဆုံးနိယာမကြီးကို တကမ္ဘာလုံးက အာရုံစိုက်လာအောင် တင်ပြထားတယ်။'

၁၈၄၈ ခုနှစ်ရဲ့ ဖေဖော်ဝါရီလလယ်၊ နေ့တနေ့မှာ လန်ဒန်မြို့၊ ဘစ်ရှော့ဂိတ် (Bishopsgate) အရပ်က ပုံနှိပ်စက်ကလေး တခုထဲကနေ ကွန်မြူနစ်စာစောင်လေးတစောင် ထွက်လာပါတယ်။ ဂျာမန်ဘာသာနဲ့ဖြစ်ပြီး အဖုံးမှာ (*Manifest der Kommunistischen Partei*) လို့ ရေးထားပါတယ်။ မာ့က်စ်နဲ့ သူ့လူတွေက အဲဒီစာအုပ်တွေကို ဥရောပတိုက်ဘက် အမြန်ပို့လိုက်ကြပါတယ်။ ကျန်တာကတော့ သမိုင်းပါ။ သမိုင်းအသစ်ပါ။

ကွန်မြူနစ်ကြေညာစာတမ်းရဲ့ အင်္ဂလိပ်ဘာသာပြန်ကို ၁၈၅၀ ကျမှ ထုတ်ဝေနိုင်ခဲ့ပါတယ်။ ဟယ်လင်မက်ဖာလိန်း (Helen MacFarlane) က ပြန်တာပါ။ ဒါပေမဲ့ ၁၉၁၇ ခုနှစ် အောက်တိုဘာတော်လှန်ရေးမတိုင်ခင်ကအထိ ဘာသာပေါင်း ၃၅ မျိုးနဲ့ အကြိမ် ပေါင်း ၅၄၄ ကြိမ် ထုတ်ဝေခဲ့ပြီးပါပြီ။ ကမ္ဘာပေါ်မှာ ကွန်မြူနစ်ကြေညာစာတမ်းထက် စောင်ရေပိုများတာရယ်လို့ သမ္မာကျမ်းစောင်နဲ့ ကိုရန်ကျမ်းပဲရှိတယ်လို့ ထုတ်ဝေသူလောကမှာ ပြောစမှတ်ပြုကြပါတယ်။

# ၂၀၀၈ စက်တင်ဘာ ရဟန်းရှင်လူ ပြည်သူလူထု အုံကြွမှုကြီးအပေါ် အမြင်

**၂၀၀၇၊ စက်တင်ဘာ ရဟန်းရှင်လူ ပြည်သူလူထု အုံကြွမှုကြီး** က လူထုဟာ တွေဝေကြောက်ရွံ့နေတတ်သူမဟုတ်ကြောင်း မီးမောင်းရောင်တွေအောက်မှာ ထင်းထင်းကြီး ဖော်ပြလိုက်တယ်။ လူထုကို အကြောက်တရားရဲ့ ခြိမ်းခြောက်မှုအောက်မှာ ခေါင်းမဖော်ရဲသူအဖြစ် သရုပ်ဖော် တဖွဖွပြောနေသူတွေ ရှက်တတ်မယ်ဆိုရင် လဲသေလောက်အောင် ရှက်ဖို့ကောင်းတဲ့ အဖြစ်ပဲ။ အရိုးမာပြီး အထိုင်ကျနေတဲ့ စစ်အာဏာရှင် စနစ်နဲ့ အာဏာကို လက်နက်နဲ့ ကာကွယ်ဖို့၊ ပြည်သူကို လက်နက်နဲ့ နှိမ်ပြဖို့ အသင့်ပြင်ဆင်ထားပြီးသား စစ်အစိုးရကို ဘာလက်နက်မှ မပါဘဲ ရင်ဆိုင်အန်တုရဲတဲ့ ဗမာပြည်သူ ရဟန်းရှင်လူတို့ရဲ့ သူရသတ္တိကို တကမ္ဘာလုံးက အသိအမှတ်ပြုလာရတဲ့ အခြေအနေ ဖြစ်လာတယ်။ ဗမာ ပြည်သူတွေကို ကြောက်ရွံ့တဲ့ ပြည်သူ၊ ခေါင်းငုံ့တဲ့ ပြည်သူဆိုပြီး တံဆိပ်တပ်ပေးတဲ့ အတွေးအခေါ်ကို ဒီလှုပ်ရှားမှုကြီးက လက်တွေ့အရ အပြတ် သားဆုံး ချေမှုန်းပစ်လိုက်တယ်။

လှုပ်ရှားမှုကြီးဟာ အသေးကလေးတွေကနေ စလာတာ ဖြစ်တယ်။ နည်းလမ်းပေါင်းစုံနဲ့ ကျောင်းသားပြည်သူတွေ အချိန်စောစွာ ကတည်းက တိုက်ပွဲဝင်လာခဲ့တဲ့ တိုက်ပွဲရဲ့အဆက် ဖြစ်တယ်။ ဒီတကြိမ်မှာလည်း ကုန်ဈေးနှုန်းကျဆင်းရေးအတွက် အိမ်ရှင်မများအပါအဝင် ကျောင်းသားတွေ လမ်းပေါ်ထွက်တဲ့ တိုက်ပွဲကလေးတွေကနေ စလိုက်တယ်။ သည့်နောက် ရဟန်းသံဃာတွေပါ ပါလာတယ်။ ပခုက္ကူမှာ ဘုန်းကြီးတွေကို အကြမ်းဖက်လာမှုက အစပြုပြီး မီးထတောက်တာပဲ။ မြို့ပေါင်းများစွာမှာ လူထု သိန်းနဲ့ချီပါဝင်၊ ရဟန်းတော်တွေ သောင်းနဲ့ချီပြီး ပါဝင်တဲ့ လှုပ်ရှားမှုအထိ ဖြစ်လာတာပဲ။ ပခုက္ကူမှာ အကြမ်းဖက်တော့ တပြည်လုံး မီးထတောက်ခဲ့တယ်။ ရန်ကုန်မြို့ပေါ်မှာ ရဟန်းရှင်လူတွေကို အကြမ်းဖက်သတ်ဖြတ်ပြလိုက်တော့ သည့်ထက်ပိုကြီးတဲ့ မီးကြီးထတောက်ဦးမှာပဲ။ ခဏတဖြုတ်တော့ မီးတောက်သေသွားတယ် ထင်ရလိမ့်မယ်။ ဒါပေမဲ့ မီးက တငွေ့ငွေ့ ရှိနေတုန်းပဲ။ အချိန်တချိန်မှာ ပိုမိုကြီးမားစွာ မီးထတောက်လိမ့်ဦးမယ်။

ဒီလှုပ်ရှားမှုကြီးက ရန် – ငါ စည်းကြောင်းကို ပိုပြီးထင်ရှားပြတ်သားအောင် စည်းခြားပေးလိုက်တယ်။ သည်တချီမှာ စစ်အစိုးရကို မုန်းတီးဆန့်ကျင်တဲ့ လူထုအဝန်းအဝိုင်းဟာ ပိုကြီးလာတယ်။ အထူးသဖြင့် စစ်အစိုးရရဲ့ သံဃာဆန့်ကျင်ရေးလုပ်ရပ်အပေါ် သံဃာထုနဲ့ ဗုဒ္ဓဘာသာဝင် ပြည်သူလူထုကြီးက အလွန်ရွံရှာ အော့နလုံးနာသွားကြတယ်။ ထေရဝါဒ ဗုဒ္ဓဘာသာသမိုင်းမှာကို စစ်အစိုးရလို သံဃာကို ရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းတဲ့ အာဏာရှင်မျိုး ရှားတယ်လို့ ဆိုရလိမ့်မယ်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ဘုရားရဲ့ ယောက်ဖ လည်းတော်စပ်သူ ဒေဝဒတ်ဟာ သံဃာကို ဂိုဏ်းခွဲတာ လုပ်ခဲ့ဖူးတယ်။ ဒါပေမဲ့ သံဃာကို မသတ်ခဲ့ဘူး။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် နှစ်ပေါင်း ၂၀၀ ပတ်ဝန်းကျင်မှာ အိန္ဒိယမှာရှိတဲ့ နာလန္ဒာသာသနာ့ တက္ကသိုလ်ကို အနောက်ဘက်က လူမျိုးခြား တိုင်းတပါးသား (အီရန်) တွေ လာရောက်ပြီး သံဃာအမြောက်အမြား သတ်ဖြတ်ခဲ့ဖူးတယ်။ ဒါပေမဲ့ သူတို့ဟာ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ဘူး။ လူမျိုးခြား ဘာသာကွဲတွေပဲ။ အိမ်နီးနား ချင်းတိုင်းပြည်တခုမှာ ၁၉၅၈ ခုနှစ် အရေးအခင်းပေါ်ပေါက်ချိန် ဘာသာရေးနဲ့သံဃာတွေအပေါ် တိုက်ခိုက်မှု ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ သံဃာတွေကို အထင်အရှား သတ်ဖြတ်တာ မရှိခဲ့ဘူး။ အခု ၂၀၀၇ ခုနှစ်မှာ စစ်အစိုးရက သံဃာတော်တွေကို သတ်ဖြတ်တာကတော့ ဗုဒ္ဓဘာသာ ဝင်တွေက ဗုဒ္ဓသားတော် သံဃာတော်တွေကို သတ်ဖြတ်တာဖြစ်လို့ သာသနာ့သမိုင်းမှာ ကြီးမားတဲ့ အမဲကွက်ကြီး စွန်းထင်းသွားတယ်။ ဖောက်ပြန်ရေးအစိုးရအဆက်ဆက်က ဓမ္မ္မန္တရာယ်ဆိုပြီး သူများကို လက်ညှိုးထိုးလာခဲ့ကြတယ်။ အခုတော့ အဲဒီလို သူများကို လက်ညှိုးထိုးပြလို့ မရတော့ဘူး။ စစ်အစိုးရဟာ အကြီးဆုံး ဓမ္မန္တရာယ်ဖြစ်ကြောင်း သံဃာနဲ့ ပြည်သူလူထုက သူတို့ကို လက်ညှိုးထိုးကုန်ကြပြီ။

ဒီလှုပ်ရှားမှုကြီးဟာ အကောင်းဆုံး စည်းရုံးရေးသမားလည်း ဖြစ်တယ်။ ဗမာပြည်မှာ ဘာလွတ်လပ်ခွင့်မှ မရှိတော့ ပြည်သူတွေ တိုးတက်နိုးကြားဖို့ ဘာအခွင့်အလမ်းမှ မရှိဘူး။ လူထုကို လမ်းညွှန်ပေးဖို့ ဘယ်လိုစာပေအနုပညာမျိုးမှ ပေါ်ထွက်ဖို့ အခွင့်အလမ်း မရှိခဲ့ဘူး။ လူထုကို စည်းရုံးလှုံ့ဆော်ဖို့ အသင်းအဖွဲ့တွေ လွတ်လပ်စွာ ဖွဲ့စည်းခွင့်မရှိဘူး။ ရှိပြီးသား အသင်းအဖွဲ့တွေလည်း လွတ်လပ်တဲ့ စည်းရုံးခွင့် မရှိခဲ့ဘူး။ (ပြည်ပမီဒီယာတွေကတော့ ဝါဒဖြန့်နိုင်ကြတယ်။ ဒါပေမဲ့ မှန်ကန်တဲ့ အတွေးအခေါ်တွေ ပါသလို အမှားတွေကလည်း ပွစာကြဲနေတာပဲ။) ဒါပေမဲ့ ဒီလှုပ်ရှားမှုကြီးက နိုင်ငံရေးဆိုတာ ဘာမှန်းမသိတဲ့ သူတွေကိုတောင် စစ်အစိုးရကို အကြီးအကျယ် မုန်းတီးပြီး စစ်အစိုးရဆန့်ကျင်ရေးစိတ်တွေ တချီတည်းနဲ့ ရိုက်သွင်းပေးလိုက်တယ်။ ဒီလှုပ်ရှားမှုကြီးက အကောင်းဆုံး သင်တန်းဆရာ၊ အကောင်းဆုံး စည်းရုံးရေးသမား၊ အကောင်းဆုံး လှုံ့ဆော်သူ ဖြစ်လာတယ်။ သည့်အတွက် ဒီနေ့လို အချိန်မျိုးဟာ စည်းရုံးရေးအဝန်းအဝိုင်းကို တိုးချဲ့ဖို့ အကောင်းဆုံး အချိန်ပဲ။ ဇာတိရပ်ရွာ

ပြန်ကြတဲ့ ရဟန်းသံဃာတွေဟာ ကျေးလက် စည်းရုံးရေးသမားတွေ ဖြစ်လာကြလိမ့်မယ်။

ဒီလှုပ်ရှားမှုကြီးအတွင်းမှာ စစ်တပ်တွင်း အကွဲအပြဲတွေအကြောင်း အမျိုးမျိုး ကြားနေရတယ်၊ တချို့သတင်းတွေ မမှန်ဘူး။ တချို့သတင်းတွေကတော့ ဖြစ်စေချင်တဲ့ ဆန္ဒနဲ့ သာသာထိုးထိုးပြောတာ ဖြစ်နေတယ်။ တချို့ကတော့ ကောလာဟလပဲ။ ဘာပဲဖြစ်ဖြစ် စစ်တပ်တွင်းမှာ အတိုင်းအတာ ကြီးတာ၊ သေးတာ အပထားလို့ သဘောထားအရ အကွဲအပြဲ ရှိခဲ့တာတော့ သေချာတယ်။ စစ်တပ်တွင်း ပဋိပက္ခဟာ လူထုလှုပ်ရှားမှု ဖြစ်ပေါ်လာချိန်မှာ ပိုမိုဖြစ်ပေါ် ကြီးထွားလာတတ်တယ်ဆိုတာလည်း အမှန်ပဲ။ စစ်တပ်ပြုပြင်ရေးကို အခုအချိန်မှာ ပိုပြီးအရှိန်မြှင့်ဖို့လိုတယ်။

ကုလသမဂ္ဂကိုယ်စားလှယ် ပြန်သွားပြီးတဲ့နောက်မှာ စစ်အစိုးရဟာ တဖက်က တိုင်းပြည် တည်တည်ငြိမ်ငြိမ် ရှိလေသည့်ဟန် ပုံဖော်ပြရင်း ပြည်သူဖိနှိပ်ရေးတွေ ပိုတိုးလုပ်လာတယ်။ ဖမ်းတာဆီးတာတွေကို ဆိုလိုတယ်။ ရဲတွေကအစ ပြည်သူအပေါ် ခြိမ်းခြောက်ပြီး ငွေညှစ်တာတွေအထိ လုပ်လာတယ်။ ဒါတွေဟာ ပြည်သူလှုပ်ရှားမှုကို အကြမ်းဖက်ဖြိုခွဲအပြီး အဲဒီအရှိန်ကို ဇက်ကုန်ဖွင့်လုပ်နေတာ ဖြစ်တယ်။ ဒီလိုလုပ်လေ – သူတို့ခြေလှမ်းမှားလေ ဖြစ်လာလိမ့်မယ်။ သူတို့ ပြည်သူနဲ့နိုင်ငံတကာကို လိမ်ပွဲတွေ ခင်းပြနေတာတွေဟာလည်း ရယ်စရာလိုလို ဖြစ်နေတယ်။ ဦးနှောက်မရှိမှန်း ပုံပေါ်တယ်။ ယုတ္တိမရှိတာ ပြည်သူတွေ သိနေတယ်။ ဒီလိုဖြစ်တာ ကောင်းတယ်။ သူတို့ ပိုပွင့်ကျနေတာ ဖြစ်တယ်။ ဒီလိုနဲ့ သူနဲ့ သူ့နောက်လိုက်တွေ ပိုမိုအထီးကျန်တဲ့ အဖြစ်ကို ဦးတည်သွားစေလိမ့်မယ်။

လူထုတိုက်ပွဲက စေ့စပ်ဆွေးနွေးပွဲ အစပေါ်လာအောင် ဖိအားပေးလိုက်နိုင်တယ်၊ ဒါပေမဲ့ စစ်အစိုးရက စေ့စပ်ဆွေးနွေးပွဲလို့ ခေါ်ဝေါ်သုံးစွဲတာ မဟုတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ စကားပြောဖို့လို့ သုံးတယ်။ ဘယ်လိုပဲ သုံးသည်ဖြစ်စေ စကားပြောဖို့ သူ အစပြုလာရပြီ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဒီလမ်းပေါ် တက်လျှောက်လိုက်ပြီ။ စစ်အစိုးရက လိမ်လည်လှည့်ဖြားရေးပရိယာယ်၊ အချိန်ဆွဲရေး ပရိယာယ် ကျင့်သုံးနေတာလားဆိုတာကိုလည်း အမြဲသတိထားရင်း ကိုယ်ဘက်က လုပ်သင့်လုပ်ထိုက်တာ တည်တည်ကြည်ကြည် လုပ်ရင်း တည်တည်ငြိမ်ငြိမ် လျှောက်လှမ်းသွားဖို့ပဲ။ သေချာတာကတော့ စစ်အစိုးရဟာ စကားပြောပွဲကို စင်တင်ပြထားပြီး တဖက်က လမ်းပြမြေပုံအတွက် ရှက်ကုန်ဖွင့် အစွန်ထုတ်နေတယ်။ ပိုဆိုးတာက စကားပြောပွဲကို ရှေ့က ခင်းကျင်းပြသထားပြီး နောက်ဘက်ကနေ ပြည်သူဖိနှိပ်ရေးတွေ ဇက်ကုန်လွှတ်ပေးနေတာပဲ။ ဒီတော့ ပြည်သူတွေဘက်ကလည်း ပြည်သူ့တိုက်ပွဲအစဉ်အလာတွေ အသုံးချရမယ်။ ကိုလိုနီခေတ်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် အင်္ဂလိပ်တို့နဲ့ စကားပြောဖို့လုပ်စဉ် လူထုတိုက်ပွဲအင်အားနဲ့ နယ်ချဲ့သမားကို ဖိအားပေးပြီး စကားပြောခဲ့ရတာပဲ။ သည့်နောက် ရရင်ရ၊ မရရင်ချဆိုတဲ့ သဘောထားနဲ့ နယ်ချဲ့သမားကို ပြန်လည်ခြိမ်းခြောက်ခဲ့ရတာပဲ။ ဗမာပြည် ပြည်တွင်းစစ်ရပ်စဲရေး (၆၃) ခုနှစ်တွေ့ဆုံဆွေးနွေးရေးကာလတုန်းကလည်း ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လူထုလှုပ်ရှားမှုတွေနဲ့ ဖိအားပေးခဲ့ရတာပဲ။ ဒီနေ့ကာလ စကားပြောပွဲအတွင်း စစ်အစိုးရက ဖိနှိပ်မှုတွေ ရပ်ဆိုင်းခြင်း မပြုတဲ့အလျှောက် ပြည်သူတွေဘက်ကလည်း ဖိနှိပ်မှုကို တွန်းလှန်တဲ့ လှုပ်ရှားမှုတွေ ဖော်နိုင်မှသာလျှင် စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဖိအားပေးနိုင်လိမ့်မယ်။

ရဟန်းရှင်လူ ပြည်သူတွေရဲ့ တိုက်ပွဲဟာ ငြိမ်းချမ်းတဲ့ နည်းလမ်းကို ကျင့်သုံးတာပဲ။ ဒါပေမဲ့ စစ်တပ်က အကြမ်းဖက်လာတော့ လူထုတချို့က မခံဘူး။ ကျောက်ခဲနဲ့ ပေါက်တယ်။ ရရာလက်နက်ကိုင်တာအထိ ဖြစ်လာတယ်၊ တချို့လမ်းတွေပေါ်မှာ အတားအဆီးတွေ လုပ်လာတဲ့အထိ ဖြစ်လာတယ်။ မော်စကို လမ်းပေါ်ခံကတုတ် တိုက်ပွဲတွေ သတိရစရာပဲ။ ဒီအချိန်မှာ လက်နက်ကိုင်အင်အားတွေ ငြိမ်နေရတဲ့ အဖြစ်က အားနည်းချက်ပဲ။ မြေပေါ်က အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းနဲ့သွားဖို့ ကြိုးပမ်းနေသလို တဖက်မှာလည်း ဒီလမ်းကြောင်းတခုတည်း အပေါ်မှာ ပုံအောထားတာမျိုး မဖြစ်သင့်ပါ။ တခြားလမ်းတွေအတွက်လည်း ပြင်ထားဖို့ လိုပါမယ်။ အင်အားသေးချင်သေးပစေ မြေအောက်လက်နက်ကိုင် စည်းရုံးရေး စဖို့လိုပြီလို့ ထင်တယ်။ ရန်သူက လူထုကို လက်နက်နဲ့ အကြမ်းဖက်လိုက်တာ ဖြစ်တယ်၊ ဒါကို ရှင်းရှင်းကြီး ပြောထားရမယ်။ ပြည်သူလူထုကို လက်နက်နဲ့ ဖိနှိပ်လာရင် လက်နက်နဲ့ ခုခံတုံ့ပြန်တာ တရားတယ်ဆိုတဲ့ အတွေးအခေါ်ကို 'နိုး' ပေးရမယ်။ စစ်အာဏာရှင်စနစ်ပြုတ်ကျဖို့ နောက်ထပ်ရင်ဆိုင်ရမယ့် ဖိအားက လက်နက်ပဲ။ လက်နက်အားကိုးတဲ့ရန်သူကို ရင်ဆိုင်ဖို့ ရန်သူ့စစ်တပ် ပြည်သူ့ဘက်ပါလာတဲ့နည်းအပါအဝင် ပြည်သူ့လက်နက်ကိုင် အင်အား ထူထောင်ဖို့ အစပြုရမယ်။

ဒီနေ့လူထုလှုပ်ရှားမှုကို အနောက်နိုင်ငံတွေက အရောင်ဆိုးချင်နေတယ်။ အရောင်တော်လှန်ရေးလို လုပ်ပစ်လိုက်ချင်တယ်။ လူထုတိုက်ပွဲဟာ လက်ရှိအခြေအနေအတိုင်း နေလို့ မဖြစ်တဲ့ လူထုကြီးက ဖော်ထုတ်လိုက်တာပါ။ ဒါပေမဲ့ တိုက်ပွဲဦးစီးသူ တချို့တလေဟာ အနောက်က အတွေးအခေါ် ဝင်နေပုံရတယ်။ တိုက်ပွဲရပ်နားသွားချိန်မှာ ဒီအတွေးအခေါ်တွေက ပိုမွေလာတယ်။ ပခုက္ကူသံဃာတွေ ပထမကြေညာချက် ကောင်းတယ်။ ပြည်တွင်းအားကိုပဲ အဓိက ထားရလိမ့်မယ်လို့ ပါတယ်။ တိုက်ပွဲစပ်ကြား ဗမာပြည်အခြေအနေကို အနောက်အုပ်စုဆွဲခေါ်တာ အပါခံလို့ မဖြစ်ဘူး။ အတွေးအခေါ်အရ စည်းခြားထားရမယ်။ 'ကမ္ဘာ့စနစ်သစ်' အတွက် သူ့ဘက်ကိုယ့်ဘက် လွန်ဆွဲနေချိန်မှာ ပိုပြီးသတိရှိသင့်တယ်။ ဗမာပြည်ရဲ့ ကယ်တင်ရှင်ဟာ ဗမာပြည် ပြည်သူလူထုကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူး။ ဘယ်နိုင်ငံခြားကမှ ကယ်တင်မှာ မဟုတ်ပါဘူး။ ပြည်သူ့တိုက်ပွဲကို ထောက်ခံသူ ဘယ်သူ့ကိုမဆို တဦးချင်းပုဂ္ဂိုလ်ကိုဖြစ်စေ၊ အဖွဲ့အစည်းနဲ့ အင်အားစုများကို ဖြစ်စေ … သူတို့ကိုတော့ ကြိုဆိုရမှာပဲ။

လှုပ်ရှားမှုကြီး ရပ်သွားစမှာ လှိုင်သာယာ စက်မှုဇုန်က အလုပ်သမားတွေ လုပ်ခ



တိုးရရေး ဆန္ဒပြတဲ့နည်း ကောင်းတယ် ထင်တယ်။ ချက်ကောင်းယူပြီး လုပ်ခွင်အခြေအနေ အရ မိမိတို့ရဲ့ အခိုင်အမာဘောင်အတွင်းက တောင်းဆိုတာကို အာဏာပိုင်တွေက စေ့စပ်လိုက်လျောတဲ့နည်းနဲ့ ဖြေရှင်းပေးဖို့ လုပ်လာရတယ်။ နောက်ပိုင်း ကျတော့လည်း ကောက်ကျစ်တဲ့ စစ်အစိုးရက ဖိနှိပ်ဖြိုခွဲတဲ့နည်းကို ပြန်သုံးလာတာ တွေ့ရပြန်တယ်။ လူထုတိုက်ပွဲမှာ ပိုမိုကြွယ်ဝတဲ့ နည်းပရိယာယ်တွေ ထုတ်ဖော်ဖို့ လိုတယ်။

၂၀၀၇ စက်တင်ဘာ ရဟန်းရှင်လူ ပြည်သူလူထု အုံကြွမှုကြီးအတွင်းမှာ သံဃာလှုပ်ရှားမှုဟာ တမူထူးတဲ့ အသစ်တီထွင်မှု ပုံစံဖြစ်တယ်။ နည်းပရိယာယ် ကျင့်သုံးမှုဘက်ကကြည့်ရင် အကောင်းအဆိုး ဒွန်တွဲနေတယ်လို့ ဆိုရလိမ့်မယ်။ ဒီလှုပ်ရှားမှုမျိုး သံဃာတော်တွေမို့ လုပ်နိုင်တာပဲ။ သပိတ်စခန်း မထားဘဲနေတာကို ပြောတာပါ။ ကျောင်းသားလှုပ်ရှားမှုက ကျောင်းပရဝုဏ်ကို သပိတ်စခန်း လုပ်လေ့လုပ်ထ ရှိခဲ့တယ်။ (၁၉၂၀ သပိတ်ပုံစံမျိုး၊ ၁၉၃၆–၁၉၄၆ – ၁၉၇၄ –၇၅ – ၇၆ သပိတ်တွေလိုမျိုး) ဘုရားပရဝုဏ်ကို သပိတ်စခန်း လုပ်ခဲ့ကြတာလည်း ရှိပါတယ်။

အလုပ်သမားလှုပ်ရှားမှုကလည်း သက်ဆိုင်ရာ စက်ရုံကို သပိတ်စခန်းလုပ်ရင်လုပ်၊ ဘုရားပရဝုဏ်ကို လုပ်ရင်လုပ် အဲဒီလို လုပ်ခဲ့ကြတာပဲ။

အခု လှုပ်ရှားမှုမှာ သပိတ်စခန်း မလုပ်တော့ ရန်သူက ဝိုင်းဝန်းချေမှုန်းလို့တော့ မရဘူး။ ဒါပေမဲ့ …

- ကျောင်းတိုင်းမှာက ကျောင်းထိုင်ဆရာတော်၊ တိုက်အုပ်၊ တိုက်ကြပ်တွေစတဲ့ ငယ်ကြောက်တွေရဲ့ အနီးကပ် ကွပ်ကဲမှု ရှိတယ်။ အခု လှုပ်ရှားမှုမှာလည်း သပိတ်သမားက သံဃာ့နာယကကို မစည်းရုံးနိုင်တော့ အခက်အခဲတွေ့ရတယ်လို့ ထင်တယ်။
- သပိတ်စခန်း မရှိတော့ နောက်အစီအစဉ်ကို ခေါင်းဆောင်တွေ မတိုင်ပင်နိုင်ဘူး။ ခေါင်းဆောင်မှု ကြဲကွဲနေတယ်။

လှုပ်ရှားမှုအတွင်း တိုက်ပွဲအချိန်နဲ့ နေရာကို ကြိုတင်ကြေညာပြီး လုပ်နေရတာကိုလည်း တွေ့ရပါတယ်။ ဒါကို မီဒီယာကနေ ကြိုတင်ဖော်ထုတ်လိုက်တော့ ကိုယ့်အင်အားတွေ စုစည်းရေးအတွက် အကျယ်အပြန့် ချိန်းဆိုပေးလိုက်နိုင်တာကတော့ ကောင်းပါတယ်။ ဒါပေမဲ့ တဖက်မှာ ကျတော့ ရန်သူကလည်း ဒီအစီအစဉ်ကို ကြိုသိနေပြီး ဒီနေရာ ဒီအချိန်မှာ ဖြိုခွဲဖို့ သူ့ဘက်က အစီအစဉ်တွေ အပိုင်အနိုင်လုပ်ထားနိုင်တဲ့ အချက်ကတော့ ပြည်သူ့အင်အားစုတွေအတွက် အင်မတန် အန္တရာယ်ကြီးတဲ့ အခြေအနေကို ဖြစ်ပေါ်စေတယ်။

ဒီလှုပ်ရှားမှုအတွင်း တက်ကြွလှုပ်ရှားမှုများရဲ့ ကိုယ်ကျိုးစွန့်တဲ့စိတ်ဓာတ်နဲ့ ရဲရင့်မှုတွေဟာ ချီးကျူးဂုဏ်ပြုစရာပါ။ ဒါပေမဲ့ မလိုအပ်ဘဲ မီဒီယာတွေကနေအသံပေးနေမှုနဲ့ မလိုအပ်တဲ့ အရဲစွန့်မှုကိုတော့ ရှောင်ကြဉ်ကြမှ အဆက်မပြတ် ရေရှည်တိုက်ပွဲဝင်ရေးအတွက် အကျိုးရှိစေမှာ ဖြစ်ပါတယ်။ (ဒီဆောင်းပါးဟာ လူထုအုံကြွမှုအပေါ် နိဂုံးချုပ် သုံးသပ်ချက်မဟုတ်ဘဲ ရှေ့တိုက်ပွဲများအတွက် စဉ်းစားကြံဆနိုင်စရာ အမြင်တချို့ကိုသာ ထုတ်ဖော်တင်ပြခြင်း ဖြစ်ပါတယ်။)

ဒီမိုကရေစီရေး ကြိုးပမ်းမှု ပြုကြတဲ့ ပါတီအပါအဝင် အဖွဲ့အစည်းတိုင်းဟာ ပြင်းထန်တဲ့တိုက်ပွဲအပြီး အေးဆေးစွာ ချွေးသိပ်အနားယူနေလို့ မဖြစ်ဘူး။ ဆက်တိုက် လှုံ့ဆော်မှုတွေ လုပ်ပြီး တိုက်ပွဲအဆက်ပြတ်မသွားအောင် တောက်လျှောက် အားကြိုးမာန်တက် ကြိုးပမ်းသွားကြဖို့ လိုတယ်။ လှုပ်ရှားမှုအတွင်းမှာ တပ်ပေါင်းစုလက္ခဏာနဲ့ ညီညွတ်ရေးလက္ခဏာတို့ကို တစုံတရာ ဖော်ထုတ်နိုင်တယ်လို့ထင်တယ်။ ပြည်သူ့အင်အားစုများဘက်က ခိုင်မြဲတဲ့ တပ်ပေါင်းစု သဘောဆောင်တဲ့ အင်အားတရပ် ဖြစ်ထွန်းလာအောင် လုံးပန်းသွားဖို့ လိုသေးတယ်။ လူထုအုံကြွမှုအတွင်း သက်ဆိုင်ရာ တာဝန်ရှိတဲ့ ခေါင်းဆောင်ပိုင်းက အသင့်အနေအထားမဖြစ်တဲ့အပေါ်မှာ အားမလို အားမရဖြစ်သံတွေလည်း ကြားလာရတယ်။ ခေါင်းဆောင်ပိုင်းရဲ့ အသင့်အနေအထား ဖြစ်မှုသာမက ခေါင်းဆောင်ပိုင်းရဲ့ တညီတညွတ်တည်း ရှိမှုလည်း လိုအပ်တယ်။ အဲဒီလိုဖြစ်ဖို့ အဓိကကျတဲ့ အချက်ကတော့ အတွေးအခေါ်အရ စုစည်းညီညွတ်ဖို့ပါပဲ။

ဒီလှုပ်ရှားမှုကြီးမှာ စစ်အစိုးရဟာ ကြမ်းကြုတ်ရက်စက်တဲ့၊ လူမဆန်တဲ့ အစိုးရဖြစ်ကြောင်း ကမ္ဘာ့ပြည်သူတွေကို အတိအလင်း ပြသလိုက်တယ်။ ဒီလှုပ်ရှားမှုကြီးမှာ စစ်အစိုးရရဲ့ လူမဆန်အောင် ရက်စက်ကြမ်းကြုတ်မှုက သူဟာ မုချကျဆုံးတော့မှာ ဖြစ်ကြောင်း အမဲသတ်မယ့် တိရစ္ဆာန်ရဲ့ ကိုယ်ပေါ်မှာ တံဆိပ်တုံး ရိုက်ပေးလိုက်သလို သူ့ကိုယ်ပေါ်မှာ အပြာရောင်တံဆိပ်တုံး ခတ်နှိပ်ပေးလိုက်တာ ဖြစ်တယ်။ သူ့ရဲ့ သေမိန့်ကို သူကိုယ်တိုင် လက်မှတ်ထိုး ထုတ်ပြန်လိုက်တာလည်း ဖြစ်တယ်။ ။



# အနှစ် (၉၀) မြောက် မဟာအောက်တိုဘာ တော်လှန်ရေးနေ့

ဒီနေ့လူတွေ သဘောတူချင်တူ၊ မတူချင်နေ နောင်လာမယ့်သမိုင်းမှာ ၁၉၁၇ ခုနှစ် အောက်တိုဘာတော်လှန်ရေးကြီးဟာ အလွန်အရေးကြီးတဲ့ သမိုင်းမှတ်တိုင်တခုအဖြစ် အဖော်ပြခံရမှာ သေချာပါတယ်။ ကမ္ဘာမှာ အရင်းရှင်နိုင်ငံကြီးတွေက လက်နက်အင်အားနဲ့ တနိုင်ငံပြီးတနိုင်ငံ သိမ်းပိုက်ကျွန်ပြုနေကြရုံမက သူတို့ချင်း စစ်ခင်းရာမှာတောင် သူတို့ရဲ့ကိုလိုနီနိုင်ငံတွေက ဆင်းရဲသားတွေကို သူတို့ကိုယ်စား စစ်မြေပြင်မှာ အသေခိုင်းနေတာကို လက်ပိုက်ကြည့်နေရသလိုဖြစ်နေတဲ့ အမှောင်ခေတ်ကြီးမှာ အရင်းရှင်လူတန်းစားကို အရှိက် ထိုးနှက်လိုက်တဲ့ အောက်တိုဘာတော်လှန်ရေးကြီး ပေါ်ပေါက်လာတာဟာ အဲဒီခေတ်ကကျွန်ပြုခံ အမျိုးသားများနဲ့ အဖိနှိပ်ခံပြည်သူများ၊ အလုပ်သမားများ အတွက် ကြီးမားတဲ့တွန်းအားဖြစ်ခဲ့ပြီး အနာဂတ်ကို ယုံကြည်ခြင်းနဲ့ ကိုယ်ကိုယ်ကိုယုံကြည်ခြင်းတွေ အပြည့်အဝရရှိစေခဲ့ပါတယ်။

၂၀ ရာစုနှစ်အတွင်း ကိုလိုနီအနှောင်အဖွဲ့တွေ ပြတ်ထွက်ကုန်တာဟာ အောက်တိုဘာတော်လှန်ရေးနဲ့ ရဲဘော်လီနင်ရဲ့ သဘောတရားများကြောင့် ဖြစ်တယ်ဆိုတာ အင်မတန်ထင်ရှားပါတယ်။ ကမ္ဘာအရပ်ရပ်က ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေထဲမှာပဲ ကွန်မြူနစ်ပါတီတွေ မွေးဖွားကြီးထွား၊ အားကောင်းလာကြ၊ တချို့အာဏာရလာကြတာကို ကြည့်ရင် အင်မတန်သိသာ ထင်ရှားပါတယ်။

ဗမာပြည်မှာ ၁၉၂၀ အမျိုးသားသပိတ်ကြီးနောက်ပိုင်း ပေါ်ပေါက်တဲ့ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးလုပ်သူတွေ၊ လှုပ်ရှားမှုတွေမှာ ရာခိုင်နှုန်းကိုးဆယ်ဟာ အောက်တိုဘာတော်လှန်ရေးရဲ့ ဂယက်နဲ့ မကင်းဘူးလို့ဆိုရင်မမှားပါဘူး။ ဒီအရင်က နိုင်ငံရေးခေါင်းဆောင်လုပ်နေကြတဲ့ အမျိုးသားခနရှင်လူတန်းစားထဲက အစိတ်အပိုင်းတခုဟာ ငါးထောင်စားတွေဖြစ်ကုန်ပြီး အမျိုးသားသပိတ်ကနေ ဆက်လက်ရှင်သန်လာတဲ့ လွတ်လပ်ရေးလှုပ်ရှားမှုကြီးကို သစ္စာဖောက်ကုန်ကြတဲ့အခါမှာ လွတ်လပ်ရေးတိုက်ပွဲအလံကို ဆက်ပြီး

ကိုင်ဆွဲကြတဲ့လူတွေဟာ လူတန်းစား၊ သွေးစုပ်မှု၊ အရင်းရှင်၊ နယ်ချဲ့ ဆိုတဲ့စကားတွေ ဖောင်ဖောင်ပြောလာကြပါတယ်။ လွတ်လပ်ရေးရပြီးစ ဗမာနိုင်ငံမှာ နိုင်ငံရေး ခေါင်းဆောင်လုပ်သူတွေဟာ လက်ဝဲပဲ ဖြစ်ဖြစ်၊ လက်ယာပဲဖြစ်ဖြစ် ဆိုရှယ်လစ်စကား၊ ကွန်မြူနစ်စကားတွေ ပြောခဲ့သူတွေ၊ ပြောနေသူတွေ ဖြစ်ကြပါတယ်။ ဗိုလ်နေဝင်းတောင် စစ်အာဏာရှင်စနစ်တရပ်ကို တရားဝင်ထူထောင်ဖို့ လုပ်ရာမှာ ဆိုရှယ်လစ်မျက်နှာဖုံးတပ်ဖို့ ကြိုးစားခဲ့သေးတယ် မဟုတ်ပါလား။

ဗမာပြည်မှာ ဒီအောက်တိုဘာတော်လှန်ရေးကြီးရဲ့ အရှိန်အဝါနဲ့လုံးဝ ကင်းလွတ်တဲ့၊ အဲဒီစိတ်ဓာတ်မျိုး နည်းနည်းမျှမရှိတဲ့ နိုင်ငံတော် အာဏာဆုပ်ကိုင်သူတစုကို ၁၉၈၈ ခုနှစ် နောက်ပိုင်းကျတော့ တွေ့လာရပါတယ်။ သူတို့ဟာ ဗမာပြည်လွတ်လပ်ရေး တိုက်ပွဲသမိုင်းနဲ့ လုံးဝကင်းရှင်းခဲ့သူတွေဖြစ်တဲ့အလျောက် အဲဒီသမိုင်းကို နားလည်သဘောပေါက်ခြင်းလည်းမရှိ၊ တန်ဖိုးလည်းမထားသူတွေ ဖြစ်ပါတယ်။

ဂိုဘာချော့ဗ်တို့၊ ယယ်လ်စင်တို့လက်ထက်မှာ နောက်ဆုံးပျက်ဆီးသွားတဲ့ ဆိုဗီယက်ယူနီယံကိုကြည့်ပြီး ကိုယ့်ကိုယ်ကို နီယိုကွန်သမားလို့ ပြောင်ကြေညာထားတဲ့ ဖူကူယားမားလိုလူရဲ့ "သမိုင်း၏နိဂုံး" ဆိုတဲ့တရားမျိုးကို မျက်စိမှိတ်လက်ခံနေလို့ကတော့ ပါတီတွေရဲ့ နိုင်ငံရေးလမ်းစဉ်တွေမှာ တကမ္ဘာလုံးကို ပြည်သူတွေ အမေရိကန်ပြုသမျှ နုကြပေတော့၊ အရင်းရှင်တွေ ဖိနှိပ်သမျှ ခေါင်းငုံ့သာခံကြပေတော့လို့သာ ရေးကြဖို့ ရှိပါတော့တယ်။ အဲဒီအဘိဓမ္မာအရဆိုရင် နောင်အနာဂတ်မှာလည်း ဖိနှိပ်သူနဲ့အဖိနှိပ်ခံ၊ သွေးစုပ်သူနဲ့သွေးစုပ်ခံ ပိုနေမြဲ ကျားနေမြဲဖြစ်မှာမို့ နိုင်ငံရေးပါတီတွေတောင် လိုအပ်သေးရဲ့လားလို့ တွေးစရာဖြစ်မနေဘူးလား။ ဒီတရားက လူသားတွေရဲ့ အဆုံးစွန် စွမ်းဆောင်ချက်ဟာ အရင်းရှင်စနစ်၊ အရင်းရှင်စနစ်ဟာ သင်္ခါရမဟုတ်လို့ ဆိုတာပါ။

တကယ်က လူ့သမိုင်းမှာ အောက်တိုဘာတော်လှန်ရေးကြီးကြောင့် ရရှိခဲ့တဲ့ ခုန်ပျံတိုးတက်မှုနှုန်းမျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး။ တော်လ်စတွိုင်းတို့၊ ဒိုတိုယက်ဗ်စကီးတို့ရဲ့ ဝတ္ထုတွေကို ဖတ်ဖူးသူတွေတိုင်း အောက်တိုဘာတော်လှန်ရေးကြီးမတိုင်မီ သက်ဦးဆံပိုင် ဇာဘုရင်လက်အောက်က ရုရှားနိုင်ငံဟာ အင်မတန်ခေတ်နောက်ကျတဲ့ လယ်ယာနိုင်ငံကြီးတခုသာဖြစ်တယ်ဆိုတာကို မှတ်မိကြမှာပါ။ အဲဒီတုန်းက ဒီနိုင်ငံမှာ စက်မှုလုပ်ငန်းဆိုတာ အင်မတန်မပြောပလောက်အောင်သာ ဖြစ်ပါတယ်။ အဲဒီလို ရာသီဥတုလည်း ဆိုးဝါးပြင်းထန်၊ ကုန်ထုတ်စနစ်ကလည်း အင်မတန်မှ ခေတ်နောက်ကျတဲ့ ကျယ်ပြောလှတဲ့ မြေပြင်ကြီးမှာ 'ငြိမ်းချမ်းရေး၊ လယ်မြေနဲ့ ပေါင်မုန့်ပေးရမယ်' ဆိုတဲ့ ကြွေးကြော်သံနဲ့အတူ ကမ္ဘာ့ပထမဆုံး အလုပ်လက်မဲ့ မရှိတဲ့နိုင်ငံကြီး ပေါ်ထွက်လာခဲ့ပါတယ်။ ပထမ ငါးနှစ် စီမံကိန်းအတွင်းမှာ အကြီးစားစက်မှု အလုပ်သမား အရေအတွက်ဟာ ၆၇% တိုးများလာပြီး အမျိုးသားဝင်ငွေဟာလည်း ၈၅% တိုးတက်ခဲ့ပါတယ်။ ဒီကာလမှာ ချမှတ်ခဲ့တဲ့ အင်န်အီးပီ ( NEP ) ခေါ် စီးပွားရေး စီမံကိန်းသစ်ဟာ နောင်မှာ တခြားနိုင်ငံတွေအဖို့ အတုယူစရာ စံတခု ဖြစ်ခဲ့ပါတယ်။

**အုပ်စိုးသူလူတန်းစားဟာ**
**အဲဒီအာဏာနဲ့ ပတ်သက်ရင်**
**လက်နက်ကိုင်အကြမ်းဖက်တဲ့နည်း**
**အပါအဝင်**
**ရှိသမျှနည်းနာနဲ့**
**အသေအလဲ ခုခံကာကွယ်ဖို့**
**လုံးပန်းတယ်ဆိုတာ ……**

ဆင်းရဲခေတ်နောက်ကျတဲ့ နိုင်ငံတခုမှာ တော်လှန်ရေးအောင်ပွဲရလိုက်တာနဲ့ပဲ တနှစ်လောက်အတွင်းမှာ အင်္ဂလိပ်နဲ့ဂျာမဏီအပါ ၁၄ နိုင်ငံတို့ရဲ့ စစ်ပြုခြင်းကို ခံရတယ်။ အဲဒါကို တွန်းလှန်ပြီးနောက် တိုင်းပြည်ကို တည်ဆောက်ဆဲမှာပဲ ဒုတိယကမ္ဘာစစ်မှာ ဖက်ဆစ်ဂျာမဏီရဲ့ ကျူးကျော်မှုကိုခံရပြီး ကမ္ဘာစစ်ကြီးကို အဆုံးဖြတ်ပေးတဲ့ တိုက်ပွဲကြီးတွေ တိုက်နိုင်ခဲ့တာကိုကြည့်ရင် အထက်ဖော်ပြပါ ကိန်းဂဏန်းတွေဟာ နအဖ ထုတ်ပြန်တဲ့ ကိန်းဂဏန်းမျိုးတွေ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နိုင်ငံသားပေါင်း သန်းပေါင်းများစွာ သေဆုံးခဲ့ရပြီးနောက် ၁၀ စုနှစ် တခု ကျော်တယ် ဆိုတာနဲ့ပဲ ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကို လုံးဝမခံရတဲ့ အပြင် ဒီစစ်ကြီးကြောင့် ချမ်းသာပြီး ကမ္ဘာ့ထိပ်တန်းရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံကို စစ်ရေး၊ အာကာသသိပ္ပံပညာ စတာတွေမှာ ယှဉ်လာနိုင်တာကိုကြည့်ရင် ဆိုရှယ်လစ်စနစ်ရဲ့ အားသာမှုကို တွေ့ကြရမှာပါ။ အင်္ဂလိပ်၊ ပြင်သစ်စတဲ့ နဂိုကိုလိုနီပိုင်ရှင်နိုင်ငံတွေဟာ အမေရိကန်ကို မယှဉ်နိုင်တော့ဘဲ ဒုတိယနေရာကို လုနေကြချိန်မှာ ဆိုဗီယက်ယူနီယံဟာ ပခုံးချင်းယှဉ်နိုင်လာတာ ဖြစ်ပါတယ်။

အဲဒါနဲ့ပြောင်းပြန် ဆိုဗီယက်ယူနီယံပြိုကွဲလာတဲ့နောက်မှာ ရုရှားနိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမတည်ငြိမ်မှုတွေ ပေါ်ပေါက်လာတာ၊ ပြည်သူတွေ၊ အထူးသဖြင့် အလုပ်သမားတွေရဲ့

နေထိုင်မှုဘဝ တွေကျဆင်းလာတာတို့ဟာ အောက်တိုဘာ တော်လှန်ရေးကြီးအပြီး တိုးတက်တဲ့နှုန်းနဲ့ အတူတူပဲလို့တောင် ဆိုနိုင်ပါတယ်။ အပေါင်းလက္ခဏာနဲ့ အနုတ်လက္ခဏာပဲကွာတာ ဖြစ်ပါတယ်။ ဒါကို တခြား အရှေ့ဥရောပ နိုင်ငံတွေမှာလည်း တွေ့နေရပါတယ်။ ဒီလို ရုပ်ဝတ္ထု၊ ရုပ်ဘဝ သက်သေသက္ခာယတွေကို ဖုံးကွယ်ထားရေးဟာ အနောက်နိုင်ငံ မီဒီယာတွေအဖို့ စစ်အေးခေတ်နောက်ပိုင်းရဲ့ တာဝန်တရပ် ဖြစ်နေပါသေးတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းဟာ ဆင်းရဲတဲ့ နိုင်ငံတွေနဲ့ အဲဒီနိုင်ငံက ပြည်သူတွေအတွက် ဘာအကျိုးမှ မဖြစ်စေရုံမက ပိုတောင်ဆင်းရဲလာစေတယ်ဆိုတာကို မြင်ခဲ့ကြပြီးတဲ့နောက် အခုအခါမှာ အနောက်နိုင်ငံကြီးတွေမှာလည်း အလုပ်သမားတွေရဲ့ ပုံစံမျိုးစုံနဲ့ ဆန့်ကျင်ဆန္ဒပြပွဲတွေ တွေ့လာနေရပါပြီ။ သမိုင်းဆိုတာ ဘယ်တော့မှ နိဂုံးမချုပ်ပါဘူး။ အမြဲရှေ့ကို တိုးတက်နေတာပါ။

အောက်တိုဘာ တော်လှန်ရေးကြီး အောင်ပွဲခံခဲ့တဲ့ အကြောင်းရင်းတွေထဲမှာ အရေးကြီးတဲ့ အကြောင်းရင်းတခုက အဲဒီတုန်းက ကွန်မြူနစ်တွေဟာ အဲဒီတိုက်ပွဲ အဆင့်မှာ အာဏာပြဿနာဟာ အဓိကကျကြောင်းသိလို့၊ အဲဒီအတွက်လုံ့ဆော်တိုက်ပွဲဝင်ခဲ့ကြလို့ ဖြစ်ပါတယ်။ နောက်ပြီး အုပ်စိုးသူလူတန်းစားဟာ အဲဒီ အာဏာနဲ့ ပတ်သက်ရင် လက်နက်ကိုင်အကြမ်းဖက်တဲ့ နည်း အပါအဝင် ရှိသမျှနည်းနာနဲ့ အသေအလဲ ခုခံကာကွယ်ဖို့ လုံးပန်းတယ်ဆိုတာကိုလည်း သဘောပေါက်ခဲ့လို့ ဖြစ်ပါတယ်။

အောက်တိုဘာ တော်လှန်ရေး အနှစ် (၉၀) မြောက် အထိမ်းအမှတ်ကို ရုရှားနိုင်ငံမှာသာမက ကမ္ဘာအနှံ့မှာလည်း တက်ကြွစွာ ဆင်နွှဲခဲ့ကြပါတယ်။ အဲဒီအထဲမှာ ကျူးဘား၊ ဘယ်လာရုစ်၊ ဘရာဇီးလ်၊ ဂျာမဏီ၊ ဂရိစ်၊ ဗီယက်နမ်၊ မြောက်ကိုရီးယား၊ ဟန်ဂေရီ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ယူကရိန်းစသည်တို့လည်း ပါဝင်ပါတယ်။

အောက်တိုဘာ တော်လှန်ရေး အနှစ် (၉၀) မြောက် အထိမ်းအမှတ်နဲ့ ကွန်မြူနစ်ကြေညာစာတမ်း အနှစ် (၁၆၀) မြောက် အထိမ်းအမှတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဗီယက်နမ်ရေဒီယိုမှာ 'အောက်တိုဘာ တော်လှန်ရေးနဲ့ ဆိုရှယ်လစ်ဝါဒအောင်ပွဲခံမှုရဲ့ တကယ့်တန်ဖိုး' ဆိုတဲ့ ခေါင်းစဉ်နဲ့ နှီးနှောဖလှယ်ပွဲတခုလုပ်ခဲ့ရာမှာ ဗီယက်နမ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်တဦးဖြစ်တဲ့ ပါမောက္ခ ဖူဗန်ဟိန်းက ဒီလိုထုတ်ဖော် ပြောဆိုခဲ့ပါတယ်။ 'အောက်တိုဘာတော်လှန်ရေးကြီး အောင်ပွဲခံပြီးနောက်မှာ ဗီယက်နမ်နိုင်ငံဟာ ပဒေသရာဇ်တပိုင်း၊ ကိုလိုနီတပိုင်းဘဝကနေ လွတ်လပ်ရေးကို တိုက်ပွဲဝင် ရယူခဲ့တယ်။ အရင်ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပနိုင်ငံတွေမှာ ဆိုရှယ်လစ်စနစ် ပြိုပျက်သွားတာဟာ ယာယီ အချင်းအရာသာ ဖြစ်တယ်။ သူ့ရဲ့ခွန်အားဟာ ထာဝရတည်ရှိနေလိမ့်မယ်။'



# စာအုပ်တအုပ်က မီးမောင်းထိုးပြတဲ့ ဝဒေသ




ရှစ်လေးလုံးအရေးအခင်းကြီးကြောင့် ဗမာပြည်နိုင်ငံရေးမှာ ဖြစ်ပေါ်လာတဲ့ အရေးကြီးအပြောင်းအလဲတွေထဲမှာ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေ ပေါ်ပေါက်လာတာလည်း ပါဝင်ပါတယ်။ ဒီထဲမှာမှ ဝသွေးစည်းညီညွတ်ရေးဒီမိုကရေစီပါတီဟာ နယ်မြေအားဖြင့် အကြီးဆုံးလည်းဖြစ်၊ တပ်အင်အားလည်း အကြီးဆုံးဖြစ်တဲ့အလျောက် သူတို့အထဲမှာ အများရဲ့ အာရုံအစိုက်ဆုံးခံရတဲ့ အဖွဲ့လို့ဆိုရင် မမှားပါဘူး။ သူဟာ စစ်အေးတိုက်ပွဲ နောက်ဆုံးပိုင်းကိုရောက်ရှိခြင်းနဲ့ ရှစ်လေးလုံးအရေးအခင်းဆိုတဲ့ ပြည်တွင်းပြည်ပ ထူးခြားချက်တွေအရ ပေါ်ပေါက်တည်ရှိနေတဲ့ အဖွဲ့အစည်းတခု ဖြစ်တယ်လို့ ပြောရမှာပါ။

ဒီနေ့လို ဗမာပြည်ရဲ့နိုင်ငံရေးက အရေးကြီးကာလ ရောက်လာတဲ့အခါမှာ သူတို့ကို အရင်ကထက်ပိုပြီး အရေးစိုက်လာကြပါတယ်။ အင်မတန်နိုင်ငံရေးစကားပြောခဲလှတဲ့ ဒီအဖွဲ့တွေ ဒီကာလမှ ဖွင့်ဟပြောလာတာတွေဟာ သတင်းထူးဖြစ်ခဲ့တယ် မဟုတ်ပါလား။ တိုက်တိုက်ဆိုင်ဆိုင် ဒီကာလအတွင်းမှာပဲ သူတို့နဲ့ပတ်သက်တဲ့စာအုပ်တအုပ် ထွက်လာတာတွေ့ရပါတယ်။ စာအုပ်နာမည်က "ဝပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ – မူးယစ်ဆေးဝါးတပ်လား၊ တိုင်းရင်းသားပါတီလား"(The United Wa State Party: Narco-Army or Ethnic Nationalist Party) ဖြစ်ပြီး ရေးတဲ့လူက တွမ်ကရေမာ(Tom Kramer)ဖြစ်ပါတယ်။ ဒီဆောင်းပါးဟာ စာအုပ်ဝေဖန်ချက် မဟုတ်ပါဘူး။ အဲဒီစာအုပ်ထဲက သတိပြုမိတဲ့ အချက်တချို့ကို ထုတ်ပြီးတင်ပြတာ ဖြစ်ပါတယ်။

နယ်သာလင်နိုင်ငံ၊ အမ်စတာဒင်မှာ အခြေချထားတဲ့ တီအင်န်အိုင်(TNI) ခေါ် နိုင်ငံလွှန်အဆောက်အအုံကြီး (Trans -national Institute)ရဲ့ မူးယစ်ဆေးဝါးနဲ့ ဒီမိုကရေစီအစီအစဉ်အတွက် လုပ်ကိုင်ပေးနေတဲ့ ဒီစာရေးသူက "ဒီလေ့လာရရှိချက်ဟာ ၂၀၀၃ ခုနှစ်နဲ့ ၂၀၀၄ ခုနှစ်အကြားမှာ ဝနယ်ကို အခေါက်ခေါက် သွားခဲ့တာတွေအပါ ဗမာပြည်နဲ့ပတ်သက်လို့ ၁၀ နှစ်ကျော် ကွင်းဆင်းလေ့လာခဲ့တာတွေရဲ့ ရလဒ်" လို့ ရေးထားပါတယ်။

ဝနယ်ဟာ ရှေးကာလကတည်းက ဘယ်သူကမှ စိတ်မဝင်စားဘဲ အထီးကျန်လို ကျန်ကမ္ဘာကြီးနဲ့ အဆက်ပြတ်နေတဲ့ဒေသကြီး တခုသာဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်ကဆိုရင် သံလွင်မြစ်အရှေ့ဘက်က ဒီကျယ်ပြန့်လှတဲ့ဒေသကြီးထဲမှာ နေတဲ့လူ မရှိသလောက်နီးပါး ထင်မှတ်ခဲ့ကြတာပါ။ အင်မတန်ခေတ်နောက်ကျပြီး သဘာဝသယံဇာတလည်း နည်းပါး၊ နောက်ပြီးတအုပ်စုနဲ့ တအုပ်စုအမြဲလိုလို စစ်တိုက်သတ်ဖြတ်နေတဲ့၊ အင်မတန်စိတ်ခေတ်ပြင်းထန်တဲ့ လူမျိုးတမျိုး နေရာဖြစ်တယ်ဆိုပြီး အင်္ဂလိပ်ကိုလိုနီအစိုးရတောင်မှ ဒီဒေသကို သိပ်စိတ်မဝင်စားခဲ့ပါဘူး။ ဒါကို ဒီစာအုပ်ထဲမှာ "အင်္ဂလိပ်တွေဟာ ဝဒေသကိုယ်တိုင်ကို တယ်ပြီး စိတ်ဝင်စားတာမဟုတ်ဘူး၊ ဒါပေမဲ့ ဝနယ်နဲ့ တရုတ်ပြည်ရဲ့ ဆက်ဆံရေး၊ အထူးသဖြင့် နယ်စပ်သတ်မှတ်ရေးအတွက်တော့ စိတ်ဝင်စားတယ်" လို့ ရေးထားပါတယ်။ ၁၉၃၃ ခုက ဗြိတိသျှအစိုးရပုံနှိပ်တိုက်ကထုတ်တဲ့ ဂျီအီးဟာဗေးရဲ့ ဝဒေသနဲ့ပတ်သက်တဲ့ စူးစမ်းလေ့လာမှုအစီရင်ခံစာထဲက ဒီအချက်ကို တွမ်ကရေမာက

ကိုးကားထားပါတယ်။ “တကယ့်ဝအရိုင်းတွေ ကိုတော့ . . . . . နယ်စပ်မျဉ်းသတ်မှတ်ပြီးတဲ့ အထိ ဒီအတိုင်းထားလိုက်သင့်ပါတယ်။ သူတို့ ဟာ ဘာအန္တရာယ်မှလည်းမပေး (သူတို့ဒေသ အတွင်းမှာ ခေါင်းဖြတ်တာပဲ ရှိတယ်)၊ အစိုးရ ကို ဘာမှလည်း ပေးနိုင်တာမဟုတ်ဘူး (ဘိန်း နဲ့ ကျွဲချိုကလွဲလို့ ဘာမှအပြင်ကို ရောင်းနိုင် တာလည်း မဟုတ်၊ ဆားကလွဲလို့ ဘာမှ အပြင်က တင်သွင်းစရာလည်း မရှိဘူး)။”

ဝနယ်ကို တကယ်တမ်းလူသိများ လာတာဟာ တရုတ်ပြည်မှာ စစ်ရှုံးပြီး ထွက် ပြေးလာကြတဲ့ ကူမင်တန်တပ်တွေက ဗမာ ပြည်ရဲ့ နယ်မြေတွေကို သိမ်းပိုက်တဲ့ ပြဿနာ ပေါ်တဲ့အခါမှ ဖြစ်ပါတယ်။ အဲဒီတုန်းက အပြောများတဲ့ စကားတခွန်းက “လိုအပ် မှုမှာ ဘာတရားဥပဒေမှမရှိဘူး၊ ဒါကြောင့် ကျုပ်တို့ဘိန်းလုပ်တာပဲ။ ကျုပ်တို့ဟာ ကွန် မြူနစ်မကောင်းဆိုးဝါးကို ဆက်တိုက်နေရ တယ်။ စစ်တိုက်ဖို့ဆိုရင် စစ်တပ် ရှိရမယ်၊ စစ်တပ်တခုမှာ သေနတ်ရှိရမယ်၊ သေနတ် ဝယ်မယ်ဆိုရင် ငွေရှိရမယ်။ ဒီဒေသတွေမှာ ငွေဆိုတာ ဘိန်းပဲ”ဆိုတာပါပဲ။ ပြောတဲ့လူက စီအိုင်အေနဲ့ ဆီးတိုးစစ်မဟာမိတ်အဖွဲ့တို့က လက်သပ်မွေးထားတဲ့ ကူမင်တန်ဗိုလ်ချုပ် တွမ်ဆစ်ဝင်ဆိုသူ ဖြစ်ပါတယ်။ ဗမာနိုင်ငံသား သွေးတွေ အမြောက်အမြားကျခံပြီး ၁၀ နှစ်ကျော် တိုက်ပြီးမှ ပြန်ရခဲ့တဲ့ ဒီဒေသကြီးကို အဲဒီအချိန်ကနေစပြီး အခုအထိပြန်ဆက်စပ် ကြည့်လိုက်ရင် ဝနယ်ကို အနောက်နိုင်ငံတွေ က အာရုံစိုက်တဲ့ အကြောင်းရင်းတွေထဲမှာ တရုတ်ပြည်နဲ့ ဆက်နေတဲ့ နယ်စပ်မျဉ်း ကြောင်း အရှည်ကြီး ရှိနေတယ်ဆိုတဲ့ ပထဝီ နိုင်ငံရေး အကြောင်းရင်းဟာ ထိပ်တန်းက ပါနေတာ တွေ့ရပါတယ်။

ဝသပ လို့ အတိုခေါ်ကြတဲ့ ဒီအဖွဲ့ အစည်းကို ပြည်ပကနေ အပြစ်တင်တိုက် ခိုက်နေကြသံတွေထဲမှာ အဆိုးဆုံးကတော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ကမ္ဘာ့တရားခံ ကြီးတဦးလို စွပ်စွဲနေကြတဲ့ကိစ္စဖြစ်ပါတယ်။ ဥပမာ အမေရိကန်အစိုးရဟာ သူတို့ကို မူးယစ်ဆေးဝါးစီးပွားရေး လုပ်ကိုင်နေတဲ့ လက်နက်ကိုင်တပ်ဖွဲ့လို့ တရားဝင်သတ်မှတ် ထားတဲ့အပြင် ဒီအဖွဲ့က ထိပ်တန်းခေါင်းဆောင် ရှစ်ဦးကိုလည်း မူးယစ်ဆေးဝါးတရားခံတွေ အဖြစ် သူတို့နိုင်ငံတရားရုံးတွေမှာ အမှုဖွင့် ထားပါတယ်။ ဒါကြောင့် အဲဒီတရားခံတွေကို ဖမ်းဖို့အတွက် ဝသပ တပ်ဖွဲ့ ဒေသထဲကို အမေရိကန်ဟာ တပ်နဲ့အချိန်မရွေး ဝင် ရောက်ခွင့်ရှိတယ်လို့ ဝါရှင်တန်ရဲ့လောဂျစ်က ဆိုနေပါတယ်။ ဒါကြောင့်လည်း နယ်စပ် တဖက်တချက်မှာ ဝနယ်ကို အမေရိကန် တပ်ဝင်လိမ့်မယ်ဆိုတဲ့ သတင်းတွေ တခါတခါ ထွက်လာတာ ကြားရတာပါ။

တကယ်တော့ သမိုင်းကို ပြန်ကြည့် လိုက်ရင် ဝဒေသမှာ ဘိန်းစိုက်ပျိုးမှု အကြီး ကျယ်ဆုံးကာလဟာ အမေရိကန်စီအိုင်အေ က ကူမင်တန်အကြွင်းအကျန်တွေကို ဘိန်း အပ၊ ဘက်စုံအကူအညီ ပေးနေတဲ့ ကာလ တွေ ဖြစ်ပါတယ်။ အဲဒီအချိန်ဟာ အခု ဝသပ ကို ‘ဝနီ’ ဆိုပြီး ပုတ်ခတ်ပြောဆိုနေတဲ့ ထိုင်း နိုင်ငံထဲကို အမေရိကန်လေယာဉ်ပျံတွေနဲ့ ဘိန်းတွေသယ်ယူနေတဲ့ ကာလဖြစ်ပါတယ်။ အဲဒီနောက် ကူမင်တန်တပ်တွေ ရုပ်သိမ်းသွား ပြီး ဖဆပလ ခေတ် ဆိုရှယ်လစ် စစ်ဗိုလ်တွေ အဲဒီဒေသတွေကို ချုပ်ကိုင်ထားစဉ်ကလည်း ဘိန်းစိုက်ပျိုးရောင်းဝယ်မှု အကြီးအကျယ် ထွန်းကားခဲ့ပါတယ်။

ဒါပေမဲ့ ဝနယ်ကို ဘိန်းနဲ့မူးယစ် ဆေးဝါး ငရဲတွင်းကြီးအဖြစ် ခြယ်မှုန်းခြင်းကို တော့ အခုနောက်ပိုင်းကျမှ အနောက်တိုင်း မီဒီယာတွေမှာ တွေ့ရတာဖြစ်ပါတယ်။ အမေ ရိကန်နဲ့ နေတိုးတပ်တွေက အုပ်စီးထားပြီး ကနေ့အထိ ဆယ်စုနှစ်ပေါင်းများစွာ ကမ္ဘာ မှာ ဘိန်းအများဆုံး စိုက်ပျိုးထုတ်လုပ်နေတဲ့ အာဖဂန်နစ္စတန်ကိုတော့ ဘာမှမပြောဘဲ ဝနယ်ကိုသာ သဲသဲမဲမဲ အပုပ်ချ တိုက်ခိုက် နေတာဟာ ဘာကြောင့်ပါလဲ။

၂၀၀၇ ခုနှစ်ထဲမှာ အမေရိကန် နိုင်ငံထဲကထုတ်တဲ့ “အမေရိကန်လုပ်စစ်ပွဲ များကို ရောင်းချခြင်း”(Selling US Wars) ဆိုတဲ့ စာအုပ်ရဲ့ အမှာစာမှာ အခု လို ဖော်ပြထားပါတယ်။ “စစ်အေးခေတ်က ကွန်မြူနစ်ဆန့်ကျင်ရေးအလံရဲ့နေရာမှာ အခု အခါ သဘောတရားအလံ ၆ လက် ပေါ်လာ တယ်။ ဒါတွေဟာ အမေရိကန်ရဲ့အင်ပါယာ တည်ဆောက်မှုအတွက်လည်း အနည်းနဲ့ အများ အကျိုးရှိပါတယ်။ အဲဒါတွေကတော့

၁။ ထိတ်လန့်တုန်လှုပ်ရေးဝါဒ (တချို့က အကြမ်းဖက်ဝါဒလို့ ခေါ်ပါတယ်) ဆန့်ကျင်ရေးစစ်ပွဲ။

၂။ “ပိုင်ရှင်မှားပြီး ရောက်နေတဲ့ ဖျက်အားပြင်းလက်နက်များ ဖျက်သိမ်းရေး။

၃။ ချွတ်ခြုံကျနေတဲ့ နိုင်ငံများ (Failed States)

၄။ လိုအပ်မှုနဲ့ တရားမျှတရေး အတွက် ပြည်ပကနေ အကြမ်းနည်းနဲ့ လူသား ဆန်တဲ့ စွက်ဖက်မှု။

၅။ ဒီမိုကရေစီအမည်သုံးပြီး အစိုးရပြောင်းလဲအောင်လုပ်ခြင်း။

၆။ မူးယစ်ဆေးဝါးလုပ်ငန်းအပေါ် စစ်ဆင်မှု – ဆိုတာတွေပဲ ဖြစ်ပါတယ်။”

**စစ်အေးခေတ်က ကွန်မြူနစ်ဆန့်ကျင်ရေး အလံရဲ့နေရာမှာ အခုအခါ သဘောတရားအလံ ၆ လက် ပေါ်လာတယ်**

ဒီစာအုပ်ထဲကပဲ "မူးယစ်ဆေးဝါး လုပ်ငန်းအပေါ် စစ်ဆင်မှုဆိုခြင်းကို နိုင်ငံတကာ လက္ခဏာဆောင်အောင်လုပ်ခြင်း" ဆိုတဲ့ ဆောင်းပါးမှာတော့ "မူးယစ်ဆေးဝါး စစ်ဆင်ရေးဟာ အမေရိကန်ရဲ့ပြည်ပမှာ စစ်ရေးအရ ဆောင်ရွက်မှု၊ စစ်အခြေစိုက် စခန်းချထားမှုနဲ့ စွက်ဖက်မှုတွေကို မှန်ကန်ကြောင်းပြသဖို့အတွက် အသုံးတည့်လှတယ်" လို့ ရေးထားပါတယ်။ ဒီဆောင်းပါးမှာပဲ တွေ့ရတဲ့ စိတ်ဝင်စားစရာနောက်တချက်က ၂၀ ရာစုနှစ်ထဲကို ကူးတဲ့အချိန်ကစလို့ အနောက်နိုင်ငံတွေဟာ မိမိတို့နိုင်ငံအတွင်းက မူးယစ်ဆေးဝါး သုံးစွဲမှုပြဿနာကို ကိုယ့်နိုင်ငံရဲ့လူမှုရေးစနစ် ပြဿနာအဖြစ် အမှန်အတိုင်း သရုပ်မဖော်ဘဲ တခြားနိုင်ငံတွေအပေါ်ပုံချဖို့ လုပ်လာကြတယ်လို့ ဆိုထားပါတယ်။ ဒ့ါအပြင် အမေရိကန်ဆိုရင် တောင်အမေရိကန် နိုင်ငံတွေထဲကို စစ်ရေးအပါ နည်းမျိုးပေါင်းစုံနဲ့ ကိုယ်ထင်သလို ဝင်လုပ်လို့ရအောင် ဖန်တီးထားတဲ့ အကြောင်းပြစရာတခု ဖြစ်တယ်လို့လည်း ထောက်ပြထားပါတယ်။ တကယ်က အမေရိကန်စီအိုင်အေဟာ ဗီယက်နမ်စစ်ပွဲမှာ ဘိန်းဖြူရောင်းဝယ်မှုက ရတဲ့ငွေတွေအများကြီးကို အသုံးပြုခဲ့သလို နီကာရာဂွာမှာ ဆာဒင်နစ္စတာအစိုးရကို ဖြုတ်ချဖို့အတွက် ကြေးစား ကွန်ထရာသူပုန်တွေကိုလည်း ကိုကင်းအရောင်းဝယ်တွေ လုပ်စေပြီး ရန်ပုံငွေရှာခဲ့တာပါ။

အဲဒီလို မူးယစ်ဆေးဝါးနဲ့ နိုင်ငံရေးတွဲနေတဲ့ ဒီနေ့ကမ္ဘာကြီးမှာ တရုတ်ပြည်နဲ့လည်း နယ်စပ်ချင်းဆက်နေတဲ့ ဝနယ်က ဝသပ ကို ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက်မှာ အမေရိကန်က တရားခံရှာလာတာ မဆန်းဘူးလို့ပဲ ဆိုရပါမယ်။

တွမ်ကရေမာရဲ့ ဝသပ အကြောင်း စာအုပ်ထဲမှာ "ဝသပ ဟာ ခြောက်ပြစ်ကင်းသဲလဲစင်လို့ မဆိုလိုပါဘူး။ ဒီအဖွဲ့ထဲက တချို့ဟာ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေနဲ့ ပတ်သက်နေတုန်းပဲဖြစ်တယ်" လို့ ဖော်ပြထားပါတယ်။ နောက်ပြီးတော့လည်း ဒီစာအုပ်ထဲမှာပဲ ဝသပ နဲ့ "စစ်အစိုးရအကြားက ဆက်ဆံရေးဟာ တင်းမာမြဲတင်းမာဆဲ ဖြစ်တယ်။ သူတို့အကြားမှာ ငြိမ်းချမ်းရေးလည်း မရသေးဘူး။ ဝသပ ဟာ နအဖရဲ့ အမျိုးသားညီလာခံမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အသစ်နဲ့ ပတ်သက်တဲ့ သူတို့ရဲ့ အဓိကနိုင်ငံရေး တောင်းဆိုချက်တွေကို တင်ပြထားတယ်။ ဝသပ ဟာ သူတို့ရဲ့ အခြေခံလိုလားချက် တချို့ကို မရမချင်း လက်နက်စွန့်မယ့်ပုံ မရှိဘူး" လို့ ထောက်ပြထားပါတယ်။

ဝသပ ရဲ့ နိုင်ငံရေးလမ်းစဉ်နဲ့ ပတ်သက်လို့တော့ "သူတို့ရဲ့အဓိက တောင်းဆိုချက်ဟာ ဗဟိုအစိုးရ လက်အောက်က တိုက်ရိုက်ဖြစ်တဲ့၊ ရှမ်းပြည်နယ်လက်အောက်က မဟုတ်တဲ့ ဝပြည်နယ် ဖြစ်ပါတယ်"လို့ အတိအလင်းရေးထားပါတယ်။ ဒါနဲ့ဆက်ပြီး ဝသပ ခေါင်းဆောင်များရဲ့ ဒီစကားကို ရေးပြထားပါတယ်။ "ဝတွေဟာ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ကန့်သတ်ခံထားရတယ်။ ကျနော်တို့ဟာ လူနည်းစုအမျိုးသားတွေထဲက လူနည်းစုတခု ဖြစ်နေရတယ်။ ကျနော်တို့ဟာ ကမ္ဘာပေါ်မှာ ခေတ်အနောက်ကျဆုံးလူတွေထဲမှာ ပါဝင်နေတယ်။"

***ဝတွေဟာ***
***နိုင်ငံရေးအရ၊***
***စီးပွားရေးအရ၊***
***လူမှုရေးအရ***
***ကန့်သတ်ခံထားရတယ်***

စာအုပ် နောက်ဆုံးမှာတော့ "ဝသပ ကို သရုပ်ဖျက်ခြင်း၊ အထီးကျန်ဖြစ်အောင်လုပ်ခြင်းတို့ဟာ သူတို့ကို အဲဒီလူတွေ (မူးယစ်ဆေးဝါးဂိုဏ်းကြီးတွေ) အပေါ် ပိုမိုမှီခိုအောင် တွန်းပို့သလိုသာရှိပြီး ဗမာပြည်ရဲ့ ရင်ကြားစေ့ရေး ကြိုးပမ်းမှုတွေကို အတားအဆီး ဖြစ်စေလိမ့်မယ်"လို့ ရေးထားပါတယ်။

အမှန်ပါပဲ၊ ဗမာပြည်ရဲ့အရေးအခင်းတွေ၊ အထူးသဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေဆိုင်ရာ၊ တိုင်းရင်းသားအမျိုးသားများဆိုင်ရာတွေကို ပြောကြမယ်ဆိုရင် ကယားပြည်နယ်ထက် နယ်မြေအရပိုမိုကျယ်ပြန့်ပြီး၊ လူဦးရေလည်း မတိမ်းမယိမ်းရှိတဲ့ ဒီဒေသနဲ့ ဒီပြည်သူတွေကို ချန်လှပ်ထားလို့ မဖြစ်ပါဘူး။ နောက်ပြီး အခုနောက်ပိုင်းမှာ လမ်းပန်းဆက်သွယ်ရေး ပိုကောင်းလာတဲ့အတွက် ပထဝီသဘော၊ စစ်ရေးသဘောအရပါ နိုင်ငံတကာက ပိုမိုအရေးစိုက်စရာ နေရာဖြစ်လာမှာ သေချာပါတယ်။

မျက်မှောက် ဝနယ်ရဲ့အခြေအနေက '၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ' ရေးဆွဲဖို့ စိုင်းပြင်းစဉ်ကာလတုန်းကလို အခြေအနေမျိုး မဟုတ်တော့ပါဘူး။ သူတို့ဟာ ဗမာပြည်နိုင်ငံရေးဖြစ်စဉ်ထဲမှာ ထဲထဲဝင်ဝင် ပါဝင်နေတဲ့၊ အလေးထားရမယ့် အင်အားစုကြီးတခု ဖြစ်နေပါပြီ။ ဒါကိုလည်း သတိပြုရပါလိမ့်မယ်။

ဗမာပြည် အချုပ်အခြာပိုင် နယ်မြေ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးနဲ့ နိုင်ငံတော် တစည်းတလုံးတည်း ဖြစ်ရေးဆိုတဲ့ ရေရှည် မျှော်မှန်းချက်ထားရှိသူတိုင်း ဝပြည်သူတွေနဲ့ အေးချမ်းစွာလက်တွဲတည်ဆောက်ရေး၊ ဖြေရှင်းရေးကို နှလုံးသွင်းကြရပါလိမ့်မယ်။ ■



# ဇာစနစ်ဆန့်ကျင်ရေးတိုက်ပွဲထဲက အမျိုးသမီးကဗျာဆရာ

ရုရှားနိုင်ငံက ဒုတိယမြောက်အလက်ဇင်ဒါဘုရင် (၆၂နှစ်) ဟာ ၁၈၈၁ ခုနှစ် မတ်လ ၁၃ ရက်နေ့မှာ ဗုံးနဲ့အပစ်ခံရတော့ ခြေပြတ်၊ ဗိုက်ပေါက်ပြီး လူရုပ်မပေါ်ဘဲသေသွားခဲ့ပါတယ်။ ဒီလို သူ့ကိုလုပ်ကြံသတ်ဖြတ်ဖို့ စီစဉ်သူတွေထဲမှာ ပညာတတ် အမျိုးသမီးတယောက် ပါတယ်လို့ဆိုရင် အံ့သြကောင်းအံ့သြကြလိမ့်မယ်။ သူ့ကိုမလိုလားတဲ့ သက်ဦးဆံပိုင်စနစ်လိုလားသူတွေက သူ့ကို "ဗယ်ရာဖစ်ဂ်နာ (Vera Nikolaevna Figner)ဟာ အမျိုးသမီးမဟုတ်ဘူး၊ သူရဲတစ္ဆေဖြစ်တယ်" လို့ ပြောကြပါတယ်။

ဗယ်ရာနီကိုလက်ဗ်နာ ဖစ်ဂ်နာ (၁၈၅၂–၁၉၄၂) ဟာ ၁၉ ရာစုနှစ်အကုန်ပိုင်းက ရုရှားနေရှင်ပေါက်စ ပညာတတ်များရဲ့ ဇာစနစ်တော်လှန်ရေးမှာ ခေါင်းဆောင်ပါဝင်ခဲ့သူ ဖြစ်တယ်။ သူမရေးခဲ့တဲ့ 'တော်လှန်ရေးသမားတဦး၏မှတ်တမ်းများ" စာအုပ်ကြောင့် နာမည်ရခဲ့တဲ့ ဗယ်ရာဖစ်ဂ်နာဟာ အထက်တန်းလွှာများတက်တဲ့ ကျောင်းတွေမှာ ပညာသင်ခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံမှာ ဆေးပညာသင်ကြားခဲ့ပါတယ်။

သူမဟာ ၁၈၇၆ ခုနှစ်ကစပြီး စိန့်ပီတာစဘာ့ဂ်မြို့တော်ကို ရောက်လာပါတယ်။ အဲဒီမှာ သူမဟာ ဇာဘုရင်ကို တော်လှန်လိုတဲ့ အသိုင်းအဝိုင်းတခုနဲ့ ထိတွေ့မိပြီး မြောက်ပိုင်းတော်လှန်တဲ့ နာရော့ဒ်နစ်ခ်အစု (North Revolutionary Narodnik Group) မှာ ပါဝင်ခဲ့ပါတယ်။ ဒီအဖွဲ့ရဲ့နာမည်ကို နောင်မှာမြေယာနှင့်လွတ်လပ်ရေးအဖွဲ့ (Land and Freedom) လို့ ပြောင်းခဲ့ပါတယ်။ ၁၈၇၉ခု နှစ်မှာ ဒီအဖွဲ့ ကွဲပြန်တော့ သူမဟာ ပြည်သူ့ဆန္ဒအဖွဲ့ (People's Will) မှာ အလုပ်အမှုဆောင်အဖွဲ့ဝင် ဖြစ်လာပါရော။ ဒါတင်မက သူမဟာ စစ်ရေးခေါင်းဆောင်တဦးလည်း ဖြစ်လာပါတယ်။ အဲဒီနောက်မှာ သူဟာ မြေအောက်သဏ္ဍာန်နဲ့ နေထိုင်လှုပ်ရှားခဲ့ပြီး ဇာဘုရင်ကို လုပ်ကြံဖို့အတွက် စီစဉ်ရာမှာ ပါခဲ့ပါတယ်။ ဇာဘုရင် အသတ်ခံပြီးနောက်မှာ သူတို့အဖွဲ့ဝင်တွေ သေဒဏ်အပေးခံသူခံရ၊ ထောင်အချ ခံသူခံရနဲ့ အဖွဲ့အစည်းဟာ အင်မတန်ချည့်နဲ့သွားတော့ သူမဟာဒီအဖွဲ့ကို ပြန်လည်စုစည်းဖို့ လုံးပန်းပါတယ်။ ဒါပေမဲ့ မအောင်မြင်ပါဘူး။ သစ္စာဖောက်တဦးရဲ့ လက်ထောက်ချမှုကြောင့် ၁၈၈၃ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ အဖမ်းခံရပါတယ်။ ၁၈၈၄ ခုနှစ်မှာ သူမကို သေဒဏ်ချမှတ်ခဲ့ပေမယ့် နောက်တော့ ထောင်ဒဏ်တသက်တကျွန်းအဖြစ် ပြန်ပြောင်းချလိုက်ပါတယ်။

ဒီနောက် ၁၈၈၄ ခုကနေ ၁၉၀၄ ခုနှစ်အထိ သူမဟာ ခံတပ်ကြီးတခုအတွင်းမှာ အနှစ် နှစ်ဆယ်လုံးလုံး တဦးတည်းတိုက်ပိတ်ထားတာ ခံခဲ့ရပါတယ်။ ၁၉၀၆ ခုနှစ်မှာ သူမဟာ ပြည်ပကို ထွက်သွားပြီး ရုရှားနိုင်ငံအတွင်းက နိုင်ငံရေးအကျဉ်းသားများအတွက် လှုံ့ဆော်တိုက်ပွဲဝင်ပါတယ်။ ၁၉၀၇ – ၀၈ ခုနှစ်မှာ ဆိုရှယ်လစ်တော်လှန်ရေးပါတီထဲ ဝင်ခဲ့ပြီး ၁၉၁၅ ခုနှစ်မှာ ရုရှားနိုင်ငံကို ပြန်လာခဲ့ပါတယ်။ ၁၉၁၇ခုနှစ်၊ ဖေဖော်ဝါရီတော်လှန်ရေးပြီးတဲ့နောက်မှာ နိုင်ငံရေးအကျဉ်းသားတွေ၊ ပြည်ပရောက်တွေအားလုံးကို လွတ်ငြိမ်းခွင့်ပေးရေးကော်မတီ ဥက္ကဋ္ဌနဲ့ ယဉ်ကျေးမှုနှင့်လွတ်လပ်ရေးအသင်းမှာ ဒုဥက္ကဋ္ဌတာဝန်တွေယူခဲ့ပါတယ်။

ဇာဘုရင်စနစ်ကို တော်လှန်ချုပ်ငြိမ်းစေတာမဟုတ်ဘဲ ဇာဘုရင်တယောက်ကိုသာ ချုပ်ငြိမ်းစေခဲ့တာဖြစ်လို့ သူတို့ရဲ့ လှုပ်ရှားမှုတွေဟာ အဆုံးတိုင်အောင်မြင်မှု မရခဲ့ပါဘူး။ ဒါပေမဲ့ ကိုယ်ကျိုးလုံးဝစွန့်လွှတ်ပြီး သက်ဦးဆံပိုင်ဘုရင် စနစ်ဆိုးကြီးကို တိုက်ခိုက်ခဲ့တဲ့ အမျိုးသမီးတဦးအနေနဲ့တော့ ဗယ်ရာဖစ်ဂ်နာဟာ စံထားအားကျခြင်းခံရတဲ့ အမျိုးသမီးတဦးဖြစ်ခဲ့ပါတယ်။



## အမြင့်မြတ်ဆုံးလူတွေ ကျဆုံးခဲ့ကြတယ်

*အမြင့်မြတ်ဆုံး လူတွေ ကျဆုံးခဲ့ကြတယ်၊ သူတို့ကို လူမနေတော့တဲ့*
*နေရာတခုမှာ လူမသိသူမသိ မြှုပ်ထားခဲ့ကြတယ်၊*
*သူတို့အတွက် မျက်ရည်တစက်မှ မကျခဲ့ကြဘူး၊*
*မသိဖူးတဲ့လက်တွေက သူတို့ကိုသင်္ချိုင်းကိုသယ်ပို့ခဲ့တယ်*
*လက်ဝါးကပ်တိုင်မရှိ၊ အကာအရံမရှိ၊ သူတို့ရဲ့ဂုဏ်ပြောင်တဲ့*
*နာမည်တွေကို ဘယ်သင်္ချိုင်းကျောက်ပြားမှာမှ မတွေ့မိ၊*
*သူတို့အပေါ်မှာ မြက်တွေပေါက်နေပြီး ချည့်နဲ့တဲ့မြက်ပင်လေး*
*တပင်ကသာ၊ ခါးလေးကိုင်းပြီး လျှို့ဝှက်ချက်တွေ ထိန်းထားတယ်၊*
*တဦးတည်းသော သက်သေကတော့ ဒေါသတခြောင်းခြောင်းနဲ့*
*ကမ်းစပ်ကို ရိုက်ခတ်နေကြတဲ့လှိုင်းလုံးတွေ၊*
*ဒါပေမဲ့ ဒီအစွမ်းထက်လှတဲ့ လှိုင်းလုံးတွေတောင်မှ*
*သူတို့အိမ်တွေဆီကို နောက်ဆုံးနှုတ်ဆက်စကားတွေ*
*သယ်မသွားနိုင်ခဲ့။ ။*

## The Noblest Fallen

*The noblest have fallen. They were buried*
*obscurely in a deserted place.*
*No tears fell over them.*
*Strange hands carried them to the grave.*
*No cross, no enclosures, and no tomb stone tell*
*their glorious names.*
*Grass grows over them, a feeble blade*
*bending low keeps the secret.*
*The sole witness were the surging waves.*
*which furiously beat against the shore,*
*But even they, the mighty waves could*
*could not carry farewell greetings to the distant home.*




## UNSC မှာ ဂမ်ဘာရီရဲ့ အစီရင်ခံစာ

ဂမ်ဘာရီအစီရင်ခံစာမှာ ထူးတာတချက်ပါတယ်။ ဝန်ကြီးချုပ် (ဗိုလ်သိန်းစိန်) က ဂမ်ဘာရီကို နောက်လည်း ‘အကြိမ်ကြိမ်လာပါ’ လို့ဖိတ်သတဲ့။ ရိုးရိုးဖိတ်တာ မဟုတ်ဘူး။ RM အဆင့် (၃) လုပ်ကြမယ့် ‘အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ’ နဲ့ တွေ့ပေးချင်လို့ ဖိတ်တာဆိုပဲ။

နအဖ က RM ကို အစွန်ထုတ်နေတာ တော်တော်လေး အောင်မြင်နေပုံရပါတယ်။ ဒါကို ခေါ်ပြချင်တာပဲ။ DASSK နဲ့ ‘စကားပြောပွဲ’ ကို ခေါ်ပြချင်တာ မဟုတ်ဘူး။

DASSK နဲ့‘စကားပြောပွဲ’က UNSC ကို မျှားဖို့ထွင်ထားတဲ့ အရန်စီမံကိန်းပဲ ဖြစ်နေပုံရပါတယ်။

## တရုတ် – အိန္ဒိယ ကုန်သွယ်ရေး (၂၀၁၀) ခုနှစ်မှာ ဒေါ်လာဘီလျံ (၄၀) ရှိရေး

သူတို့ ၂ နိုင်ငံရဲ့ ကုန်သွယ်ရေးက အခု ဒေါ်လာဘီလျံ (၂၀) ရှိတယ်။ (၄၀) ပြည့်ဖို့ဆိုရင် တဆ တိုးရမယ်။ အခု (၂၀၀၇) ခုနှစ် ကုန်ခါနီးပြီဆိုတော့ (၂၀၁၀) ရောက်ဖို့ (၃) နှစ်ပဲ လိုတယ်။ (၃) နှစ်အတွင်း ဖြစ်နိုင်ပ့ါမလား။

အိန္ဒိယနဲ့တရုတ်ကုန်သွယ်ရေးက ကုန်းလမ်းက တိုးချဲ့ဖို့ဆိုရင် ဗမာပြည်ကို ဖြတ်မှဖြစ်မှာပဲ။ မလက္ကာရေလက်ကြားလမ်းကဆိုရင် ဖြစ်ဖို့မလွယ်ဘူး။

ဗမာပြည်ကိုဖြတ်ဖို့က ဗမာပြည်မှာ နိုင်ငံရေး၊ လူမှုရေး တည်ငြိမ်နေမှ ဖြစ်မှာပဲ။ ဒါကြောင့်ပဲ ဗမာပြည်ပြဿနာကို သူတို့ (၂) နိုင်ငံ ပိုပြီးစိတ်ဝင်စားလာကြတာ ဖြစ်တယ်။ အမေရိကန်ရဲ့ ပြစ်ဒဏ်ခတ်ပိတ်ဆို့မှုကို သိပ်ပြီးအလေးထားကြမှာ မဟုတ်ဘူး။

ဗမာပြည်ရဲ့ အကျိုးစီးပွားဘက်ကနေကြည့်ရင် အိမ်နီးချင်း နိုင်ငံကြီး (၂) နိုင်ငံ သင့်မြတ်နေကြတာ ကောင်းပါတယ်။ စစ်အေးခေတ်ကလည်း သင့်မြတ်နေခဲ့လို့ ဗမာပြည်ရဲ့ စောစောပိုင်းနိုင်ငံရေးအဆင့်နေရာဟာ ကမ္ဘာ့နိုင်ငံရေးခွင်မှာ အဆင့်မြင့်ခဲ့တာ ဖြစ်တယ်။ ဗမာပြည်က ကြားနေနိုင်ငံဖြစ်ခဲ့လို့ပဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာကို ဦးသန့် အလွယ်တကူရခဲ့တာပဲ။ အိန္ဒိယ – တရုတ် ကုန်သွယ်ရေးတိုးမြှင့်ချိန်မှာ ဗမာပြည်ကလည်း ပြည်တွင်းရေးငြိမ်းချမ်းတည်ငြိမ်နေဖို့ လိုပါတယ်။ ဒါမှ အခွင့်ကောင်းရမယ်။ အဲဒီကုန်သွယ်ရေးလမ်းကြောင်းကို ဗမာပြည်က ဝင်ပြီးအသုံးချနိုင်ရင် ရေရှည်အကျိုးရှိမှာ ဖြစ်ပါတယ်။

## လစ္စဘွန်းစာချုပ်

ဥရောပသမဂ္ဂ EU က “လစ္စဘွန်းစာချုပ်” ဒီဇင်ဘာလ (၂၀၀၇) မှာ လက်မှတ်ထိုးကြလိမ့်မယ်။ ဒါဟာ ဥရောပ တစည်းတလုံးတည်းဖြစ်ရေးအတွက် ရှေ့တလှမ်းတိုးတာပဲ။

USA (အမေရိကန်ပြည်ထောင်စု) ကြီးပွားတာကို အားကျပြီး ဥရောပကလည်း USE ဖြစ်ချင်နေခဲ့တာ ကြာလှပါပြီ။ ဒါပေမဲ့ ဥရောပသမိုင်းက အမေရိကန်သမိုင်းလို မဟုတ်ဘူး။ ဒါကြောင့် USE ဖြစ်ဖို့ မလွယ်ခဲ့ဘူး။

“လစ္စဘွန်းစာချုပ်” ရဲ့အရင် “ဥရောပဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ” ဆိုတာ ကြံဆခဲ့ဖူးတယ်။ ဒါပေမဲ့ လူထုက လက်မခံလို့ ပျက်ပြီးပြီ။ အဲဒီအခြေခံဥပဒေက ‘အမေရိကန်အခြေခံဥပဒေ’ လောက်တောင် စုစုစည်းစည်းရှိတာ မဟုတ်ဘူး။ အချုပ်အခြာအာဏာပိုင် နိုင်ငံတွေရဲ့ ပေါင်းစည်းမှုတမျိုး ဖြစ်တယ်။ အဲဒီလောက်ဟာကိုတောင် လူထုက လက်မခံခဲ့လို့ “လစ္စဘွန်းစာချုပ်” ဆိုတာကို တဆင့်လျှော့ပြီး လုပ်ခဲ့ရတာပါ။ ဒီ ‘စာချုပ်’ ကတော့ ဖြစ်မြောက်စရာ ရှိပါတယ်။

USE အဆင့်ထိ ရောက်ဖို့ကတော့ ဝေးပါတယ်။ အရင်းရှင်စနစ် ကျင့်သုံးနေသမျှ ဥရောပမှာ ဘယ်တော့မှ ဖြစ်မြောက်စရာ မရှိဘူးလို့ ပြောနိုင်ပါတယ်။ ဥရောပမှာက နယ်ချဲ့နိုင်ငံကြီး (အဟောင်း) တွေ ပြွတ်သိပ်တည်ရှိနေခဲ့ရုံမက စစ်တွေတခြိမ်းခြိမ်းတိုက်ခဲ့တဲ့ဒေသ ဖြစ်လို့ပါပဲ။

## ချင်းဟွာတက္ကသိုလ်မှာ ဆိုနီယာဂန္ဒီပြောတဲ့မိန့်ခွန်း

(၁) ၂၇ – ၁၀ – ၂၀၀၇ က ကွန်ဂရက်ပါတီဥက္ကဌ ဆိုနီယာဂန္ဒီ ချင်းဟွာတက္ကသိုလ်မှာ မိန့်ခွန်းပြောတယ်။ အိန္ဒိယအာဏာရပါတီရဲ့ဥက္ကဌ

ပြောတဲ့မိန့်ခွန်းဟာ သာမန်ပြောရိုးပြောစဉ် ပြောတဲ့မိန့်ခွန်း မဟုတ်ဘူး။ ပေါ်လစီမိန့်ခွန်း ဖြစ်တယ်။ အရှည်ကိုကြည့်ပြီးပြောတဲ့ မိန့်ခွန်းလည်းဖြစ်လို့ ကြိုဆိုပါတယ်။ အားလည်းရပါတယ်။

ကျွန်တော်တို့က အိန္ဒိယနဲ့တရုတ်ရဲ့ကြားမှာ နေရတဲ့တိုင်းပြည်ဖြစ်တော့ ဒီ (၂) နိုင်ငံ ဆက်ဆံရေးကို အထူးပဲ အလေးထားပါတယ်။ ဒါကြောင့်ပဲ ဆိုနီယာဂန္ဒီရဲ့ မိန့်ခွန်းကို လေ့လာခဲ့ပါတယ်။

(၂) ဆိုနီယာဂန္ဒီက တရုတ်ဝန်ကြီးချုပ်ပြောတဲ့ 'လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၂၀၀) အတွင်းမှာ ၉၉% လောက်ဟာ (၂) နိုင်ငံရဲ့ မိတ်ဖက်ပူးပေါင်း ဆောင်ရွက်ရေးဆက်ဆံရေးပဲ' လို့ ပြောတာကို သဘောတူကြောင်းကစပြီး ပြောပါတယ်။ သမိုင်းကိုလှန်ပြီးလည်း အကျယ်တဝင့်ပြောပါတယ်။ လွန်ခဲ့တဲ့ နှစ် (၇၀) တရုတ် – ဂျပန်စစ်ပွဲကာလက အိန္ဒိယဆရာဝန် Kotnis ကို နေရူးက စေလွှတ်ပြီး ကူညီခဲ့တာကို တရုတ်ဘက်က ဂုဏ်ယူကြောင်းကိုလည်း ပြန်ပြောပါတယ်။ Kotnis ရဲ့ ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုကို အခုခေတ်လူငယ်တွေ စံထားရမှာ ဖြစ်ကြောင်းကိုလည်း တရုတ်ဘက်ကပြောကြောင်း ပြန်ပြောပါတယ်။ ပြီးတော့မှ ရှေးခေတ်အကြောင်းပြောဖို့ အခုလာတာမဟုတ်ဘူး၊ အရေးတကြီး မျက်မှောက်ကြုံနေရတဲ့ ဒီနေ့ကိစ္စတွေကို ပြောဖို့ပါလို့ပြောပြီး ကိစ္စတွေကို တခုချင်းတန်းစီ ပြောသွားပါတယ်။

၂၁ ရာစုမှာ ရှေးအစဉ်အလာကို ဘယ်လိုထိန်းသိမ်းပြီး ပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို အထူးပြုပြီး ပြောပါတယ်။ (၁၈၂၀)




ခုနှစ်မတိုင်မီက အိန္ဒိယနဲ့တရုတ်ရဲ့ စီးပွားရေးဟာ တကမ္ဘာလုံးစီးပွားရေးရဲ့ ၄၈% ရှိကြောင်း၊ နောက်တော့ ကိုလိုနီပြုခံရတာ၊ နှိမ့်ချခံရတာကြောင့် (၁၉၅၀) ခုနှစ်မှာ ၇% အထိ ကျသွားကြောင်း၊ အခုတော့ ပြန်တက်လာပြီဖြစ်ကြောင်း၊ (၂၀၂၅) ခုနှစ်မှာ ၃၅% အထိ တက်လာပြီး တရိပ်ရိပ်တက်လာတော့မှာဖြစ်ကြောင်း ပြောပါတယ်။

ဟုတ်ပါတယ်။ ကမ္ဘာကြီး ငြိမ်းချမ်းနေရင်၊ အာရှတည်ငြိမ်နေရင် တဖြည်းဖြည်း တက်လာမှာပါပဲ။ ရန်ဖြစ်ကြရင်၊ စစ်ဖြစ်ကြရင်တော့ မတက်ဘဲ ကျသွားမှာပါ။ ကြားလူ အမြတ်ထုတ်သွားမှာပါ။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သဘောထားကို ရေးပါမယ်။ (၃) ၂၀ ရာစုဥရောပကို အတုမယူနဲ့၊ အာရှနည်းအာရှဟန်ကို ၂ ဘက်စလုံးက လုပ်ရပါမယ်။ ၂၀ ရာစုတုန်းက ဥရောပမှာ တိုးတက်ဖွံ့ဖြိုးနေတဲ့နိုင်ငံတွေ စုပြုံပြီး ရှိနေတယ်။ ရန်ဖြစ်ကြတယ်။ နယ်မြေလုကြတယ်။ စစ်ကြီး ၂ ပွဲ ဖြစ်ကြတယ်။ (စစ်ကလေးတွေကတော့ တခြိမ်းခြိမ်းတိုက်တယ်။) အဲဒီတော့ ကြားလူအမေရိကား ကောင်းစားဖို့ပဲ ဖြစ်သွားတာပဲ။ ၁၉၀၀ ပြည့်လောက်က ဘာမှမဟုတ်တဲ့ အမေရိကား (USA) ဟာ ၁၉၄၅ မှာ ထိပ်သီးကြီး ဖြစ်သွားတယ်။ ဥရောပကတော့ ဒုတိယတန်း၊ တတိယတန်း ကျသွားတယ်။ ဥရောပသမဂ္ဂ EU ဆိုပြီး ဖွဲ့တော့လည်း ပြဿနာတွေက လွယ်လွယ်မပြီးဘူး။

ရှေ့တလှမ်းတက်မလိုဖြစ်လိုက် နောက် ၂ လှမ်းဆုတ်လိုက် ဖြစ်နေတာပဲ။ အခုတော့ လစ္စဘွန်းစာချုပ် (မူကြမ်း) ချုပ်ပြီးပြီ။ အတည်ပြုကြဖို့ လိုသေးတယ်။ (USA) လို (USE) ဖွဲ့ဖို့ကတော့ အဝေးကြီးပဲ။ ဖြစ်ကိုမဖြစ်နိုင်တာလို့ ထင်ပါတယ်။ သမိုင်းချင်း မတူလို့ပါ။ အာရှကတော့ ဥရောပသမဂ္ဂ (EU) လောက်တောင် မှန်းလို့မရပါဘူး။ ဥရောပနဲ့အာရှသမိုင်းက တူမှမတူကြပဲ။ ဖြစ်နိုင်တာက ၂ နိုင်ငံ သို့မဟုတ် ၃ – ၄ နိုင်ငံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေရေး၊ မိတ်ဆွေဖြစ်ရေးပဲ ဖြစ်နိုင်တယ်။ အရင်းရှင်စနစ်ကမ္ဘာမှာ ဒီထက်ပိုပြီးမှန်းလို့ မရပါဘူး။ မှန်းရင်တော့ ကျွမ်းပြန်ကျမှာပဲ။ 'အရှေ့အာရှတိုက်သားများ သာတူညီမျှကောင်းစားရေး' ဆိုပြီး ဂျပန်လို စစ်နဲ့တိုးချဲ့ချင်လို့ရှိရင် ဂျပန်ကျ ကျမှာပဲ။

အင်ဒီယာဂန္ဒီက လာမယ့် ဆယ်စုနှစ်များမှာ တရုတ်နဲ့အိန္ဒိယဟာ ကမ္ဘာ့စီးပွားရေးမှာ အကြီးဆုံးနဲ့ တတိယအကြီးဆုံး နိုင်ငံတွေဖြစ်ရမယ်လို့ ပြောတယ်။ အဲဒါဟာ ဖြစ်နိုင်တာကို ပြောတာပဲ။ တကမ္ဘာလုံး ငြိမ်းချမ်းနေရင်တော့ ဖြစ်နိုင်ပါလိမ့်မယ်။ (၄) အိန္ဒိယအစိုးရက အမေရိကန်နဲ့ အနုမြူကိစ္စ စာချုပ်ချုပ်တယ်။ ဆိုနီယာက တရုတ်သွားတယ်။ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ရုရှားသွားတယ်။ အိန္ဒိယဟာ နိုင်ငံတကာ့ကြိုးတန်း လျှောက်နေပုံပါပဲ။

[redacted]




## ရုရှားသမ္မတပူတင်ရဲ့ အီရန်ခရီး



အမေရိကန်သမ္မတ ဘုရှ်က အီရန်ကို ရန်ရှာနေချိန်မှာ သွားတဲ့ခရီးဖြစ်တယ်။ အီရန်ကို နှိမ်မထားနိုင်ရင် တတိယကမ္ဘာစစ် ဖြစ်နိုင်တယ်လို့ ပြောနေစဉ်မှာ သွားတဲ့ခရီးဖြစ်တယ်။ ဘုရှ်ကို ဟန့်လိုက်တဲ့ ခရီးဖြစ်တယ်။ စစ်အေးလွန် ပျားရည်ဆမ်းချိန် ကုန်ဆုံးသွားပြီ ဆိုတာကို ဖော်ပြတဲ့ခရီးလည်း ဖြစ်တယ်။

ပြီးတော့လည်း ၁၉၄၃ တုန်းက စတာလင် တခါသွားပြီးကတည်းက နောက်ထပ်တခါမှ ရုရှားခေါင်းဆောင် မသွားခဲ့ဘဲ အခုအချိန်ကျမှ ရွေးပြီးသွားတာဟာ ထူးခြားတယ်။ စတာလင်ရဲ့ခရီးက ဂျာမဏီကို ဘယ်လို ဝင်တိုက်ကြမလဲဆိုတာ ဆွေးနွေးဆုံးဖြတ်တဲ့ခရီး၊ အခုခရီးက အမေရိကန်ကို ဘယ်လိုအန်တုမလဲဆိုတာ ဆွေးနွေးကြပုံရတယ်။ ဟိုတုန်းကနဲ့မတူတာက ဒီခရီးက စီးပွားရေးဗဟိုပြုတဲ့ ဆွေးနွေးပွဲလုပ်ဖို့ဖြစ်တယ်။ ရေနံကြွယ်ဝရာ ကက်စပီယန် ပင်လယ်ပတ်လည်က အရင်းအမြစ်များကို ခွဲဝေကြဖို့ပဲ။

အမေရိကန်ရဲ့ အီရတ်စစ်ပွဲဟာ ရေနံရလိုမှုကြောင့် တိုက်တဲ့စစ်ပွဲဆိုတာကို သူတို့ (အမေရိကန်တချို့) ကိုယ်တိုင် ဝန်ခံထားပြီး ဖြစ်တယ်။ အမေရိကန်ရဲ့ ရေနံလောဘက ပါရှားပင်လယ်ကွေ့ ဝန်းကျင်မှာသာ ရပ်နေတာမဟုတ်ဘူး။ အနီးအနားက ကက်စပီယန်ဝန်းကျင်က ရေနံကိုပါ မျက်စောင်းထိုးနေတာ ဖြစ်တယ်။ နိုင်ငံကြီးတွေရဲ့ (ဒီနေ့ အဓိကပဋိပက္ခ) က ရေနံပါပဲ။

အခု ပူတင်ရဲ့ခရီးကြောင့် ရေနံနယ်ချဲ့ရေးလောဘကို ဟန့်တားခံရတာတော့ သေချာတယ်။ နောက် ဟန့်တားခံရတာက အမေရိကန်ရဲ့ အရှေ့ဥရောပမှာ ဒုံးခွင်းဒုံးချထားရေးဖြစ်တယ်။

ရုရှားကို ကျားသေလို့ သဘောထားကြရင် မှားလိမ့်မယ်ဆိုတာကိုလည်း နိုင်ငံတကာကို သတိပေးလိုက်သလို ရှိပါတယ်။ ။

## ကျူးဘားကို ပိတ်ဆို့ရန် ဆုံးဖြတ်ချက် ရုပ်သိမ်းပြီ

ကျူးဘားကို ပိတ်ဆို့ထားတာကြာပြီ။ ၁၉၆၂ ခုနှစ်ကထဲကဆိုတော့ ၄၅ နှစ်ရှိပြီ။ ပိတ်ဆို့တာကလည်း အိမ်နီးချင်း နိုင်ငံတွေအားလုံး (အားလုံး) က ပိတ်ထားတာဖြစ်တယ်။ အင်္ဂလိပ်လိုတော့ Embargo လို့သုံးတယ်။ ကုန်သွယ်တာတွေ၊ သင်္ဘော ဝင်ထွက်တာတွေကို ပိတ်ဆို့တာဖြစ်တယ်။ ကျူးဘားက ကျွန်းနိုင်ငံဆိုတော့ သူ့ခမျာ လှိမ့်ခံရရှာတယ်။

ဗမာပြည်ကို အရေးယူတဲ့ ဒဏ်ခတ်မှု Sanction ထက်ပြင်းထန်ပါတယ်။ အိမ်နီးချင်းတွေ အားလုံးက ဝိုင်းပြီးပိတ်ဆို့တာ ကျူးဘားက ကျွန်းနိုင်ငံကလေးဆိုတော့ ဘယ်လောက်ဒုက္ခရောက်လိုက်မလဲဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။

ရုပ်သိမ်းဖို့ ဆုံးဖြတ်တာက ကုလသမဂ္ဂအထွေထွေညီလာခံ UNGA က ဖြစ်ပါတယ်။ ရုပ်သိမ်းဖို့ ဘက်က (၁၈၄) နိုင်ငံရှိတယ်။ ကန့်ကွက်တာက (၄) နိုင်ငံ၊ ကြားနေ (၁)။ အမေရိကန်ကတော့ UNGA က ဘာပဲဆုံးဖြတ်ဆုံးဖြတ် သူကတော့ ပိတ်မြဲပိတ်မှာပဲတဲ့။ အမေရိကန်နဲ့ အိမ်နီးချင်းအားလုံးက ပိတ်တာကို (၄၅) နှစ်တိုင် ကြံ့ကြံ့ခိုင်ခိုင် ခံနိုင်ခဲ့တဲ့ ကျူးဘားက သိပ်တော့မှုမှာ မဟုတ်ပါဘူး။ ကမ္ဘာ့ဗိုလ်ကြီး ဩဇာကျတာပဲ အဖတ်တင်ပါလိမ့်မယ်။ ။

## တူရကီ – အီရတ် – အမေရိကန်နဲ့ PKK

အောက်တိုဘာလ ၂၁ ရက်နေ့က တူရကီနယ်စပ်မှာ ကဒ်အလုပ်သမားပါတီ (PKK) ရဲ့ ပြောက်ကျားတပ်ဖွဲ့တွေက ခြုံခိုတိုက်ခိုက်လို့ တူရကီစစ်သား ၁၂ ဦး ကျဆုံးခဲ့တယ်။ ဒီမတိုင်ခင် မေလ ၁၂ ရက်နေ့က ဘိုနီဗာခရိုင်လေဟာပြင်ဈေးမှာ ဗုံးတလုံးကွဲခဲ့လို့ လူတဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရခဲ့တယ်။ မေလ ၂၂ ရက်နေ့မှာလည်း အန်ကာရာမြို့အတွင်း ဗုံးတလုံးကွဲခဲ့တာကြောင့် ၆ ဦးသေဆုံးပြီး တရာကျော်ဒဏ်ရာရခဲ့တယ်။

အောက်တိုဘာ ၇ ရက်နေ့မှာ အီရတ်နယ်စပ်အနီးတွင် ခြုံခိုအတိုက်ခံရလို့ တူရကီစစ်သား ၁၃ ဦး ကျဆုံးခဲ့သေးတယ်။ ဒါကြောင့် အီရတ်မြောက်ပိုင်းနယ်စပ်မှာ အခြေပြုနေတဲ့ PKK ပြောက်ကျားတွေကို တူရကီစစ်တပ်က ဝင်တိုက်ခွင့်ကို အောက်တိုဘာ ၁၇ ရက်နေ့မှာ တူရကီပါလီမန်က အတည်ပြုပေးခဲ့တယ်။ ဒါကို အားစမ်းတဲ့အနေနဲ့ PKK က အောက်တိုဘာ ၂၁ ရက်နေ့မှာ ထပ်မံတိုက်ခိုက်ခဲ့တာလို့ ဆိုကြပါတယ်။ အီရတ်သမ္မတ (ကဒ်လူမျိုးဖြစ်) ကတော့ အီရတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင် နယ်မြေအတွင်း တူရကီစစ်တပ်တွေ ဝင်တိုက်မှာကို လက်မခံနိုင်ဘူးလို့ ကန့်ကွက်ပြောဆိုခဲ့တယ်။

ကဒ်လူမျိုးတွေဟာ စုစုပေါင်း သန်း ၃၀ လောက်ရှိပေမယ့် ကိုယ်ပိုင်နိုင်ငံမရှိဘဲ တူရကီ၊ အီရတ်၊ အီရန်၊ အာမေးနီးယားနဲ့ ဆီးရီးယားတို့မှာ ပြန့်နှံ့နေထိုင်ကြတယ်။ အဲဒီအထဲက လူဦးရေတဝက်ကျော်ကတော့ တူရကီနိုင်ငံမှာ နေထိုင်ကြတယ်။ ပထမကမ္ဘာစစ်အပြီး ၁၉၂၀ ဆာ့ဗ်ရက်စ်စာချုပ် (Treaty of Sevres) အရ အီရတ်၊ ဆီးရီးယားနဲ့ ကုဝိတ်စတဲ့နိုင်ငံတွေ ပေါ်ထွန်းလာခဲ့တယ်။ အဲဒီစာချုပ်မှာ ကဒ်နိုင်ငံတော်ဆိုတာလည်း ပါခဲ့ပေမယ့် အကောင်အထည်မပေါ်ခဲ့ပါ။ တူရကီမှာ ပဒေသရာဇ်မင်းကို ဖြုတ်ချပြီး အာတာတာ့ခ် အာဏာရလာပြီးနောက်မှာ တူရကီ၊ အီရန်နဲ့ အီရတ်တို့ဟာ လွတ်လပ်တဲ့ ကဒ်နိုင်ငံဆိုတာကို အသိအမှတ်မပြုကြဖို့ သဘောတူခဲ့ကြတယ်။

နိုင်ငံမဲ့ ကဒ်တွေဟာ အထက်မှာဆိုခဲ့သလို နိုင်ငံအသီးသီးမှာ ပြန့်နှံ့နေထိုင်ခဲ့ကြပြီး အမျိုးမျိုးသောဖိနှိပ်မှုတွေကို ခံခဲ့ကြရတယ်။




နိုင်ငံအသီးသီးမှာရှိတဲ့ ကဒ်လူမျိုးတွေဟာ သူတို့အမျိုးသားနိုင်ငံတော်တည်ထောင်ဖို့ ဆိုတဲ့ရည်ရွယ်ချက်နဲ့ ကဒ်လူမျိုးဆိုင်ရာ အဖွဲ့အစည်းတွေ ဖွဲ့စည်းခဲ့ကြတယ်။ တော်လှန်ပုန်ကန်မှုတွေလည်း ဆင်နွှဲခဲ့ကြတယ်။

၁၉၇၄ ခုနှစ်မှာ တူရကီနိုင်ငံရှိ ကဒ်တွေက ကဒ်အလုပ်သမားပါတီ (PKK) ဆိုတာကို ဖွဲ့စည်းထူထောင်ကြတယ်။ မာ့က်စ်လီနင်ဝါဒကို အခြေခံတယ်။ ကဒ်နိုင်ငံတော်ထူထောင်ရေး ရည်မှန်းချက်ထားရှိတယ်။ အစောပိုင်းမှာ ကျေးလက်ပြောက်ကျားစစ် ဆင်နွှဲကြပေမယ့် နောက်ပိုင်းမှာတော့ မြို့ပြတိုက်ပွဲတွေပါ ဆင်နွှဲလာကြတယ်။ ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက်မှာတော့ PKK ဟာလည်း ပြောင်းလဲမှုတွေ ဖြစ်လာတယ်။ လုပ်ကြံသတ်ဖြတ်မှုတွေလည်း လုပ်လာတယ်လို့ဆိုတယ်။ PKK ကို အမေရိကန်အပါအဝင် နိုင်ငံအချို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားတယ်။ အခုအချိန်မှာတော့ PKK ပြောက်ကျားတပ်ဖွဲ့ ၃၅၀၀ လောက်ဟာ အီရတ်နယ်စပ်မှာ အခြေပြုနေတယ်လို့ ဆိုပါတယ်။

တူရကီက အီရတ်နယ်ထဲမှာ အသေးစားစစ်ဆင်ရေးတွေတော့ ပြုလုပ်နေပါတယ်။ စစ်ဆင်ရေးကြီးတရပ် ဆင်နွှဲမယ်တကဲကဲလည်း ဖြစ်နေတယ်။ တူရကီစစ်သည် ၄၀၀၀၀ လောက်ဟာ စစ်ဆင်ရေးကြီးတရပ်ဆင်နွှဲဖို့ အသင့်ဖြစ်နေတယ်လို့ သတင်းတွေက ဆိုပါတယ်။ ဒါကို အီရတ်ကလည်းကန့်ကွက်နေပြီး အမေရိကန်ကလည်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ ပြောနေတယ်။ PKK ဟာ ၂ နိုင်ငံလုံးရဲ့ ရန်သူဖြစ်တယ်လို့လည်း ပြောဆိုခဲ့တယ်။

အခုလို အခြေအနေတွေရှုပ်ထွေးလာရတာဟာ အမေရိကန်က ဒီနယ်မြေမှာ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအရ ဝင်စွက်ဖက်ရာက ဖြစ်လာရတာပါ။ ၁၉၉၁ မှာ အီရတ်ကို အမေရိကန်က သဲကန္တာရမုန်တိုင်းစစ်ဆင်ရေး ဆင်နွှဲပြီးနောက်မှာ အီရတ်ရှိ ကဒ်တွေကို ဆက်ဒမ်ဟူစိန်ကို ဆန့်ကျင်ဖို့အတွက် အားပေးခဲ့တယ်။ ပုန်ကန်ထကြွမှုတွေလုပ်ဖို့ အားပေးခဲ့တယ်။ တကယ်ပုန်ကန်ထကြွတဲ့အခါမှာတော့ ကဒ်တွေဟာ မျှော်လင့်ထားသလို အမေရိကန်ဆီက အကူအညီမရတာကြောင့် ဆက်ဒမ်ဟူစိန်ရဲ့ ရက်ရက်စက်စက် ဖိနှိပ်သတ်ဖြတ်မှုကို ခံခဲ့ကြရတယ်။ လေကြောင်းမှ ဓာတုဗေဒ အဆိပ်ငွေ့တွေ ကြဲချခဲ့တယ်လို့ ဆိုတယ်။ အဲဒီအခါကျမှ အမေရိကန်က ကဒ်တွေနေထိုင်ရာ ဒေသအပေါ် အီရတ်လေယာဉ်တွေ ပျံသန်းမှုကို ပိတ်ပင်ခဲ့တယ်။ မပျံသန်းရဇုန် သတ်မှတ်ခဲ့တယ်။ ကဒ်တွေအတွက် လွတ်လပ်နယ်လေးသဖွယ် ဖြစ်လာတယ်။ တကယ်ကအမေရိကန်ကလည်း ကဒ်တွေရဲ့ နိုင်ငံတော်ပေါ်လာတဲ့အထိ ကူညီဖို့




ရည်ရွယ်ဟန်မရှိပါ။ ဆက်ဒမ်ဟူစိန်ကိုအကျပ်ကိုင်ဖို့အတွက်သာ ရည်ရွယ်ခဲ့ပုံ ပေါ်ပါတယ်။ ဒီလိုဖြစ်လာတာကို တူရကီက မလိုလားပါ။ အဲဒီနယ်မြေကို အခြေပြုပြီး သူ့နယ်မြေရှိကာဒ်တွေနဲ့ ပူးပေါင်းလှုပ်ရှားလာမှာကို စိုးရိမ်တာကြောင့် တူရကီတပ်ဖွဲ့တွေ အဲဒီနယ်အစပ်တွေမှာ ဝင်နေရာယူခဲ့တယ်။

၂၀၀၃ ခုနှစ်မှာ အီရတ်ကို အမေရိကန်က ရေနံလောဘနဲ့ ဖျက်အားပြင်းလက်နက်တွေရှိတယ်လို့ အကြောင်းပြပြီး ဝင်ရောက်သိမ်းပိုက်ခဲ့တယ်။ ဆက်ဒမ်ဟူစိန်ရဲ့ အနည်းစုဆွန်နီမူဆလင်အစိုးရ ပြုတ်ကျသွားတယ်။ အမေရိကန်က ရှိအာမူဆလင်နဲ့ ကာဒ်တွေကို နေရာပေးခဲ့တယ်။ ဒါပေမဲ့ အီရတ်မှာ အီရန်ရှိအာတွေ အားကောင်းလွှမ်းမိုးလာမှာကို စိုးရိမ်ရတဲ့အခြေအနေ ဖြစ်လာနေပြန်တယ်။ ပင်လယ်ကွေ့ဒေသမှာ အီရန်တွေ သြဇာကြီးလာမှာကို အမေရိကန်က မလိုလားပါဘူး။ အီရတ်မှာ ရှိအာတွေက လွှမ်းမိုးသွားရင် သူတို့ကတဆင့် အီရန်က သြဇာကြီးလာမယ်လို့ အမေရိကန်က ယူဆနေတယ်။ ဒါကြောင့် အခုတော့ ဆွန်နီ၊ ရှိအာနဲ့ကာဒ်တွေ အပြန်အလှန်ထိန်းညှိထားတဲ့ အီရတ်နိုင်ငံတော်ဖြစ်လာရေးကို ကြိုးပမ်းနေတယ်။ လက်ရှိ အီရတ်သမ္မတဟာ ကာဒ်လူမျိုးဖြစ်တယ်။

တဖက်မှာလည်း တူရကီနိုင်ငံဟာ အမေရိကန်ရဲ့ ရင်းနှီးတဲ့ မဟာမိတ်နိုင်ငံတနိုင်ငံ ဖြစ်ပါတယ်။ ဒါပေမဲ့ အီရတ်ကို ဝင်တိုက်တဲ့အခါတုန်းက အမေရိကန်တပ်တွေ တူရကီနယ်မြေကိုဖြတ်သန်းခွင့်ကို တူရကီက မပေးခဲ့ပါဘူး။ တူရကီကလည်း မူဆလင်ကမ္ဘာမှာ အမေရိကန်ရဲ့ လက်ကိုင်တုတ်အဖြစ် အမြင်မခံလိုပါ။ ဒါပေမဲ့ အီရတ်ရှိ အမေရိကန်တပ်တွေအတွက် အများစု ထောက်ပံ့ရေးကိုတော့ သူ့နယ်မြေဖြတ်ပြီး ပို့ဆောင်ခွင့်ပေးထားတယ်။

အခုလို အမေရိကန်ရဲ့ ရင်းနှီးတဲ့မဟာမိတ်နိုင်ငံဖြစ်တဲ့ တူရကီနဲ့ အမေရိကန်သိမ်းထားတဲ့အီရတ်နိုင်ငံအကြား PKK ကို အကြောင်းပြုပြီး တင်းမာမှုတွေဖြစ်လာနေတာကြောင့် အမေရိကန်အဖို့ အကျပ်ဆိုက်နေရတယ်။ ဒီပင်လယ်ကွေ့ဒေသဟာ ပြဿနာပေါင်းစုံ၊ ပဋိပက္ခပေါင်းစုံ ရှိနေတာ ဖြစ်ပါတယ်။ အမေရိကန်ဟာ ဒီပြဿနာတွေ ပြေလည်အောင်ဖြေရှင်းပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိဘဲ ကိုယ့်အကျိုးစီးပွား ကွက်ကွက်ကိုသာကြည့်ပြီး ဒီဒေသတွင်းရှိပဋိပက္ခတွေကို ဝင်အသုံးချခဲ့တာ ဖြစ်တယ်။ ဒီလိုနဲ့ ရှိရင်းစွဲပဋိပက္ခတွေ မပြေလည်တဲ့အပြင် ပိုမိုပြင်းထန်နက်ရှိုင်းလာခဲ့တယ်။ အခုတော့ အီရတ်ဒုက္ခအိုးကို ဖွင့်မိတဲ့ အမေရိကန်ဟာ အခု ပြဿနာအပါအဝင် ဒုက္ခပေါင်းစုံတွေ့နေရပြီဖြစ်တယ်။

## မှတ်ချက်မလိုတဲ့မှတ်ချက်

ကမ္ဘာ့ အင်္ဂလီကန် ခရစ်ယာန်ဂိုဏ်းကြီးရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဗြိတိန်နိုင်ငံ၊ ကင်တာဘာရီ ဂိုဏ်းချုပ်ကြီး ရော်ဝင်ဝီလျမ်းစ် (Rowan Williams) က အမေရိကန်နိုင်ငံဟာ အာဏာကို အသုံးပြုရာမှာ ဗြိတိန်နိုင်ငံအထွတ်အထိပ် ရောက်နေတဲ့ ကာလတုန်းကထက် ပိုဆိုးတယ်လို့ ပြောကြောင်း နိုဝင်ဘာလ ၂၅ ရက်နေ့ထုတ် ဆန်းဒေးတိုင်း သတင်းစာကြီးက ဖော်ပြလိုက်ပါတယ်။ “အမေရိကန်က အလျင်အမြန် အကြမ်းဖက်အင်အား သုံးတဲ့နည်းနဲ့ ရှင်းလင်းနေတာတွေဟာ အဆိုးဆုံးကမ္ဘာဆီကို ရောက်သွားစေတယ်”လို့ အပြစ်တင်လိုက်ပြီး အမေရိကန်ရဲ့ လူ့အခွင့်အရေးဆိုင်ရာ လုပ်ရပ်တွေနဲ့ပတ်သက်လို့ ပြောရာမှာတော့ သူက “အမေရိကန်ဟာ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ကစပြီး လူ့ကျင့်ဝတ်အရ အပေါ်စီးနေရာမှာ မရှိတော့ဘူး”လို့ ပြောခဲ့ပါတယ်။ နောက်ပြီး ဒါတဆက်ထဲမှာ “ကျွန်တော်တို့ အနောက်နိုင်ငံတွေရဲ့ လူသားဝါဒအပေါ် အနက်ဖွင့်မှုကလည်း အလုပ်မဖြစ်ဘူး”လို့လည်း ထောက်ပြပါတယ်။

# ပြည်တွင်းသတင်းသုံးသပ်ချက်



## ‘စက်တင်ဘာ အရေးအခင်း’

၂၀၀၇ ခုနှစ်မှာ အထူးခြားဆုံးဖြစ်ရပ်ကတော့ သံဃာတွေဦးဆောင်တဲ့ ဆူပူအုံကြွမှု ဖြစ်တယ်။ ပခုက္ကူသံဃာတွေ ဆန္ဒပြရာမှာ သက်ဆိုင်ရာဒေသ တာဝန်ခံတွေ အကိုင်အတွယ် မတတ်လို့ ကြီးကျယ်သွားရတာပါလို့ ဉာဏ်ဝင်းက ကုလသမဂ္ဂမှာ ပြောခဲ့တယ်။ ဒါဖြင့်ရင် ပိုကြီးကျယ်ခဲ့တဲ့ ရန်ကုန်စက်တင်ဘာအရေးအခင်းကျတော့ ဘယ်လိုပြောမလဲ။ နအဖ ထိပ်သီးတွေ တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းခဲ့တာပဲ။

၈ လေးလုံးတုန်းက မှိုင်း/ဆန်း ပုံတွေကိုင်ပြီး ဆန္ဒပြခဲ့တဲ့ ပြည်သူတွေကို ဗကပ အကြမ်းဖက်သမားတွေဆိုပြီး ပစ်သတ်ခိုင်းခဲ့တယ်။ ဒါက နဝတ –

ခုတခါ ‘လူအချင်းချင်း နှိပ်စက်ခြင်း၊ ကင်းရှင်းကြပါစေ၊ တို့မေတ္တာ ကမ္ဘာလွှမ်း ချမ်းကြပါစေ’ လို့ မေတ္တာပို့ပြီး ‘ဗုဒ္ဓရှင်တော်’ ပုံကို ကိုင်ဆောင်လာတဲ့ သံဃာ၊ သီလရှင်နဲ့ ကျောင်းသားပြည်သူတွေကျတော့ကော –တွေ့ကြတဲ့အတိုင်း ရိုက်နှက်ပစ်ခတ် သတ်ဖြတ် လိုက်ကြပြန်တယ်။ ဒါက နအဖ –

နဝတ – နအဖ ဘာမှမထူးဘူး။ နေဝင်းခြံထွက် တပည့်သားမြေးတွေချည်းပါ။

ရန်ကုန် စက်တင်ဘာအရေးအခင်းဟာ ရှောင်တခင်ကိစ္စ မဟုတ်။ တလလောက် အချိန်ယူပြင်ဆင်ပြီးမှ လုပ်လိုက်တဲ့ကိစ္စ ဖြစ်တယ်။ သာသနာရေးဝန်ကြီးလုပ်သူက ‘ဓမ္မစက်နဲ့ မရရင် အာဏာစက်နဲ့လုပ်မယ်’ လို့ ကြေညာတယ်။ နောက်ရက်မှာ နအဖ က ညမထွက်ရ အမိန့် ထုတ်တယ်။ ပုဒ်မ ၁၄၄ ထုတ်တယ်။ နောက်ရက် စက်တင်ဘာ ၂၆ ရက်နေ့မှာ မေတ္တာပို့ပြီး ချမ်းစွာစီတန်းလှည့်လည်လာတဲ့ သံဃာတော်တွေကို မျက်ရည်ယိုဗုံးသုံး၊ ပစ်ခတ်၊ ရိုက်နှက်ဖြိုခွဲခဲ့တာ ဖြစ်တယ်။ သူတို့ မယ်မယ်ရရ ဘာမှ အကြောင်းပြစရာမရှိ။ ထားသလိုမနေ – ခိုင်းသလို မလိုက်နာကြတဲ့အပြစ်ပဲ လက်ညှိုးထိုးပြစရာ ရှိတယ်။

အရေးတော်ပုံက တပြည်လုံးအနှံ့ တောက်လျှောက်ဖြစ်သွားခဲ့ပါတယ်။

ညမှာ ကျောင်းတိုက်တွေ ဝင်စီးကြတယ်။ ပစ်ခတ်သတ်ဖြတ်ခဲ့ကြတယ်။ သေဆုံး ဒဏ်ရာရ ဖမ်းဆီးခံရတဲ့ စာရင်းတွေ အမျိုးမျိုး ထွက်ပေါ်လာတယ်။ ဇ၂ ဇူလိုင် ၇ ရက် အရေးတော်ပုံ၊ ၈ လေးလုံး ကာလကလို အလောင်းတွေ ဖျောက်ဖျက်တဲ့ သတင်းတွေလည်း ပြန့်နှံ့လာခဲ့တယ်။

နအဖ ထုတ်ပြန်တဲ့ သေဆုံး၊ ဒဏ်ရာရ၊ ဖမ်းဆီးစာရင်းကတမျိုး။ (၁၅ ယောက်) ကုလသမဂ္ဂက ဆင်းနားလည်ယူကြည်တဲ့ စာရင်းက ၂ ဆ များနေတယ်။ (၃၁ ယောက်တဲ့) ဒါက နာမည်နဲ့ အခိုင်အမာရထားတာပဲ ရှိသေးတယ်။ ယုံကြည်လောက်တဲ့ တခြားအတည်ပြုဖို့ လိုသေးတဲ့ သေဆုံးသူတွေစာရင်း ကျန်သေးတယ်လို့ ဆိုတယ်။ ပျောက်ဆုံးသူ ၇၄ ယောက်ဆိုတာ ဒီအထဲပါဖို့ များပါတယ်။

ခုအထိ နအဖ လိပ်ပတ်လည်အောင် ဖြေရှင်းမပြနိုင်သေး။ လုံးချာလည်လိုက်နေဆဲ ဖြစ်တယ်။ မားကို့စ်၊ ဆူဟာတို၊ ပီနိုရှေး၊ ဖူဂျီမိုရီတို့လိုပဲ ရှောင်မလွတ်ပါဘူး။ တနေ့ ပေါ်ကြမယ့်ကိစ္စတွေပါ။ ဆွေစဉ်မျိုးဆက် ကျန်ရစ်သူ မိသားစုတွေ မျက်နှာငယ် လူတောမတိုးရဲ ဖြစ်ကုန်ကြမှာ သူတို့တတွေ မစဉ်းစားမိကြလေရော့သလား မသိ။

## ‘ငါးရှဥ့်တကောင်ကို ဝိုင်းဖမ်းခြင်း’

ဗိုလ်ခင်ညွန့်လက်ထက်ကတည်းက စစ်ရေးထိုးစစ်၊ နိုင်ငံရေးထိုးစစ်၊ သံတမန်ရေးထိုးစစ်နဲ့ တိုက်ဖျက်သွားမယ်လို့ ကြုံးဝါးခဲ့ဖူးတယ်။ ဘာပဲဖြစ်ဖြစ် သူ့လက်ထက် သံရေးတမန်ရေးဘက်မှာ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံတွင်းကိစ္စတွေနဲ့ပတ်သက်ပြီး ထိန်းသွားနိုင်ခဲ့တယ်။ သူပြုတ်သွားလို့ နှမျောနေတဲ့ အိမ်နီးချင်းနိုင်ငံတွေတောင် ရှိပါတယ်။

လက်ကျန်စစ်အုပ်စုကတော့ မလုပ်တတ်တာလား၊ လုပ်ဖို့မလိုဘူး ထင်လို့လားမသိ။ ကိုယ်ဖြစ်ချင်တာပဲ စွတ်လုပ်နေတာ တွေ့ရတယ်။ ဒ့ါကြောင့် နိုင်ငံတကာဖိအားက ကြီးသည်ထက် ကြီးလာခဲ့တယ်။

စက်တင်ဘာအရေးအခင်း ပေါ်လာတော့ နိုင်ငံတကာဝိုင်းဝန်းရှုတ်ချသံတွေ ပွက်လောရိုက်သွားပါတယ်။ ဒီအထဲက သူ့အမိကထား ဆက်ဆံနေတဲ့ နိုင်ငံတွေရဲ့ သဘောထားတွေကို ပထမကြည့်ပါမယ်။

တရုတ်က ဒီကိစ္စအတွက် စိတ်ပူမိကြောင်း၊ စောင့်ကြည့်နေကြောင်း၊ ပိုဆိုးမသွားရလေအောင် ထိန်းထိန်းချုပ်ချုပ် လုပ်သင့်တယ်၊ နည်းမှန်လမ်းမှန်နဲ့ ဆောင်ရွက်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ပြောထွက်လာပါတယ်။ တဦးတည်း အထီးကျန်နေရင် ဘယ်နိုင်ငံမှ မတိုးတက်နိုင်ကြောင်းလည်း သတိပေးပါတယ်။ နောက်ဆုံး ဂျပန်ဝန်ကြီးချုပ်ကို တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်က သူ့ဩဇာသုံးပြီး ဗမာပြည်အရေးကို ဆောင်ရွက်ပေးပါ့မယ်လို့ အာမခံလိုက်ပါတယ်။

နောက်ဆုံး ထွက်လာတဲ့သတင်းကတော့ “ဗမာပြည်ကိစ္စကို တာဝန်သိသိ လုပ်သွားမှာဖြစ်ကြောင်း” ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်တာ ဖြစ်တယ်။ သံတမန်စကားလုံး ဖြစ်ပေမယ့် တပါးသူပြည်တွင်းရေး ဝင်မစွက်ဘူးဆိုတဲ့ပေါ်လစီ ယိုင်လာတာပါပဲ။ ဒီအတိုင်းနေလို့ မရတော့ပါဘူး။

အိန္ဒိယသဘောထားကတော့ ‘စက်တင်ဘာအရေးအခင်းမှာ ခြေလွန်လက်လွန် လုပ်ခဲ့တာတွေ စုံစမ်းပေးဖို့၊ ပြဿနာတွေကို တွေ့ဆုံဆွေးနွေးဖြေရှင်းပေးဖို့’ တောင်းဆိုခဲ့တယ်။ ဂမ်ဘာရီလိုက်နဲ့တာ နည်းနည်းတော့ နဲ့လာတဲ့သဘောလားမသိ။ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းက ‘လူထုအပေါ် အကြမ်းဖက်တဲ့ စစ်အစိုးရကို ကန့်ကွက်ရှုတ်ချကြောင်း’ ဖော်ပြလိုက်တယ်။

အိန္ဒိယ တစစပြောင်းလဲလာတာကို သတိထားလာမိပုံရတဲ့ စစ်အစိုးရက တခြားအစိုးရတွေကို ခွင့်မပြုတဲ့ လိုက်လျောချက်တခု ပေးလိုက်တယ်ဆိုတဲ့ သတင်းတခု ထွက်လာတယ်။ ဒါကတော့ အိန္ဒိယသံအမတ်ကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ပြုခဲ့တယ်ဆိုတာပါပဲ။

ဒီကြားက အိန္ဒိယအစိုးအနေနဲ့ ဗမာပြည်ကို လက်နက်ခဲယမ်းတင်ပို့တာ ၂ နှစ် ရပ်ဆိုင်းထားမယ်လို့ ကြေညာလိုက်တယ်။

အာဆီယံနိုင်ငံတွေရဲ့ သဘောထားတွေကလည်း မတိမ်းမယိမ်းပဲ။ အာဆီယံတွင်းမှာ ပဲ့ပြင်ရခက်တဲ့ အသင်းသားတယောက် ဝင်နှောက်နေလို့ ပွက်စိပွက်စိဖြစ်နေတာကတော့ ကြာပါပြီ။ စက်တင်ဘာအရေးအခင်း ပေါ်လာတော့ ကြည့်မရဖြစ်နေတဲ့သူတွေက ပိုတင်းမာလာတယ်။ အမြဲတမ်း နအဖ ကို အကာအကွယ်ပေးတဲ့ အင်ဒိုချိုင်းနား ၃ နိုင်ငံဟာ ဆက်ကာကွယ်ဖို့ ခက်လာတယ်။ လေသံနည်းနည်း ပြောင်းသွားတယ်။ ကမ္ဘောဒီးယားကတော့ နအဖ ကို ‘ဟန့်’ တဲ့ ခြေလှမ်းတချို့ လှမ်းပြတယ်။ အလှည့်ကျဉက္ကဋ္ဌ စင်ကာပူက အာဆီယံ ကိုယ်စား ထုတ်ပြန်ရာမှာတော့ “စက်ဆုတ်ရွံရှာစရာ ကောင်းတယ်။ ပြည်တွင်းရေးသက်သက် မဟုတ်တော့ဘူး” စတဲ့ အသုံးအနှုန်းတွေ သုံးတဲ့အထိ ဖြစ်ခဲ့တယ်။ ဒ့ါကြောင့် ကုလသမဂ္ဂ ဗမာပြည်ဆိုင်ရာသံအမတ် ဦးကျော်တင့်ဆွေက “ဒီကိစ္စဟာ ဝမ်းနည်းစရာဖြစ်ပေမယ့် ဒေသတွင်းထိခိုက်မှုတော့ မရှိခဲ့ပါဘူး။” လို့ ကာကွယ်ခဲ့ရတာ ဖြစ်တယ်။

ဖိလစ်ပိုင်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေးရင် အာဆီယံပဋိညာဉ်စာတမ်းကို လက်မှတ်မထိုးဘူးလို့ တင်းခံထားတယ်။

လီကွမ်းယူ မှတ်ချက်ပြုရာမှာတော့ “ဗမာပြည်ရဲ့အခြေအနေဟာ ချိန်ကိုက်ဗုံးလို ဖြစ်နေတယ်။ ဒေသကို ထိခိုက်လာနိုင်တယ်” လို့ ဆိုတယ်။

ဒါကို နအဖ ဘက်ကလည်း ‘လုံခြုံရေးကောင်စီက ချမှတ်တာမှန်သမျှ ပြေလည်အောင် လုပ်ပါ့မယ်’ လို့ အာမမခံနိုင်ကြောင်း တန်ပြန်ခြိမ်းခြောက်ပါတယ်။

လီရှန်လွန်းက ‘တံခါးပိတ်နေချင်တဲ့နိုင်ငံကို လွှတ်ထားလိုက်ရုံပဲ ရှိတယ်’ လို့ ကဲ့ရဲ့မြီးတိုပြလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဒေသတွင်း နိုင်ငံတွေရဲ့ သဘောထားတွေ ချုပ်ကြည့်လိုက်ရင် နအဖ ရဲ့ လုပ်ရပ်တွေကို ဆန့်ကျင်တာမှာ တူကြတယ်။ နအဖ ဒီအတိုင်းသွားလို့မရ၊ အတိုက်အခံတွေနဲ့ စားပွဲဝိုင်းပေါ်ထိုင်ပြီး ပြဿနာတွေ ဖြေရှင်းသင့်တယ်ဆိုတာမှာ တူညီကြတယ်။ ဒေါ်အောင်ဆန်းစုကြည်အပါ ထိန်းသိမ်းခံ နိုင်ငံရေးသမားတွေလွှတ်ပေးဖို့ ဆိုတာမှာလည်း သဘောမကွဲကြဘူး။ ကုလသမဂ္ဂရဲ့ လုပ်ဆောင်ချက်ကိုလည်း အားလုံးက လက်ခံကြတယ်။

သို့သော် နအဖ ကို အရေးယူဒဏ်ခတ်မှုလုပ်တာကိုတော့ သဘောမတူကြပါဘူး။ ဒါကို နအဖ က အခွင့်ကောင်းယူနေတာပါ။

## နအဖ နဲ့ ကုလ

နအဖ ဟာ အိမ်နီးချင်းနိုင်ငံတွေကို နားရွက်တံတွေးဆွတ်တာတွေ လုပ်တတ်သလို ကုလသမဂ္ဂကိုလည်း ထိပ်ပုတ်ခေါင်းပုတ် လုပ်ခဲ့ပါတယ်။

သူ့အားကြီးလို့ လုပ်နိုင်နေတာတော့ မဟုတ်ပါဘူး။ သူက အာဏာရမက်ဇောကြောင့် မျက်စိက ကန်းနေပြီ။ ဒါ့ကြောင့်လည်း မျက်စိကန်းတစ္ဆေမကြောက် လုပ်နေတာပါ။ ရှက်လည်း မရှက်တတ်တော့ပါ။ သိန်းစိန်က ကတိတွေပေးလိုက်၊ ဝဏ္ဏမောင်လွင်က ငြင်းလိုက်၊ ဉာဏ်ဝင်းက အာမခံလိုက်၊ ကျော်တင့်ဆွေက ငြင်းလိုက် လုပ်နေပါတယ်။ လုပ်သမျှအားလုံးကို မျက်စိစုံမှိတ်ပြီး ခေါင်းရမ်းငြင်းနေတာကတော့ ကျော်ဆန်းတို့ပြန်ကြားရေးအဖွဲ့ပဲ။

ဒီလိုနဲ့ အဖမ်းအဆီးမလုပ်တော့ပါဘူး၊ မရှိတော့ပါဘူးလို့ တယောက်က ပြောလိုက်၊ ပါသွားပြန်ပြီ ၃ – ၄ ယောက် ဆိုတာမျိုး ဖြစ်နေပါတယ်။ ခု ဒီဇင်ဘာကုန်ခါနီးအထိ လက်ကုန်ကြဲပြီး ဖမ်းဆီးနေတုန်းပါ။

ဒါတွေကို လက်စွဲတော် ၂ ယောက်နဲ့တင် လွှတ်ထားလို့ မရမှန်း တွင်း/ချုပ် ဘန်ကီမွန်း သိပါတယ်။ ဒါ့ကြောင့်လည်း အလုပ်တွေ ဂျင်ခြေလည်နေတဲ့ကြားက ဝင်„ဝင်ပါနေတာ တွေ့ရတယ်။ ဗမာပြည်အခြေအနေအပေါ် စိတ်ပျက်လက်ပျက်ဖြစ်ရကြောင်း ညည်းပြလိုက်၊ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ စိတ်ရှည်သည်းခံမှု အတိုင်းအတာကုန်နေပြီလို့ စိတ်မရှည်သံပေးလိုက်၊ ဟိုအရင်တုန်းကလို သွားနေလို့ကတော့ လက်မခံဆိုပြီး သတိပေးလိုက် လုပ်နေရတယ်။

ဒါပေမဲ့ အာဆီယံကို “အဓိကအခန်းမှ ပါဝင်ပေးပါ” လို့ ဖြဟ္မာ့ဦးခေါင်းကြီးကို ပြန်လွှဲပေးလိုက်တာနဲ့ပဲ သူ့အစွမ်း ကုန်နေကြောင်း ပြသသွားပါတယ်။ အာဆီယံကလည်း သူမွေးတဲ့မျောက် သူ့ပြန်ခြောက်တာ ခံနေရလို့ ကုလကို အပ်ထားတာ တော်တော်တောင် ကြာခဲ့ပြီပဲ။

နအဖ တွင်း စည်းလုံးနေသမျှ (ဗွတ်တရွတ်သမားတွေ အာဏာကိုင်ထားနေနိုင်သမျှ) ဘယ်သူ့မှ ဂရုစိုက်မယ့်ပုံ မရှိပါဘူး။ ကုလသမဂ္ဂကိုယ်စားလှယ်ကိုတောင် တိုင်းပြည်က နှင်ထုတ်ပြလိုက်သေးတယ် မဟုတ်လား။

ဗမာပြည်ပြဿနာ ဖြေရှင်းဖို့လုပ်နေတဲ့ နိုင်ငံတွေ အခြေအနေနဲ့ နအဖ ရဲ့ အနေအထားကတော့ ၂၀၀၇ နှစ်ကုန်မှာ ဒီအတိုင်း တွေ့ရကြောင်းပါ။

– အိမ်နီးချင်းတွေနဲ့ တောင်ကိုးရီးယားက ကိုယ်ကျိုးစီးပွားအထိုင်ပေါ်က အေးအေးချမ်းချမ်းပြောင်းလဲလာမလားလို့ မယုတ်မလွန် လုပ်နေကြတယ်။

– အီးယူက ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာတခုအဖြစ် အလေးထားဝင်ပါနေရတယ်။ ဒီမိုကရေစီစံတန်ဖိုး ထိန်းလိုက် ကိုယ်ကျိုးစီးပွားကြည့်လိုက် လုပ်နေရတဲ့ အဖွဲ့ဝင်တွေလည်း အတော်အသင့်ပါနေတာ တွေ့ရတယ်။ ဂျပန်လည်း အလားတူပဲ။ ထမင်းတလုပ် တုတ်တချက်ပေါ်လစီ။

– စူပါပါဝါအမေရိကန်ကတော့ တရုတ်ပြည်နားကပ်ပြီး သြဇာထူထောင်ချင်တဲ့အခံနဲ့ ခြေချထားချင်တယ်။

လက်တွေ့ဖော်ပြရာမှာတော့ အမေရိကန်၊ အီးယူ (EU)၊ ကနေဒါ၊ သြစတြေးလျတို့က ခပ်ပြင်းပြင်း၊ ကျန်နိုင်ငံများက ခပ်ပျော့ပျော့ ကိုင်တွယ်နေကြတယ်။

ကုလသမဂ္ဂကျတော့ လုပ်ပိုင်ခွင့်အကန့်အသတ် ‘ဘောင်’ ရှိနေတယ်။ ဒီတော့ အားလုံးက ကိုယ်လိုသလို ပုံဖော်နိုင်တာမို့ ‘ထောက်ခံပါတယ်’ လို့ ဝိုင်းလုပ်လိုက်ကြတယ်။ ကုလသမဂ္ဂအနေနဲ့ကလည်း အလုပ်သဘောအရ ဆက်လုပ်နေရဦးမှာပါ။ ဂမ်ဘာရီတို့ သံပတ်ကုန်သလို ဖြစ်လာချိန်မှာ ‘မြန်မာပြည်ဆိုင်ရာ မိတ်ဆွေများအဖွဲ့’ ဆိုပြီး ၁၄ နိုင်ငံနဲ့ နောက်ခြေလှမ်းလှမ်းလာရပါတယ်။ ရှည်လျား

ပေများနေဦးမှာပါ။

ဒီအခြေအနေအောက်မှာ ဗမာပြည်ရဲ့ ဒီမိုကရေစီအရေးတော်ပုံ ရေစုန်မျောနေခြင်း ဖြစ်တယ်။ ဒီအထဲက စိတ်သက်သာစရာ ကြံဖန်ယူလိုကြချင်ရင်တော့ “ဗမာပြည်ရဲ့အခြေအနေ ပြောင်းလဲဖို့ဆိုရင် ဗမာပြည်သူများကိုယ်တိုင် လုပ်ကြရပါလိမ့်မယ်” ဆိုတဲ့ ကောက်ချက်ကို ခုမှ အများတကာ့အများစုကြီးက လက်ခံသွားကြခြင်း ဖြစ်တယ်။

## “ဂမ်ဘာရီ ပီညဲရိုးတို့ ယာယီအချုပ်ခံရခြင်း”

**ဗမာပြည်ဟာ အကျဉ်းထောင်ကြီး ဖြစ်နေပြီ။ လူဦးရေ သန်း ၅၀ ထဲမှာ ထောင်မှူးနဲ့ အကျဉ်းသား လူတန်းစား လူ့အလွှာ ၂ မျိုးပဲ ကွဲပြားတည်ရှိနေတယ်။**

ဒါက ပြည်သူလူထုရဲ့ ခံစားချက်ပါ။ ပြည်ပက ဒီလောက် ခံစားမပေးနိုင်ပါဘူး။

ကုလသမဂ္ဂကိုယ်စားလှယ်ကြီးများကိုယ်တိုင် (အစက) အကောင်းမြင်တွေ ကိုင်ထားကြပါတယ်။ ‘လုပ်လို့ရပါသေးတယ်’ ပေါ့။ ပြည်တွင်းတာဝန်ရှိသူ တချို့ကလည်း နအဖ က ဆွေးနွေးလိမ့်မယ်လို့ မျှော်လင့်ထားဆဲ။ ကုလကိုယ်စားလှယ် လာဖြေရှင်းမှာဖြစ်လို့ သူ့ကိုပဲ စောင့်တော့မယ့်သဘော ပြောခဲ့ကြတယ်။

ဂမ်ဘာရီ ရောက်လာပါပြီ။ (စက် ၂၉) ‘မြင်စမ်းစေချင် ဂမ်ဘာရီ’ ဆိုပြီး အချိန်ကိုက်ဆန္ဒပြပွဲတွေလုပ်ဖို့ ပြင်တဲ့သူက ပြင်ထားတယ်။ နအဖ က လုံခြုံရေးတွေ တင်းကျပ်လိုက်တယ်။ ကုလကိုယ်စားလှယ်ကြီးကို ကားထဲအလုံပိတ် ထည့်လိုက်ကာ ကြက်ပြေးဘက် ခေါ်ထုတ်သွားတယ်။ နောက် သိန်းစိန်၊ ကျော်ဆန်းတို့ရဲ့ တရားကို အနာခိုင်းခဲ့တယ်။

နောက်တနေ့ ရန်ကုန်ပြန်ခေါ်လာ၊ ညှော့ရိပ်သာမှာ အထိုင်ခိုင်းထား၊ ဒေါ်အောင်ဆန်းစုကြည် သွားအခေါ်ခိုင်းပြီး သူတို့ချင်း တနာရီလောက် စကားပြောစေခဲ့တယ်။

နောက်တနေ့ ဂမ်ဘာရီကို လားရှိုးဘက် ပို့လိုက်ပြန်တယ်။ မူဆယ်ဘက် ဂိတ်တွေ အလေ့လာခိုင်း (၂ နိုင်ငံ အေးချမ်းစွာ ဝင်ထွက်သွားလာပြီး လုပ်ငန်းမပျက် ရှိနေပါတယ်ဆိုတာ ခေါ်ပြခြင်းပါ) လားရှိုးမှာ ကြံ့/ဖွံ့ စွမ်းအားရှင် ဆိုသူတွေရဲ့ နအဖ ဘက်ကရှိကြောင်း တန်ပြန်ဆန္ဒပြပွဲကို ကြည့်ခိုင်းတယ်။ (နောက်ဆုံးအဆင့်ပြစရာ ကျန်တာကတော့ ‘တပ်မတော်နေ့’ ဆိုတာမှာ သူတို့ကို ချီတက်အလေးပြုရတဲ့ တပ်မတော် ‘စစ်ကြောင်း’ တွေ ပြန်ခေါ်ပြဖို့ပဲ ရှိပါတယ်)

အခရာကျတဲ့ (RM) လမ်းပြမြေပုံ ကိစ္စတွေမှာတော့ တက်သုတ်ရိုက်ပြီး လုပ်သွားတာ တွေ့ရတယ်။ အောက်တိုဘာ ၂ ရက်နေ့ ကျမှ နအဖ မင်းတြားကြီးကို ဖူးတွေ့ခွင့်ရ။ ခဏပါ။ ညနေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ၁၅ မိနစ်လောက် စကားပြောခွင့်ပေးပြီး ပြန်ပေတော့ပဲ။

ပြည်သူတွေကတော့ တာဝန်ကျေကြပါတယ်။ ရန်ကုန်မှာရော၊ နယ်မြို့တွေမှာပါ ဆက်ဆန္ဒပြကြတယ်။ ထောင်သောင်းချီတဲ့ အင်အားတွေနဲ့ပါ။

ပြည်သူတွေက ကုလကိုယ်စားလှယ်တော်ကြီးကို ကြိုဆိုလိုက်ပုံနဲ့ မတူတဲ့ နှုတ်ဆက်ပုံကို နအဖ က ပြသခဲ့တယ်။ ရန်ကုန် သာကေတဘက် ဘုန်းကြီးကျောင်းတွေကို ဝင်စီးပြီး ကန့်ကွက်သူတယောက်ကို ပစ်သတ်ပြလိုက်တယ်။

ဂမ်ဘာရီက သူ့ခရီးစဉ်မအောင်မြင်ကြောင်း ဝန်ခံခဲ့ရတယ်။

ဒုတိယအခေါက်မှာလည်း ဂမ်ဘာရီ တင်ပြတဲ့ အစီအစဉ်တွေကို လက်မခံဘဲ သူတို့တွေ့စေချင်တဲ့ သူတွေနဲ့ပဲ တွေ့ပေးတယ်။ ကျော်ဆန်းတို့အဖွဲ့ လက်ချာရိုက်တာကို သည်းခံနားထောင်နေရပုံ ပေါ်တယ်။ နောက်မှ ကုလသဘောထား၊ နိုင်ငံတကာလုပ်ထုံး လုပ်နည်းတွေနဲ့ မညီတဲ့ နအဖ ပြုမူဆောင်ရွက်ပုံတွေကို ထောက်ပြရတယ်။ ဖြစ်ရပုံမှာ ဂမ်ဘာရီကလည်း သန်းရွှေနဲ့ တွေ့ရမလားလို့ ၃ ရက်လောက် စောင့်ဆိုင်းနေရ။ NLD အပါ ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းတွေကလည်း ဂမ်ဘာရီနဲ့တွေ့ချင်လို့ မျှော်တလင့်လင့်။ ဒါပေမဲ့ မျှော်သာမျှော် မပေါ်လာ ဖြစ်သွားခဲ့ကြရတယ်။ ပြန်မယ့်နေ့ကျမှ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရသွားတယ်။ အခက် ၄ ချက်ပါ အမှာစကား သယ်ဆောင်သွားနိုင်ခဲ့တယ်။ ဒါကို အကျိုးတခုအဖြစ် ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ကျန်တဲ့နိုင်ငံရေး အင်အားစုတွေကတော့ အီလည်လည်ကြီး ဖြစ်ကျန်ရစ်ခဲ့ကြတယ်။

အကျိုးဆက်အနေနဲ့ နောက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးအောင်ကြည် တွေ့ကြတယ်။ နောက် NLD - CEC ၃ ယောက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ခွင့်ပေးတယ်။ ဒါပဲရှိတယ်။

**ပီညဲရိုး** – ရှေ့စဉ်နောက်ဆက်ဆိုသလို ကုလလူ့အခွင့်အရေးဆိုင်ရာ ကိုယ်စားလှယ် ပီညဲရိုး ရောက်လာတယ်။ မစားရဝခမန်း စကားတွေ

ကြွေးကြော်ခဲ့တယ်။ 'ဖိတ်လို့လာတာ။ အပြည့်အဝ ပူးပေါင်းမဆောင်ရွက်ဘူးဆိုရင် လေယာဉ်ပျံပေါ် ပြန်တက်ရုံပဲ။ သွားလိုတဲ့နေရာတွေ ပြောထားပြီးသား' တဲ့။

နအဖ က ပြင်ဖို့လိုတာတွေ ပြင်ထားပြီးသား။ ဒေါ်အောင်ဆန်းစုကြည်ခြံဝက အစောင့်တွေ ရုပ်ထားတယ်။ ရန်ကုန်မြို့ထဲ လုံခြုံရေး ချထားတာတွေ လျှော့ချလိုက်တယ်။ အင်းစိန်ထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေကို အိမ်ကပါဆယ်ထုပ်တွေ ပို့ခွင့်ပြုထားပြီးသား ဖြစ်တယ်။ (သို့သော် နယ်ထောင်တွေကို ဒီအခွင့်အရေးမပေး)

ပီညဲရိုးက တဖက်မှာ 'ရလဒ်ကောင်းတွေရမယ် မျှော်လင့်ကြောင်း' ပြောတယ်။ NLD ကလည်း ဘက်စုံတိုးတက်မယ့် အရိပ်အရောင်တွေ မြင်နေရပြီလို့ ထင်မြင်ချက်ပေးခဲ့တယ်။ ဒ့ါအပြင် နယ်စပ်ငြိမ်းဒေသတွေဘက်ကိုလည်း ဗိုလ်ရဲမြင့်ကိုလွှတ်ပြီး ကျေနပ်စရာစကားတွေ အပြောခိုင်းလိုက်တယ်။ "ဥက္ကဋ္ဌကြီးက မေးမြန်းလိုက်ပါတယ်။ ခင်ဗျားတို့နဲ့ လက်တွဲဆောင်ရွက်ခဲ့တာတွေ မမေ့ပါဘူး။ နောင်လည်း ဆောင်ရွက်သွားလိမ့်မယ် မျှော်လင့်ပါတယ်" ဆိုပြီး တခါမှ မပြောဖူးတဲ့ စကားကို နှုတ်ဖျားပျားရည်ဆွတ် ပြောခဲ့တယ်။ ဘယ်တော့လာအတိုက်ခံရမလဲ တထိတ်ထိတ်ဖြစ်နေတဲ့ ငြိမ်းအဖွဲ့တွေ ခဏတော့ စိတ်သက်သာသွားကြပုံရတယ်။ နအဖ ပြချင်တာက တတိုင်းပြည်လုံး ငြိမ်နေအေးဆေးနေပြီ ဆိုတာပါ။

ဒါပေမဲ့ တော်လှန်ရေးသတိရှိတဲ့ ဆရာကြီး ဒေါက်ဆာဆလိုင်းထွန်းသန်းကတော့ 'နိုင်ငံတကာအစိုးရတွေ အညာခံရဦးတော့မှာပဲ' တဲ့။

ကျွန်တော်တို့ကတော့ ပြည်တွင်းဒီမိုကရေစီဘက်တော်သား နိုင်ငံရေးပါတီတွေ အညာမိမှာပဲ စိုးရိမ်မိပါတယ်။

ချုပ်လိုက်ရင် ပီညဲရိုးလည်း သူလုပ်ချင်တာတွေ လုပ်ခွင့်မရ။

ကုလအထူးကိုယ်စားလှယ် ၂ ယောက်ကတော့ ဗမာပြည်ထဲ ဝင်လိုက်မှ "ဗမာပြည်ဆိုတာ အကျဉ်းထောင်ကြီးပါလား" ဆိုတာ သဘောပေါက်သွားပုံရပါတယ်။

ခုတော့ နောက်ထပ်ထောင်ဝင်ခွင့် ထပ်ရဦးမလားလို့ စောင့်နေကြလေရဲ့။

## "သိန်းစိန်အောင်ပွဲခံသွားသတဲ့လား"

အာဆီယံမှာ ဂမ်ဘာရီမိန့်ခွန်းပေးမယ့်ကိစ္စ ပျက်အောင်လုပ်နိုင်လို့ အသစ်ကျပ်ချွတ် ဝန်ကြီးချုပ် 'သိန်းစိန်အောင်ပွဲခံသွားတယ်' လို့ ထင်တဲ့သူတချို့ ရှိတယ်။ နအဖ ကတော့ ကျေသပ်ဂုဏ်ပြုထားမှာပါ။

ဒါပေမဲ့ ရေရှည်အမြင်ဘက်ကကြည့်ရင် အာဆီယံ (အထူးသဖြင့်) စင်ကာပူလီရှန်လွန်း မျက်နှာပျက်ခဲ့ရတယ်။ ဒီအတွက် နအဖ ကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်ဘူးဆိုတာ ပိုသိသွားပါတယ်။ အပြုသဘောဆက်ဆံမှုဆိုတာ စာတမ်းပဲ ကျန်ပါတော့မယ်။

UN ကို အားပေးထောက်ခံသွားမယ်ဆိုတဲ့ တရုတ်၊ အိန္ဒိယတို့ကလည်း အကွက်တွေ့ရင် ငါတို့ကို ရောင်းစားသွားမယ့်ကောင် ဆိုတာ ပိုသိသွားစေပါတယ်။ UN ကို သူတို့ ပံ့ပိုးမပေးနိုင်လေ သူတို့သိက္ခာကျလေ ဖြစ်တော့မှာပါ။

ဒါတွေကို တချိန်မှာ နအဖ စုခံရပါလိမ့်မယ်။

## 'ဆန္ဒပြတဲ့သံဃာက ၂% ပဲ ရှိတယ်' တဲ့လား။

နအဖ က သံဃာ့အရေးအခင်းမှာ ပါဝင်တဲ့ သံဃာတုသံဃာယောင်အရေအတွက်ဟာ ၂% ထက် မပိုပါဘူးလို့ သံကြောင်ဟစ်ခဲ့တယ်။

ဗမာပြည်မှာ ရဟန်းသံဃာ ၄ သိန်းကျော် ရှိပါတယ်။ အဲဒီအထဲက ၆၀% ကျော်ဟာ ဆန္ဒပြတဲ့အထဲ ပါခဲ့ကြောင်း သံဃာတွေဘက်က ထုတ်ပြန်တာ တွေ့ရတယ်။ ပြည်ပရောက်သံဃာတွေထဲက ရာခိုင်နှုန်း ဘယ်လောက်က ကံဆောင်ပွဲထဲပါဝင်ကြောင်း စာရင်းအတိအကျ ထွက်မလာသေးပါ။ ပြည်တွင်းထက် အချိုးအစားပိုမှာကတော့ သေချာပါတယ်။ ကြောက်စရာလန့်စရာမရှိ၊ စိတ်လွတ်ကိုယ်လွတ် ဆန္ဒဖော်ထုတ်နိုင်တာကိုး။

နောက်ဆုံးတွေ့ရတာက ပြည်တွင်းဆန္ဒဖော်ပြမှုဟာ နအဖ ဆန့်ကျင်မှု ထင်တာထက် ပိုခိုင်မြဲနေတာ တွေ့ရတယ်။ အောင်သောင်းနှပ်ပစ်ခံရတဲ့ ကျောက်ပန်းတောင်းဆွမ်းကျွေးပွဲနဲ့ အမရပူရမဟာဂန္ဓာရုံကျောင်းတိုက် အဖြစ်အပျက်ကြည့်ရင် သိနိုင်တယ်။ ရာခိုင်နှုန်း ၈၀

ကျော် ၉၀ က ကံဆောင်ပြလိုက်ခြင်း ဖြစ်တယ်။

နောက်ထင်ရှားတဲ့အချက်က 'သံဃာတပ်ပေါင်းစု' က အစိုးရကျင်းပတဲ့ ပထမပြန် စာမေးပွဲတွေကို သပိတ်မှောက်ဖို့ ဆော်ဩ လိုက်တာနဲ့ အများတကာ့အများစု သံဃာတော်များက လျှောက်လွှာမတင်ဘဲ နေပြလိုက်ကြတယ်။ ၈၀ ကျော် ၉၀% ထက် မနည်းနိုင်ပါဘူး။

နအဖ ဘယ်လိုစာရင်းလိမ်ပြမလဲ စောင့်ကြည့်ကြရပါမယ်။

**ဖိနှိပ်မှုက ကြီးတယ်။ ဒီတော့ တုံ့ပြန်မှုကလည်း ကြီးလာတယ်။**

## "အားလုံးတော်လှန်ရေးသမားတွေ ဖြစ်ကုန်ပြီ"

လွတ်လပ်ရေးခေတ် ဒီဘက်ပိုင်း ပါလီမန်ခေတ်မှာ သားသမီးတွေ နိုင်ငံရေးလုပ်ရင် မိဘတွေက တားတာများပါတယ်။

ဒီခေတ် ဒီလောက်သတ်၊ ဒီလောက်ဖမ်း၊ ဒီလောက်နှိပ်စက်နေတဲ့ကြားက မိဘပြည်သူတွေက သားသမီးတွေ တော်လှန်ရေးလုပ်တာ၊ နိုင်ငံရေးလုပ်တာကို ဂုဏ်ယူလာကြတယ်။ အားပေးကြတယ်။ ၈ လေးလုံးကာလတုန်းက တောခိုလာတဲ့ ကျောင်းသားလူငယ်တွေရဲ့ မိဘ အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင်တောင် ဖြစ်ခဲ့ကြတယ်။ ငါ့အိမ်က ဘယ်နှယောက်၊ မင်းအိမ်က ဘယ်နှယောက်၊ သူတို့အိမ်က တယောက်မှ မထွက်ဘူး ... စသည်။

ဦးသန့်အရေးအခင်းမှာ မပါဝင်ကြလို့ ဗိုလ်ခင်မောင်လေးက ဦးကျော်ငြိမ်းကို ကျုပ်အိမ်ကကောင်တွေ လွှတ်လိုက်ပြီ၊ ခင်ဗျား သားတွေ မထွက်ကြသေးဘူးလား၊ ထဘီဝတ်နေဖို့ ကောင်းတယ်ဆိုတာမျိုး ပြောတယ်ဆိုပဲ။ ဒါက အဆင့်တဆင့်ပဲ ရှိသေးတာကို ပြတယ်။

ဒီခေတ်က သားသမီးအဖမ်းမခံရင် မိဘဆွေမျိုးကို ဖမ်းတဲ့ခေတ်။ ဖိနှိပ်မှုက ကြီးတယ်။ ဒီတော့ တုံ့ပြန်မှုကလည်း ကြီးလာတယ်။ သားသမီးတွေ အဖမ်းခံရရင် မိဘတွေက ဂုဏ်ယူကြောင်း၊ မီဒီယာမှာ တက် 'ဟစ်' တယ်။ ဦးဂမ္ဘီရရဲ့မယ်တော် ပြောသံကြားရတာနဲ့ ကြက်သီးမွေးညှင်းထလောက်တယ်။

မိဘတွေလည်း ဝင်ပါလာကြတယ်။ နောက်ဆုံးတော့ သံဃာတော်တွေလည်း မနေသာတော့။ စာအံတာရပ် သပိတ်ကိုချပြီး လမ်းမပေါ် ထွက်ရတော့တယ်။

ကျန်တဲ့သူ ဘယ်သူရှိသေးလဲ။ ဟုတ်တယ်။ တပ်မတော်သားတွေပဲ ကျန်ပါတော့တယ်။ ဒီအတိုင်းသာသွားနေရင်တော့ 'ယုံတယ်' သူတို့လည်း မကြာမီ တခုခုလုပ်လာပါလိမ့်မယ်။

## နအဖ အတွင်း အပြောင်းအလဲများ

တိုင်းပြည် မငြိမ်မသက်ဖြစ်နေစဥ် ဝန်ကြီးချုပ်စိုးဝင်း သေတယ်။ တွင်း/၁ သိန်းစိန် ဝန်ကြီးချုပ် ဖြစ်လာတယ်။ သူ့နေရာကို စစ်ထောက်ချုပ် တင်အောင်မြင့်ဦးကို ခန့်တယ်။ ဉာဏ်ကြီးရှင်တချို့က သန်းရွှေနဲ့ မောင်အေးကြားမှာ အာဏာထိန်းညှိတဲ့သဘော ရှိတယ်လို့ စစ်တမ်းထုတ်ခဲ့ကြတယ်။ ဟုတ်ချင်လည်း ဟုတ်မယ်။ ဟုတ်ချင်မှလည်း ဟုတ်မှာပါ။

မိမိတို့ သတိထားမိတာက တွင်း/၁ နေရာမှာ လူပြောင်းနေတာပဲ တွေ့ရပြီး တွင်း – ၂၊ တွင်း – ၃ နေရာတွေ ပျောက်နေတာပဲ။ (၂) နဲ့ (၃) ထားလောက်တဲ့လူ နအဖ ထဲ မရှိတော့လို့လား။ လုပ်စရာအလုပ် များများစားစား မရှိတော့လို့လား။ ဂိုဏ်းအုပ်စု အပေးအယူ လုပ်မရသေးလို့လား။ စိတ်ကြိုက်တွေ့လောက်အောင် လုပ်မပြနိုင်ကြသေးလို့လား – စဉ်းစားစရာတွေ များပါတယ်။

ဗိုလ်ခင်ညွန့်က ၈ လေးလုံးမှာ လူစွမ်းပြပြီး တွင်း – ၁ နေရာ ယူတယ်။ ဗိုလ်စိုးဝင်းက ၈ လေးလုံးမှာ သင်လက်အဖြစ် လက်စလက်န ပြခဲ့တယ်။ မေ ၃၀ ကြည်ရွာလူသတ်ပွဲမှာ နံပါတ်ဝမ်းကြီးစိတ်ကြိုက် လက်စွမ်းပြနိုင်ခဲ့လို့ တွင်း – ၁ နေရာ တဆင့်တက်လာတယ်။ ဗိုလ်ခင်ညွန့်ပြုတ်တော့ ဝန်ကြီးချုပ် တက်ဖြစ်တယ်။ သေတော့လည်း မတန်မရာ နိုင်ငံတော်ဈာပနအဖြစ် ကျင်းပပေးပြီး သတင်းစာတွေထဲမှာ မျက်နှာပြည့်နာရေးကြော်ငြာတွေ ဆက်တိုက်ဖော်ပြပေးခဲ့တယ်။

တပ်ထဲမှာလည်း တိုင်းမှူးဖြစ်ချင်တဲ့သူ တော်တော်များပုံရတယ်။ နယ်စားပယ်စား အာဏာလည်းရှိ လက်ဖျားငွေသီးနေတဲ့နေရာမို့ မျက်စောင်းထိုးနေကြတာ မဆန်းလှဘူး။ ဒါကို အကွက်ယူ ကုလားဖန်ထိုးပြီး တိုင်းမှူး ၃ ယောက်ကို အထက်ကန်တင်လိုက်တယ်။ မျက်စောင်းထိုးနေကြတဲ့ သူတွေထဲက ၃ ယောက်ကို တိုင်းမှူးအသစ် ခန့်လိုက်တယ်။ ဒီမှာ တွေ့ရတာက လစ်လပ်သွားတာက ရာထူးတနေရာပါပဲ။

ဒါပေမဲ့ ရာထူးတိုးပေးလိုက်နိုင်တာက ဆင့်ကဲဆင့်ကဲနဲ့ ထိပ်တန်းရာထူးတွေမှာ ၁၀ ယောက် ကျော်သွားတယ်။ တွက်ကြည့်ပါ။

ဒါဟာ သူတို့ကို စားပေါက်ပေးပြီး ချွေးသိပ်လိုက်တာအပြင် တခြားအဓိပ္ပာယ်လည်း ရှိသေးတယ်လို့ ယူဆမိတယ်။ ဆက်ရန်ရှိသေးတဲ့ လူသတ်ပွဲတွေအတွက် သူ့တပ်ကို သူပြင်နေတာ မဖြစ်နိုင်ဘူးလား။ ရာထူးတိုးခါစ အရာရှိဆိုတာက မြောက်ကြွမြောက်ကြွနဲ့ ခိုင်းလို့ ကောင်းတတ်တယ်။ လက်မရွံ့တွေ တပ်ကိုအကိုင်ခိုင်းမှာ သေချာတယ်။

ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေသူတွေအနေနဲ့ အနစ်နာခံစွန့်လွှတ်စွန့်စားရုံနဲ့ မပြီး။ အောင်ပွဲယူနိုင်မယ့် တခြားနည်းလမ်းတွေကိုလည်း စဉ်းစားပြင်ဆင်ထားသင့်ကြပါပြီ။

## ‘စကားပြောပွဲ’

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်အောင်ကြည် စကားပြောတာ ၃ ကြိမ် ရှိပါပြီ။ သတင်းစာရှင်းလင်းပွဲမှာ အပြုသဘောတိုးတက်မှု ရှိပါတယ်လို့ ဗိုလ်အောင်ကြည်က ပြောသွားတာ တွေ့ရတယ်။ တဦးနဲ့တဦး နားလည်မှုယူတာ၊ အနာဂတ်အတွက် မူဘောင်တွေညှိနှိုင်းတာ၊ အစီအစဉ်မှာ ပါဝင်သင့်တဲ့ အကြောင်းအချက်တွေ စဉ်းစားတာဆိုတဲ့ ခေါင်းစည်းတွေနဲ့ ကိစ္စတခုစီ ‘လီ’ ပြီး တွေ့ခဲ့တယ်လို့ ဆိုတယ်။

မတတ်သာလို့ပဲတွေ့တွေ့၊ အကြောင်းပြချက်ရအောင်ပဲတွေ့တွေ့ တွေ့နေကြပါပြီ။ ဘာတွေပြောကြမှန်းတော့ မသိရသေး။

ပြောချင်တာ တခုပဲ ရှိပါတယ်။ တံခါးပိတ်စကားပြောတာမှာ ၂ ဘက် ပြောတာတွေကို နအဖ ကတော့ မှတ်တမ်းယူထားမှာပါ။ ၂ ဘက် ပြောတာတွကို အသံသွင်းထားဖို့ ကောင်းတယ်။ အသံသွင်းခွေတ်ပြားကို ၂ ဘက် ယူထားသင့်တယ်။ ၂ ဘက် သဘောတူမှ ထုတ်ပြန်ဖို့ပါ။

နအဖ က တဖက်သတ်ထုတ်ပြန်တာ၊ ညစ်ပတ်တာ မလုပ်နိုင်ဖို့ သတိရှိသင့်ပါတယ်။

အနေအထားကို ကြည့်ရတာကဖြင့် ရှင်းရှင်းလင်းလင်း ပြေပြေချောချော လုပ်နေတာ မတွေ့ရ။ တိုင်းပြည်ကောင်းဖို့ဆိုတဲ့ အရင်းခံ စိတ်ဓာတ် နအဖ မှာ ရှိပုံမပေါ်။ ဒီဇင်ဘာ ၃ ရက် သတင်းစာရှင်းလင်းပွဲကို ကြည့်ရင်ကို အထင်းသားတွေ့နေရတယ်။

ဗိုလ်ကျော်ဆန်းတို့၊ ရဲချုပ်ခင်ရီတို့က လှန့်ချီပေးတယ်။ ဗိုလ်အောင်ကြည်က မက်လုံးပြတယ်။ ဆန့်ကျင်ဘက် ၂ ခုကို တပြိုင်နက် ယှဉ်ထားတယ်။

နောက် ဗိုလ်ကျော်ဆန်းက စားခွက်လုခံရမှာ ကြောက်တဲ့လေသံနဲ့ ‘အမျိုးသားညီလာခံ (NC) ပြီးသွားပြီ။ NC မတက်တဲ့သူတွေ ဘာမှ ပြောပိုင်ခွင့်မရှိ။ တတိယအဆင့်တောင် ရောက်နေပြီ။ ရှေ့ကဟာတွေ အတည်ပြုပြီးသား ဖြစ်တယ်။ ပြင်ဆင်စရာ၊ ဖြည့်စွက်စရာ၊ ပယ်ဖျက်စရာ ဘာအကြောင်းမှ မရှိ’ ဆိုတဲ့သဘော ပြောလိုက်ပြန်တယ်။

ဒါပေမဲ့ အခြေခံဥပဒေအတည်ပြုရေးမှာ ဆန့်ကျင်တဲ့သူတွေလည်း မဲပေးခွင့်ပြုမယ်။ ရွေးကောက်ပွဲလုပ်တဲ့အခါ ယှဉ်ပြိုင်ခွင့်တောင် ပေးပါဦးမယ်လို့ ပြောပါသေးတယ်။ အဓိပ္ပာယ်က ငါတို့ပေးတဲ့ ပေးသလောက် ဒီမိုကရေစီပဲ ယူနိုင်တယ်လို့ ဆိုလိုက်တာပါ။ သနားတဲ့ အနေနဲ့လို့ ပြောချင်တဲ့သဘောပဲ။

သပိတ်ဝင်အိတ်ဝင် အားလုံးလုပ်၊ ခြေတွေလက်တွေ အားလုံးတုတ်နှောင်၊ ချောင်ထဲပိတ်လှောင်ထားပြီးမှ ပေးတဲ့ ဒီမိုကရေစီ။ ထမင်းတလုပ် တုတ်တချက်ဒီမိုကရေစီ ယူချင်ယူ၊ မယူချင် နေပဲ။

## လွှတ်ငြိမ်းခွင့်

အောက်တိုဘာ နောက်ဆုံးပတ်အတွင်းမှာ မျက်လုံး ကျယ်စရာ သတင်း ၂ ပုဒ် တပြိုင်နက်လို ပေါ်ထွက်လာတယ်။

တပုဒ်က ချီလီနိုင်ငံ၏ အာဏာရှင် ကွယ်လွန်သူ ဗိုလ်ချုပ်ကြီးပီနိုရှေးရဲ့ဇနီးနဲ့ သားသမီး ၄ ဦးကို အယူခံတရားရုံးက

*တိုက်ပွဲဝင်နေသူတွေအနေနဲ့ အနစ်နာခံ စွန့်လွှတ်စွန့်စားရုံနဲ့ မပြီး။ အောင်ပွဲယူနိုင်မယ့် တခြားနည်းလမ်းတွေကိုလည်း စဉ်းစားပြင်ဆင်ထားသင့်ကြပါပြီ။*

လွတ်ငြိမ်းခွင့် ပေးလိုက်တဲ့အမှု ဖြစ်တယ်။ ပီနိုရှေးမိသားစုဟာ သူတို့အာဏာရှိနေစဉ်အတွင်း အနည်းဆုံးပြည်သူ့ဘဏ္ဍာငွေ ဒေါ်လာသန်း ၂၀ ကို ပြည်ပဘဏ် စာရင်းတွေထဲမှာ သူတို့ ကိုယ်ပိုင်ငွေအဖြစ် လွှဲပြောင်းအပ်နှံထားခဲ့တဲ့ပြစ်မှု ဖြစ်တယ်။ (ဒေါ်ကြိုင်ကြိုင်နဲ့ လက်စွဲတော်ဦးတေဇတို့ အရေးအခင်းကာလအတွင်း ဓနတွေသိုကြဖုက်ကြဖို့ ကမ္ဘာပတ်ပြီး နေရာရှာခဲ့တယ်ဆိုတဲ့သတင်းနဲ့ ရှေ့ဆင့်နောက်ဆင့် ပေါ်လာတဲ့သတင်းမို့ ပိုစိတ်ဝင်စားမိခြင်းပါ။)

အထက်ပါ လွတ်ငြိမ်းခွင့်ပေးလိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး 'ရက်ဖွယ်ကောင်းတဲ့ ချီလီနိုင်ငံရဲ့ တရားရေးစနစ်' ဆိုပြီး အပြစ်တင်ခြင်း ခံခဲ့ရတယ်။ ပီနိုရှေးကိုယ်တိုင်လည်း လက်ဝဲဝါဒီတွေနဲ့ အတိုက်အခံတွေကို ရက်ရက်စက်စက်ညှင်းပန်းသတ်ဖြတ်မှု၊ ငွေအလွဲသုံးစားမှုနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များကို ခါးစည်းခံသွားရပါတယ်။

နောက်လွတ်ငြိမ်းခွင့်တမှုက ဖိလစ်ပိုင်သမ္မတဟောင်း အက်စ်တရာဒါ။ ပြည်သူ့ဘဏ္ဍာငွေ ဒေါ်လာသန်း ၈၀ ကျော်ကို အလွဲသုံးစားမှု ဖြစ်တယ်။ လက်ရှိသမ္မတအာယိုရိုက ဒါကို လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်လို့ ဖိလစ်ပိုင်သတင်းစာမီဒီယာတွေက ဝိုင်းဝန်းရှုတ်ချခဲ့ကြတယ်။

ဒီလို ပ,လပ်ခံလိုက်ရတာ၊ လွတ်ငြိမ်းခွင့်ပြုလိုက်ရတာတွေ အာရှမှာရော၊ ကမ္ဘာမှာပါ မနည်းမနော ရှိပါတယ်။ ခု ပီရူးက သမ္မတဟောင်း ဖူဂျီမိုရီ တရားခွင်တက်နေရပြီ။

ကျွန်တော်တို့ တိုင်းပြည်မှာလည်း သူတို့ထက်မညံ့တဲ့၊ သူတို့ထက် လက်စောင်းထက်တဲ့ အာဏာရှင်တွေ ရှိခဲ့ ရှိဆဲပါ။ တပ်ကို အသုံးချပြီး ပြည်သူတွေကို ထင်သလိုသတ်ခဲ့၊ ပြည်သူ့ဘဏ္ဍာငွေတွေကို ကြိုက်သလိုသုံးခဲ့တဲ့ သူတွေလည်း ဖြစ်တယ်။ ဗိုလ်နေဝင်း ရှိတယ်။ နဝတ၊ နအဖ ဗိုလ်ချုပ်တွေ ရှိတယ်။ ခု သန်းရွှေ ရှိတယ်။ သူကတော့ သတ်တာရော၊ ဘုံးတာရော တံခွန်စိုက်သူလို့ ပြောနိုင်ပါတယ်။

ဗိုလ်နေဝင်း၊ ဗိုလ်စိုးဝင်းတို့ ပြစ်မှုတွေဟာ ထင်သာမြင်သာရှိခဲ့တဲ့ အမှုတွေပါ။ ဒါပေမဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်တွေ ခံမသွားကြရပါဘူး။

ခု ဗိုလ်သန်းရွှေတို့ အာဏာလက်မလွှတ်ချင်တာ၊ ဆက်မိုက်နေကြတာတွေဟာ ဘာ့ကြောင့်လဲ။ ချုပ်လိုက်ရင် မသေခင် ပြစ်ဒဏ် ခံသွားရမှာ ကြောက်လို့။ သွေးစွန်းထားခဲ့တဲ့ စည်းစိမ်ဥစ္စာတွေ အသိမ်းခံရမှာ ကြောက်လို့ဆိုတဲ့ အချက် ၂ ချက်ဟာ အဓိကကျပါလိမ့်မယ်။

## ရှင်းလေရှုပ်လေ
## အိုးနင်းခွက်နင်း ကျော်ဆန်းတို့အဖွဲ့

ဒီဇင်ဘာ ၃ ရက်နေ့က ဒီနှစ်အတွက် နောက်ဆုံးသတင်းစာရှင်းလင်းပွဲ ကျင်းပသွားပါတယ်။ ကိစ္စကြီးတွေဖြစ်ပြီးစ ပူပူနွေးနွေးမို့ သူတို့ဘက်က တော်တော်ပြင်ဆင် မောင်းတင်ထားပုံရတယ်။ စကားအပြောအဆို လည်ပတ်တယ်ဆိုတဲ့ ဗိုလ်အောင်ကြည်ကိုထည့်ပြီး မဲတင်းထားတာလည်း တွေ့ရတယ်။

မျက်နှာပြောင်ပြောင်နဲ့ 'ပြောင်' ငြင်းတာတွေ ကြားရတော့ အံ့သြကုန်နိုင်ဘွယ် ဖြစ်ကြရတယ်။ 'ငြိမ်းချမ်းစွာဆန္ဒပြသူတွေကို အရေးမယူပါဘူး' ဆိုပဲ။ ဝတ်ချတောင်းပန်နေတဲ့ ဘုန်းတော်ကြီးတပါးကို ရိုက်ချလိုက်တာ။ ရုပန်သတင်းထောက်ကို အနီးကပ်ပစ်သတ်တာ။ ငြိမ်းချမ်းစွာ မေတ္တာပို့ စီတန်းလမ်းလျှောက်လာတဲ့ ဘုန်းတော်ကြီးကို အကြမ်းဖက် ပစ်ခတ်ရိုက်နှက်ဖြိုခွဲနေတာကို ရန်ကုန်မြို့သူ မြို့သားတွေ သာမက ဖန်သားပြင်ကတဆင့် တပြည်လုံး၊ တကမ္ဘာလုံးက မြင်နေကြားနေမှန်းသိလျက်နဲ့ ပြောရဲတာကို အံ့သြကြတာပါ။

စက်တင်ဘာအရေးအခင်းဟာ အသေးအဖွဲ့ကိစ္စလို့လည်း ပြောပြန်တယ်။ ကမ္ဘာ့ထိပ်တန်းသတင်းအဖြစ် ရက်ဆက်ထုတ်လွှင့်နေရတဲ့ ဖြစ်ရပ်ကို ဒီလို အကဲဖြတ်လိုက်တာမှာ နှိုင်းယှဉ်ချက်အရ မှန်တယ်လို့ ပြောရမလားပဲ။ ဟုတ်ပါတယ်။ အသေအပျောက်မှာ ဇူလိုင်အရေးအခင်း၊ ၈ လေးလုံးအရေးအခင်း၊ တောင်တန်းဒေသတွေမှာ လတ်တလောသတ်နေတာတွေနဲ့စာရင် မပြောပလောက်ပါဘူး။

နောက် သူတို့ကြိုက်သလို လုပ်လိုက်ပြီဆိုတဲ့သဘောနဲ့ "ဖွဲ့စည်းပုံမူကြမ်း" ရေးဆွဲဖို့အဖွဲ့ ဖွဲ့ပြီးကြောင်းကြေညာတယ်။ ဒါက UN တောင်းဆိုချက်၊ အာဆီယံနဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ တောင်းဆိုချက်ကို ပယ်ချလိုက်ကြောင်း ပြသလိုက်တာပါ။ သူတို့ဆန္ဒ မပြောနဲ့ ရေးဆွဲရမယ့် သူတွေရဲ့ ဆန္ဒတောင် ဂရုမစိုက်ပါဘူး။ ကိုယ့်နာမည် သတင်းစာထဲတွေ့ရမှ ('ဟ' ငါပါနေပါကလား) သိရသူတွေ မနည်းလှဘူးဆိုပဲ။

ဂမ်ဘာရီကို အရေးအခင်းမှာ ၁၅ ယောက် သေတယ် ပြောထားပြီးမှ လူပုံအလယ်မှာ ၁၀ ယောက်ပဲ သေတယ်လို့ ရဲချုပ်လုပ်သူက ရှင်းတယ်။ ဒီမှာ ထပ်ဆင့်မေးခွန်းတွေ လိုက်လာပါတယ်။ အထူးသဖြင့် အေပီသတင်းဌာနမှ ဒေါ်အေးအေးဝင်းရဲ့မေးခွန်းတွကို သူ့ခမျာ ချွေးပျံ အောင် လုံးချာလိုက်ဖြေနေရပါတယ်။

နောက် သူတို့ဘယ်လောက်တော်ကြောင်း ကြွားချင်လို့ 'ဖော်ထုတ်တွေ့ရှိချက်များ' ဆိုပြီ တခမ်းတနား တင်ပြပါတယ်။ ဒီတော့မှ ဘာသာတရားကို ကာကွယ်တဲ့ ဘုန်းတော်ကြီးတွေ ဘယ်လောက်ကြိုးပမ်းခဲ့ကြတယ်။ မျိုးချစ်ပြည်ချစ်ကျောင်းသားတွေ ဘယ်လိုကြိတ်စုဖွဲ့

လှုပ်ရှားကြတယ်၊ ပြည်ပရောက် ဒီမိုကရေစီဘက်တော်သားတွေ ဘယ်လောက်ထိထိရောက်ရောက် လုပ်နေကြတယ်ဆိုတာ ပုံပေါ်လာပါတယ်။ သူ့ရဲကောင်း ဘယ်သူဆိုတာ မီးမောင်းထိုးပြပေးသလို ဖြစ်နေတယ်။ ဒီလို စွန့်လွှတ်စွန့်စား လုပ်ရဲကိုင်ရဲတဲ့ သူတွေကို လူတွေက အားကျကြပါတယ်။

ဥပဒေချိုးဖောက်တယ်ဆိုတဲ့ NLD နဲ့ပတ်သက်လို့ကျတော့ သူတို့ဘက်က ‘စိတ်ရှည်တယ်၊ သဘောထားကြီးတယ်၊ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်တယ်’ လို့ ဆိုပါတယ်။

အာဏာဖေးပြတိုက်ခံထားရတဲ့ NLD ဘက်က ဘယ်လိုခံစားကြသလဲတော့ မသိ။ ကျန်တဲ့သူတွေကတော့ ‘ဒါလားကွ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်တာ’ ဆိုပြီး ဖနောင့်နဲ့ ထပေါက်ချင်နေကြပါတယ်။

လမ်းပြမြေပုံ တတိယအဆင့် – အခြေခံဥပဒေမူကြမ်းရေးဆွဲရေးမှာ အနှောင့်အယှက်အဟန့်အတားတွေ ရှိလာရင် ကြန့်ကြာသွားလိမ့်မယ်လို့လည်း ခြိမ်းခြောက်လိုက်ပြန်တယ်။

ဒါက ‘မပြောမရှိနဲ့’ ဆိုတဲ့သဘော ဖြစ်တယ်။ နောက်တပွဲအတွက် တာစူနေတဲ့ ပြည်သူတွေကို အရေးယူနိုင်ဖို့ အကြောင်းပြစရာ ရှာထားတာလည်း ဖြစ်တယ်။ သူတို့ဟာ လမ်းပြမြေပုံ ကျန်တဲ့အဆင့်တွေမှာလည်း တဆင့်စီ ညစ်ပတ်နေဦးမယ်ဆိုတာ ဒီစကားတွေကြည့်ပြီး သိနိုင်ပါတယ်။

## နိဂုံး

၂၀၀၇ ခုနှစ် ကုန်ဆုံးခဲ့ပါပြီ။ စက်တင်ဘာအရေးအခင်းဟာ ထင်ရှားတဲ့ဖြစ်ရပ် တခုပဲ။ နအဖ အတွက် ပြင်းထန်တဲ့ ထိုးနှက်ချက်ပါ။ ဒါပေမဲ့ နအဖ ယန္တရား တည်ငြိမ်ဆဲ ဖြစ်တယ်။ ဒီနှစ်အတွင်း ကိုယ့်သိက္ခာကိုယ်ငဲ့ပြီး တပ်သက်စေ့နေပြီဖြစ်တဲ့ မူရှာရပ်ဖ်တို့၊ ဆွန်သီတို့ တပ်က အနားယူခဲ့ကြတယ်။ စစ်ဦးစီးချုပ် အသစ်တွေ တက်လာတယ်။ ဗမာပြည်က (နှစ်ချို့ပိုးထိုး) သန်းရွှေ – မောင်အေးတို့ကတော့ တုတ်တုတ်မှ မလှုပ်၊ မှိန်းနေဆဲ ဖြစ်တယ်။

ကတိအတိုင်း တနှစ်အကြာမှာ ထိုင်းအာဏာသိမ်းအဖွဲ့က လွတ်လပ်တဲ့ ရွေးကောက်ပွဲ ကျင်းပပေးလိုက်တယ်။ ပါကစ္စတန်ကလည်း ရွေးကောက်ပွဲအတွက် မဲဆွယ်တရားပွဲတွေတောင် ကျင်းပနေပါပြီ။ သူတို့လည်း စစ်အာဏာရှင်တွေမို့ စောင့်ကြည့်ရပါဦးမယ်။

ဘယ်နေရာမှာ ဘာပဲဖြစ်ဖြစ် အာဏာယူထားတာ နှစ် ၂၀ လောက် ကြာနေပြီဖြစ်တဲ့ နအဖ ကတော့ ‘ရှုတ်ရှုတ် ရှုတ်ရှုတ် မလုပ်နဲ့။ ထပ်ကြာသွားလိမ့်မယ်’ လို့ ကြိမ်းမောင်းကောင်းတုန်း ရှိပါသေးတယ်။

ဒါကြောင့်လည်း နှစ်သစ် (၂၀၀၈) မှာ ပွဲကြီးပွဲကောင်းတွေ လာဦးမှာ မုချမလွဲပါ။